၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## ခန္ဓာငါးပါးကို မပြတ်ရှုမြင်

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ် ရှုမြင်ရသောပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ - ၁၁၃)

၁၃၇၉ ခုနှစ်၊ နယုန်လကွယ်နေ့ | ၂၀၁၇ ခုနှစ်၊ ဇွန် ၂၃ ရက်၊ သောကြာနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၆၃)

# တတိယအကြိမ် အာရှ - ပစိဖိတ် ရေညီလာခံကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## ညီလာခံအောင်မြင်စွာကျင်းပနိုင်ရန် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဝိုင်းဝန်းပံ့ပိုးကူညီ



**နေပြည်တော် ဇွန် ၂၂**

တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ် (သတင်းစဉ်)

### မှတ်သားဖွယ်ရာ မိုးရေချိန်

၂၂-၆-၂၀၁၇

| | | | | |
|---|---|---|---|---|
| သံတွဲမြို့ | ၇ | ဒသမ | ၆၃ | လက်မ |
| ကျောက်ဖြူမြို့ | ၅ | ဒသမ | ၃၅ | လက်မ |
| ပင်လောင်းမြို့ | ၄ | ဒသမ | ၀၂ | လက်မ |
| ရေးမြို့ | ၄ | ဒသမ | ၀၂ | လက်မ |
| ထားဝယ်မြို့ | ၃ | ဒသမ | ၇၈ | လက်မ |
| ပူတာအိုမြို့ | ၃ | ဒသမ | ၄၅ | လက်မ |
| အမ်းမြို့ | ၃ | ဒသမ | ၂၇ | လက်မ |
| လောင်းလုံမြို့ | ၂ | ဒသမ | ၉၉ | လက်မ |
| မောင်တောမြို့ | ၂ | ဒသမ | ၉၆ | လက်မ |
| ရွှေကျင်မြို့ | ၂ | ဒသမ | ၉၆ | လက်မ |
| ခန္တီးမြို့ | ၂ | ဒသမ | ၇၆ | လက်မ |

### မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် ဇွန် ၂၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် ခြောက်ပေမှ ရှစ်ပေခန့်၊ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တွင် ခုနစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။ **(မိုး/ဇလ)**

### ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Black Sea Fleet ရေတပ်စခန်း ဌာနချုပ်မှ Vice Admiral နှင့် တွေ့ဆုံဆွေးနွေး

စာ » ၄



### မြောက်ကိုရီးယား၏ နျူကလီးယားပြဿနာကို ဂျပန်နိုင်ငံမှငါးဖမ်းလုပ်သားများ တွေ့ဆုံဆွေးနွေးမှုပြုလုပ်

စာ » ၁၀



မြန်မာ့အလင်း

# ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး

မည်သည့်ကိစ္စရပ်မဆို စနစ်တကျဆောင်ရွက်နိုင်ရေးသည် အသက်သွေးကြောလိုအပ်ချက်ဖြစ်ပါသည်။ စနစ်တကျဆောင်ရွက်နိုင်စွမ်းရှိမှသာ အပိုင်းကဏ္ဍအလိုက် သက်ဆိုင်ရာတာဝန်တို့ကို ထမ်းဆောင်နိုင်မည်ဖြစ်ပြီး စနစ်တစ်ရပ်လုံး ချောမောစွာလည်ပတ်နိုင်မည်ဖြစ်ပါသည်။ တိုင်းပြည်၏စီးပွားရေးကိုလည်ပတ်စေမည့် ကုန်သွယ်ရေးကိစ္စ၌ စနစ်တကျလည်ပတ်နိုင်ရေးကို အကျအနစီမံဖန်တီးပေးရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ တစ်ပါတီဦးဆောင်သော ဗဟိုချုပ်ကိုင်သည့် စီမံကိန်းစီးပွားရေးစနစ်ကို ကျင့်သုံးခဲ့သည်ဖြစ်၍ အဆိုပါကာလအတွင်း ပုံသဏ္ဌာန်မမှန်သော (တစ်နည်း) စနစ်တကျမရှိသော ကုန်သွယ်ရေးလုပ်ငန်းတို့သာ ဖြစ်ထွန်းခဲ့ရပါသည်။ ၁၉၈၈ ခုနှစ်လွန်ကာလ၌လည်း အမျိုးမျိုးသော အကြောင်းတရားတို့ကြောင့် မြန်မာနိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးစနစ်နှင့် ထိထိရောက်ရောက် ချိတ်ဆက်နိုင်စွမ်းမရှိခဲ့ခြင်းသည် သမိုင်းအရှိတရားဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုလုပ်ငန်းတို့ကို ကမ္ဘာ့ကုန်သွယ်ရေးစနစ်၏ လုပ်ထုံးလုပ်နည်းတို့နှင့်အညီ စနစ်တကျ လည်ပတ်နိုင်စွမ်းရှိစေရန် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဤလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် မြန်မာနိုင်ငံကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးဆိုင်ရာ သဘောတူညီချက်အား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ **(WTO)**နှင့် အစိုးရဌာနများက ပူးပေါင်းရေးဆွဲကြမည်ဟု သိရှိရပါသည်။ အဆိုပါ သဘောတူညီချက်အရ ပုဂ္ဂလိကကုန်သည်တို့သည်လည်း ပွင့်လင်းမြင်သာမှုရှိရေးနှင့် မျှတမှုရှိရေးဟူသော အခြေခံမူတို့နှင့်အညီ စည်းကမ်းတကျဆောင်ရွက်နိုင်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်ကြရမည် ဖြစ်ပါသည်။

ဖွံ့ဖြိုးလာသော ကုန်သွယ်မှုလုပ်ငန်းတို့အပေါ်အခြေခံ၍ ရသင့်ရထိုက်သော အကောက်ခွန်တို့ကို စနစ်တကျကောက်ခံနိုင်ရေးသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကုန်သွယ်ရေးနှင့်သက်ဆိုင်သော အကောက်ခွန်လုပ်ငန်းတို့ကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်စွမ်းရှိရမည်ဖြစ်ပါသည်။ ဤလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်း ပုဂ္ဂိုလ်တို့နှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား ညှိနှိုင်းရန်နှင့် အကြံဉာဏ်များစုစည်းရယူရန် လက်တွဲဖော် လက်တွဲဖက်တို့၏ ဆွေးနွေးညှိနှိုင်းမှု **(Dialogue Partnership)** ကို ဖန်တီးဖော်ဆောင်ပေးရမည် ဖြစ်ပါသည်။ အထက်၌ ဖော်ညွှန်းတင်ပြခဲ့သော လုပ်ငန်းစဉ်တစ်ရပ်လုံးအတွက် ကမ္ဘာ့ဘဏ်မှ နည်းပညာအကူအညီပေးမည်ဖြစ်၍ အားတက်စရာခြေလှမ်းများဟု ဆိုချင်ပါသည်။

ပြည်ပသို့ ကုန်ပစ္စည်းတို့တင်ပို့ခြင်းနှင့် ပြည်ပမှ ကုန်ပစ္စည်းတို့တင်သွင်းခြင်းဟူသော လုပ်ငန်းစဉ်တစ်ရပ်လုံး၌ ရိုးရှင်းလွယ်ကူခြင်း၊ ခေတ်မီခြင်းနှင့် တစ်ညီတစ်ညွတ် တစ်ပုံစံတည်းရှိခြင်းဟူသော ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးဆိုင်ရာ သဘောတူညီချက် **(Trade Facilitation Agreement - TFA)** ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ **(WTO)**၏ အဖွဲ့ဝင်သုံးပုံနှစ်ပုံသဘောတူညီချက်ဖြင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့၌ အတည်ပြုပြဋ္ဌာန်းပြီး ဖြစ်ပါသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ **(WTO)**၏ အဖွဲ့ဝင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် အမျိုးသားအဆင့်ကော်မတီကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစ၍ ဖွဲ့စည်းခဲ့ပြီး လိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ ချုပ်၍တင်ပြရပါက မြန်မာ့ကုန်သွယ်ရေးလုပ်ငန်းတို့ကို ကမ္ဘာ့စံချိန်စံညွှန်းနှင့်အညီ စွမ်းဆောင်နိုင်ရေးအတွက် ဦးတည်ဆောင်ရွက်နေသည့် လုပ်ဆောင်ချက်တို့ကို ကြိုဆိုကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## ကျေးရွာသစ်လုပ်ရှားမှုဆင့်ပွားသင်တန်းဖွင့်

**သဲကုန်း ဇွန် ၂၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဇွန် ၂၀ ရက်က မြစိမ်းရောင်ကျေးရွာခေါင်းဆောင်များအတွက် ကျေးရွာသစ်လှုပ်ရှားမှု ဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၁၇) သင်တန်းဖွင့်ပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဇော်လင်းထိုက်၊ မြို့နယ်မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များနှင့် ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ကြသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၊ လှည်းကူးမြို့တွင် ကျေးရွာသစ်လှုပ်ရှားမှုသင်တန်းသို့ တက်ရောက်ခဲ့သည့် သဲကုန်းမြို့နယ် ဆင်ကျုံးအုပ်စု ဆင်ကျုံးကျေးရွာ မြစိမ်းရောင်ကော်မတီဝင် ဦးတင်မင်းလတ်က မြစိမ်းရောင်ကျေးရွာခေါင်းဆောင်များအား ဆင့်ပွားသင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

ထင်သာမြင်သာ ပြုပြင်စရာ

# နေပြည်တော် ပျဉ်းမနားဘူတာကြီး ပြုပြင်ထိန်းသိမ်းရန်လို

**နေပြည်တော် ဇွန် ၂၂**



ပြည်ထောင်စုနယ်မြေအတွင်းရှိ နေပြည်တော် ပျဉ်းမနားဘူတာကြီး ခေါင်မိုးတချို့နေရာများ ရေမလုံ၍ ရေများယိုကျနေသောကြောင့်ခရီးသွားပြည်သူများ သွားလာရအဆင်မပြေမှုများ ကြုံတွေ့နေရသည်။

ပျဉ်းမနားဘူတာကြီးသည် ယခင်က ရထားခရီးစဉ်အချို့သာ ဆိုက်ရောက်ခဲ့၍ ခရီးသွားပြည်သူများ လိုက်ပါစီးနင်းမှုနည်းခဲ့သော်လည်း ယခုအခါ ရန်ကုန်-မန္တလေးအစုန်/အဆန်ရထားများအပြင် သတ်မှတ်ရထားများ ပြန်လည်ဆိုက်ရောက်လာနေပြီ ဖြစ်သောကြောင့် ပျဉ်းမနားဘူတာကြီး၌ ခရီးသွားပြည်သူများအသွားအလာ ပြန်လည်စည်ကား၍ နေပြီဖြစ်သည်။

ယခုလိုမိုးရာသီမိုးရွာသွန်းချိန်တွင် ဘူတာခေါင်မိုးများမှာ မိုးမလုံတော့သည်ကတစ်ကြောင်း၊ ရေများစီးဆင်းရာ ရေပိုက်များသည်လည်း သစ်ပင်ကြီးများမှ ကြွေကျသော အမှိုက်သရိုက်များ ပိတ်ဆို့သည်ကတစ်ကြောင်း ရေစီးဆင်းမှုနည်းလျက်ရှိသည်ကို တာဝန်ရှိသူများက တာပေါ်လင်စများဖြင့် အုပ်မိုးကာပြင်ဆင်ထားမှုလည်း တွေ့မြင်လာရသည်။

ခရီးသွားပြည်သူတစ်ဦးက "ဘူတာအဝင်လက်မှတ်အရောင်းနေရာရှေ့တည့်တည့်မှာ အခုလိုရေတွေဝပ်နေတော့ ဘူတာကို အကျည်းတန်စေတာပေါ့။ တာဝန်ရှိသူတွေအနေနဲ့ ပြုပြင်ထိန်းသိမ်းသင့်ပါတယ်။ ဘူတာတောင်ဘက်မှာရှိတဲ့ လူကူးသံတံတားအတက်ဘယ်ဘက်မှာဆိုလည်း စွန့်ပစ်အမှိုက်များစွာရှိနေပြီး ဘူတာအရှေ့မြောက်ဘက်အဝင် ညာဘက်ခြံစည်းရိုးနားမှာလည်း စွန့်ပစ်အမှိုက်တွေ ရှိနေတာတွေ့နေ၍ ဘူတာဝန်းကျင်သန့်ရှင်းရေးကို ဖြေရှင်းဆောင်ရွက်ရန်လိုအပ်နေတာကို တွေ့ရတယ်"ဟု ပြောသည်။ ထို့ကြောင့် ပျဉ်းမနားဘူတာကြီး ဥပဓိရုပ်ခံ့ညားစေရန်နှင့် ရေရှည်သန့်ရှင်း တည်တံ့ခိုင်မြဲစေရေးအတွက် ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းကြရန်လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။ **ကိုမျိုး(ရွှေပေါက်ကံ့)**

# နိုင်ငံခြားသတင်းထောက်များအသင်း နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် ဇွန် ၂၂**

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ (၂၈) ကြိမ်မြောက်နှစ်ပတ်လည် အစည်းအဝေးကို ဇွန်တတိယပတ်က အသင်းရုံးခန်းတည်ရှိရာ ရန်ကုန် မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလရပ်ကွက် တိုက် (၁၀) အခန်း (၁၉)၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမင်းဇော်က အမှာစကားပြောကြားပြီး ငွေစာရင်းရှင်းတမ်းကို အသင်းအတွင်းရေးမှူး ဦးသစ္စာလှထွေးက တင်ပြရာ အသင်းမှအတည်ပြုသည်။

ထို့နောက် ၂၀၁၇-၂၀၁၈ အတွက် အမှုဆောင်သစ်များအဖြစ် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းနာယကအဖွဲ့ဝင်များအဖြစ် ဦးခင်မောင်သွင်၊ ဦးစဝ်ကိုင်ဖနှင့်ဒေါ်အေးအေးဝင်းတို့ကို လည်းကောင်း၊ ဥက္ကဋ္ဌအဖြစ် ဦးမင်းဇော် (TokyoShimbun)၊ ဒုဥက္ကဋ္ဌအဖြစ် ဦးသူရိန်လှထွေး( Nikkei Shimbun)၊ အတွင်းရေးမှူးအဖြစ် ဦးသစ္စာလှထွေး (TBS)၊ တွဲဖက်အတွင်းရေးမှူးများအဖြစ် ဦးမြတ်သူရ (Kyodo News )၊ ဒေါ်ဆင့်ဆင့်အောင် ( NTV )၊ဒေါ်လှလှဌေး(AFP)၊ ဒေါ်ခင်မိုမိုမြင့် (NHK) တို့ကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူးအဖြစ်ဒေါ်ရတနာထွန်း (Kyodo News )၊ စာရင်းစစ်များအဖြစ် ဦးခင်မောင်ဝင်း(Tokyo Shimbun)နှင့် ဦးဖြိုးဟိန်းကျော် (AFP) တို့ကို လည်းကောင်းရွေးချယ်ခဲ့ကြောင်း သိရသည်။ **ရွှေအင်းသား- ခင်မောင်ဝင်း**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၂၂-၆-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၈၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၅/၆၉၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၉၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၁၅/၇၄၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၇၁၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၅ | · ၀ |
| ဥရောပ | တစ်ယူရို | ၁၅၁၈ | · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၃ | · ၃၉ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | · ၁၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | · ၁၅ |
| တရုတ် | တစ်ယွမ် | ၁၉၉ | · ၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ | · ၆၆ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

✻ ရှေ့ဖုံးမှ

အစည်းအဝေးတွင် ဒုတိယသမ္မတက တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံအား မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပရေးနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၈/၂၀၁၇)တွင် ဆွေးနွေးသဘောတူညီခဲ့ပါကြောင်း၊ ရေနှင့်ဆက်နွယ်သည့် လုပ်ငန်းဆောင်ရွက်မှုတစ်ခုဖြစ်သည့် တတိယအကြိမ် အာရှ- ပစိဖိတ် ရေညီလာခံကို အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရတို့က တာဝန်ယူ၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းကျင်းပသွားမည် ဖြစ်ပါကြောင်း။

**ပံ့ပိုးကူညီ**

တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကျင်းပရေးအတွက်သာမက အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီက ကြီးမှူးဆောင်ရွက်လျက်ရှိသည့် အမျိုးသားအဆင့်ရေမူဝါဒနှင့် ဆက်နွယ်သည့်လုပ်ငန်းများနှင့် မိုးရေခံလှုပ်ရှားမှု ဆက်လက်ဆောင်ရွက်ရေး၊ ရေကြီးရေလျှံမှု လျော့ပါးသက်သာရေး၊ ရေထုညစ်ညမ်းမှု ထိန်းချုပ်ရေးတို့နှင့် ဆက်နွယ်သည့် ရေလုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်း ပံ့ပိုးကူညီဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ကမ္ဘာ့အဆင့် ရေညီလာခံတစ်ခုကို မြန်မာနိုင်ငံအတွင်း ကျင်းပခွင့်ရရှိသည့်အတွက် နိုင်ငံ၏ပုံရိပ်နှင့် ဂုဏ်သိက္ခာ မြင့်မားစေခြင်း၊ နိုင်ငံအတွက် အရေးကြီးသည့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးသက်သာစေရေးကို ကမ္ဘာ့ရေပညာရှင်များထံမှ လေ့လာခွင့်ရရှိနိုင်ခြင်း၊ ရေနှင့်ဆက်စပ်သော သဘာဝဘေး အန္တရာယ်များ စီမံခန့်ခွဲရေးတွင် နည်းပညာနှင့် အကြံဉာဏ်များ ရရှိနိုင်ခြင်း၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှုတွင် နည်းစနစ်အသစ်များနှင့် အတွေးအခေါ်များ ရရှိနိုင်ခြင်း၊ ဒေသတွင်း ရေဖူလုံစေရေးအတွက် ဝိုင်းဝန်းအဖြေရှာခြင်းဖြင့် မိမိတို့နိုင်ငံအတွက် များစွာအကျိုးရှိနိုင်ပါကြောင်း၊ ညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရန် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဝိုင်းဝန်း ပံ့ပိုးကူညီပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီအတွင်းရေးမှူး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက အာရှ - ပစိဖိတ် ရေညီလာခံကျင်းပရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပထမအကြိမ် ပူးတွဲညှိနှိုင်းကော်မတီအစည်းအဝေးတွင် မြန်မာဘက်မှ ဆောင်ရွက်ပေးရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများက တတိယအကြိမ် အာရှ - ပစိဖိတ် ရေညီလာခံကျင်းပရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ယင်းနောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးသည်။

အာရှ-ပစိဖိတ် ရေညီလာခံကို ဒေသတွင်း နိုင်ငံ့ခေါင်းဆောင်များက အနာဂတ် ရေဖူလုံစေရေးစိန်ခေါ်မှုများကို ဆွေးနွေးအဖြေရှာရန်၊ အာရှ- ပစိဖိတ် ဒေသအတွင်း နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်နှင့် အိမ်ရှင်နိုင်ငံအတွက် ရေရှည်ဖွံ့ဖြိုးမှု ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးကို ဝိုင်းဝန်းကူညီကြရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၀၇ ခုနှစ်မှ စတင်၍ ခြောက်နှစ်လျှင် တစ်ကြိမ် ကျင်းပခြင်းဖြစ်ပြီး ပထမအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကို ၂၀၀၇ ခုနှစ်တွင် ဂျပန်နိုင်ငံ၌လည်းကောင်း၊ ဒုတိယအကြိမ် ညီလာခံကို ၂၀၁၃ ခုနှစ်တွင် ထိုင်းနိုင်ငံ၌လည်းကောင်း ကျင်းပခဲ့သည်။

**ကျင်းပ**

ယခု တတိယအကြိမ် အာရှ- ပစိဖိတ် ရေညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။

ညီလာခံ လက်ခံကျင်းပခြင်းအားဖြင့် နိုင်ငံအတွင်း ကြုံတွေ့ရလျက်ရှိသည့် ရေကြီးခြင်း၊ မိုးခေါင်ခြောက်သွေ့ခြင်း၊ ရေရှားပါးခြင်း၊ သဲနုန်းပို့ချခြင်း စသည့် ပြဿနာများကို ကမ္ဘာကသိစေပြီး ဖြေရှင်းနိုင်မည့် နည်းလမ်းများရရှိနိုင်ခြင်း၊ ကမ္ဘာ့အဆင့် ရေပညာရှင်များနှင့်အတူ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ လိုက်ပါတက်ရောက်မည်ဖြစ်သဖြင့် နိုင်ငံအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်စေနိုင်ခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် အနာဂတ် ရေဖူလုံမှုနှင့် သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုများကို နိုင်ငံ့ခေါင်းဆောင်များနှင့် ဘဏ္ဍာရေးဝန်ကြီးများ ဦးဆောင်မှုဖြင့် ဒေသတွင်းအစိုးရများနှင့် လူထုအဖွဲ့အစည်းများမှ အခိုင်အမာအထောက်အကူပြုနိုင်ခြင်းနှင့် ၂၀၁၈ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် World Water Forum အတွက် အာရှ- ပစိဖိတ်ဒေသ၏ ရေဆိုင်ရာစိန်ခေါ်မှုများနှင့် ဝိုင်းဝန်းအဖြေရှာမှုများကို အာရှ-ပစိဖိတ်ကိုယ်စားပြုတင်ပြခြင်းဖြင့် ရေစီမံခန့်ခွဲမှုဆိုင်ရာကဏ္ဍတွင် နိုင်ငံတော်၏ပုံရိပ်နှင့် စွမ်းဆောင်ရည် မြင့်မားနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၂**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ အကြား ပြန်လည်သုံးသပ်ဆွေးနွေးပွဲတွင် အဖွင့်အမှာစကားပြောကြားစဉ် (သတင်းစဉ်)

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများအကြား ပြန်လည်သုံးသပ်ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Kandawgyi Palace Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ကြားဖြတ်ရွေးကောက်ပွဲ၌ တွေ့ရှိခဲ့သည့် အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးသွားမည်ဖြစ်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ပိုမိုတိုးတက်ကောင်းမွန်လာစေမည့် နည်းလမ်းများအား ဆွေးနွေးအကြံပြုဖော်ထုတ်သွားရန် ဖြစ်ကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲတွင် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုများ ပိုမိုကောင်းမွန်ခဲ့ပြီး ယခင်က ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိခဲ့သည့် ကျေးသီးနှင့် မိုင်းရှူးဒေသများတွင်လည်း ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးနိုင်ခဲ့ကြောင်း။

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကျင်းပမည့်ရက်အား ရက်ပေါင်း ၁၈၀ ကြိုတင်၍ကြေညာခဲ့ခြင်းနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ် အချိန်ဇယားထုတ်ပြန်ကြေညာပေးခဲ့သဖြင့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများအားလုံး ပြင်ဆင်မှုများဆောင်ရွက်ရန် အချိန်လုံလောက်စွာ ရရှိခဲ့ကြောင်း၊ International IDEA ၊ သြစတြေးလျ ရွေးကောက်ပွဲကော်မရှင် (AEC) တို့နှင့်ပူးပေါင်း၍ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးဆင့်ပွားသင်တန်းများကို ထိရောက်မှုရှိစေရန် ဆောင်ရွက်ခဲ့ကြောင်း။

မဲစာရင်းပြုစုခြင်းနှင့်စပ်လျဉ်း၍ အားနည်းချက်များအား ဖြေရှင်းနိုင်ရန် အိမ်တိုင်ရာရောက် (Door to Door )စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း အခက်အခဲများရှိခဲ့ကြောင်း၊ မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် မဲဆန္ဒရှင်ပြည်သူလူထုမှ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း။

နိုင်ငံပြင်ပရောက် ကြိုတင်မဲပေးခြင်းနှင့်စပ်လျဉ်း၍ ကော်မရှင်အနေဖြင့် ကြိုတင်မဲလမ်းညွှန်စာအုပ်များ ပြုစု၍ နိုင်ငံခြားသံရုံးများသို့ပေးပို့ခြင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ခဲ့သဖြင့် အဆင်ပြေချောမွေ့ခဲ့ကြောင်း။

နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ လိုက်နာရမည့်ကျင့်ဝတ်များကို အားလုံးမှ လိုက်နာကျင့်သုံးခြင်း၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေနှင့် ကျင့်ဝတ်တို့ကို နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအား သင်တန်းပို့ချပေးခဲ့ခြင်းနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းကြောင့် မဲဆွယ်စည်းရုံးစဉ်ကာလနှင့် မဲပေးခြင်းကာလများတွင် ကြီးမားသောပြဿနာများမရှိခဲ့ကြောင်း။

ကော်မရှင်အနေဖြင့် ရှေ့ဆက်လက်၍ ကဏ္ဍ(၄)ရပ်အား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုကဏ္ဍ(၄)ရပ်မှာ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်စပ်လျဉ်း၍ လိုအပ်ချက်များအပေါ် ပြင်ဆင်ရေးဆွဲဆောင်ရွက်ခြင်း၊ မဲစာရင်းပိုမိုပြည့်စုံမှန်ကန်ရေးအတွက်ဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင် အသိပညာပေးခြင်းအား ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်းနှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ဝန်ထမ်းများအား စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုလုပ်ငန်းစဉ်များ၌ ကျွမ်းကျင်မှုရှိလာစေရေးအတွက် ဆောင်ရွက်ခြင်းတို့ဖြစ်ကြောင်း၊ အဆိုပါကဏ္ဍ(၄)ရပ်နှင့်စပ်လျဉ်း၍လည်း ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းက အခမ်းအနားအစီအစဉ်အား ရှင်းလင်းပြောကြားပြီး International IDEA အဖွဲ့မှ Head of Country Office ဖြစ်သူ Mr. Mark McDowell က အဖွင့်နှုတ်ဆက်စကား ပြောကြားသည်။ ဆက်လက်၍ ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များက ရွေးကောက်ပွဲစောင့်ကြည့်လေ့လာတွေ့ရှိခဲ့မှု အခြေအနေများနှင့် စပ်လျဉ်း၍ အားသာချက်၊ အားနည်းချက်များကို အကြံပြုတင်ပြကြသည်။

ယင်းနောက် ရွေးကောက်ပွဲလုပ်ငန်းများ စီမံခန့်ခွဲခြင်း၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းခြင်း၊ မဲဆွယ်စည်းရုံးခြင်းနှင့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ လိုက်နာရမည့်ကျင့်ဝတ်၊ ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအား တရားဝင်အသိအမှတ်ပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူလူထုနှင့် မဲဆန္ဒရှင်အသိပညာပေးခြင်း၊ ကြိုတင်မဲပေးခြင်း၊ မဲဆန္ဒရှင်သက်သေခံလက်မှတ်ထုတ်ပေးခြင်း၊ မဲပေးခြင်း၊ မဲရေတွက်ခြင်း၊ မဲရလဒ်ကြေညာခြင်းတို့နှင့်စပ်လျဉ်းပြီး တက်ရောက်လာသူများက အဖွဲ့(၆)ဖွဲ့ခွဲကာ အကြံပြုဆွေးနွေးကြသည်။ အဆိုပါဆွေးနွေးပွဲအား ဇွန် ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်သွားမည်

**နေပြည်တော် ဇွန် ၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်သော အဆောက်အအုံ ၊ လမ်း ၊ တံတားများနှင့် မြို့ပြအိမ်ရာစီမံကိန်းလုပ်ငန်းများအား အရည်အသွေး၊ စံချိန်စံညွှန်း ပြည့်မီရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ် ညွှန်ကြားရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၂ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးနှင့် နေထိုင်ရေးအဆင်ပြေစေရန် နိုင်ငံတော်အစိုးရမှ နိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာစီမံကိန်းကို ပထမအဆင့် ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့များ၌ မကြာမီ စတင်အကောင်အထည်ဖော်မည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များ၌လည်း ဆက်လက်အကောင်အထည်ဖော်သွားရန် ရှိပါကြောင်း။

ယခုအချိန်သည် မိုးများသည့်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များရှိလမ်း၊ တံတားများ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုများရှိသည့်အတွက် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်ရေး အထူးအလေးထားဆောင်ရွက်ရန် မှာကြားလိုပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ် ညွှန်ကြားရေးမှူးများသည် အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီသော အဆောက်အအုံ၊ လမ်း၊ တံတားများဖြစ်အောင် ဆောင်ရွက်ခြင်းဖြင့် ဌာန၏ဆောင်ရွက်ချက်၊ လုပ်ဆောင်ချက်များကို မြှင့်တင်နိုင်သည့်သူများ ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ပြည်သူလူထု၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် မိမိလုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ရန်တို့ကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးကျော်လင်းက ဝန်ကြီးဌာန၏ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် ညွှန်ကြားရေးမှူးများ လိုက်နာဆောင်ရွက်ရမည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်က တိုင်းဒေသကြီး / ပြည်နယ်များတွင် အဆောက်အအုံ စီမံကိန်းများ ဆောင်ရွက်ရာတွင် အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရေးနှင့် လိုက်နာဆောင်ရွက်ရသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး /ပြည်နယ် ညွှန်ကြားရေးမှူးများက မိမိတို့တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ Power Point ဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ကြို့ပင်ကောက် ဇွန် ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးဆောင်၍ ၂၀၁၇ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၁ ရက် နံနက် ၉ နာရီက အမှတ်(၈၇) သစ်စက်ဝင်းအတွင်း ကျင်းပခဲ့သည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်းမြင့်နိုင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများဖြင့် ကျွန်းပင် ၂၅၀၊ ပျဉ်းကတိုး ၅၀၊ မဟော်ဂနီ ၁၀၀ နှင့် မန်ဂျန်ရှား ၁၀၀ စုစုပေါင်းပျိုးပင် ၅၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Black Sea Fleet ရေတပ်စခန်းဌာနချုပ်မှ Vice Admiral နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၂၂

**ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် Sevastopol ဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ Black Sea Fleet ရေတပ်စခန်းဌာနချုပ်မှ Vice Admiral Kulekov Valaydii နှင့် တွေ့ဆုံဆွေးနွေးသည်။**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Black Sea Fleet ရေတပ်စခန်းဌာနချုပ်မှ Vice Admiral Kulekov Valaydii နှင့် တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

**ခရူဇာစစ်သင်္ဘော**

ထို့နောက် Sevastopol မြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး အမြန်သွားရေယာဉ်များဖြင့် မြောက်ပိုင်းဆိပ်ကမ်းရှိ Moskva ခရူဇာစစ်သင်္ဘောကို သွားရောက်လေ့လာကြသည်။

အဆိုပါ Moskva ခရူဇာစစ်သင်္ဘောသည် ပဲ့ထိန်းဒုံးကျည်သယ်ဆောင်နိုင်သည့် သင်္ဘောအမျိုးအစားဖြစ်ပြီး ၁၉၈၃ ခုနှစ်တွင် စတင်တာဝန်ထမ်းဆောင်ခဲ့ခြင်း ဖြစ်ကာ သင်္ဘောကိုယ်ထည်အရှည် ၁၈၆ ဒသမ ၅ မီတာ၊ ပြက် ၂၀ ဒသမ ၈ မီတာ၊ အမြင့် ၄၂ ဒသမ ၅ မီတာ၊ သင်္ဘောအလေးချိန် ၁၂၄၉၀ တန်ဖြစ်ကာ တစ်နာရီလျှင် ရေမိုင် ၃၂ မိုင်နှုန်း မောင်းနှင်နိုင်ကြောင်း သိရှိရသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ရေတပ်စခန်းဌာနချုပ်ရှိ သင်္ဘောအား Simulator ဖြင့် လေ့ကျင့်မောင်းနှင်ခြင်းနှင့် ရေတပ် စခန်းဌာနချုပ်မှ အသုံးပြုခဲ့သည့် လက်နက်များနှင့် တိုက်လေယာဉ်များ၊ သံချပ်ကာယာဉ်များကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တောင်ပိုင်းဆိပ်ကမ်းသို့ အမြန်သွားရေယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး ရေငုပ်သင်္ဘော ROST-OV-NA-DONU ကို သွားရောက်လေ့လာကြသည်။

**ဘက်စုံသုံးရေငုပ်သင်္ဘော**

အဆိုပါ ရေငုပ်သင်္ဘောသည် Kilo အမျိုးအစားဘက်စုံသုံးဒီဇယ်နှင့် လျှပ်စစ်စွမ်းအင်သုံး ရေငုပ်သင်္ဘောဖြစ်ပြီး ၁၉၉၀ ခုနှစ်တွင်စတင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ကာ ကိုယ်ထည်အရှည် ၇၃ ဒသမ ၈ မီတာ၊ ပြက် ၉ ဒသမ ၉ မီတာ၊ ရေမျက်နှာပြင်ပေါ်အလေးချိန် ၂၃၅၀ တန်၊ ရေအောက်ငုပ်လျှိုးချိန်အလေးချိန် ၃၉၅၀ တန် ဖြစ်ကြောင်း သိရှိရသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ဇွန် ၂၀ ရက် ညနေပိုင်းက မော်စကိုမြို့ရှိ No. 766 Production and Technological Equipments Center သို့ သွားရောက်လေ့လာသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် Production and Technological Equipments Center ရှိ လူနာတင်ယာဉ်များ၊ ခွဲစိတ်ကုသယာဉ်များ၊ ခေတ်ခွဲကုသယာဉ်များနှင့် လူစီးမော်တော်ယာဉ်များအား ကြည့်ရှုလေ့လာကြသည်။

**လိုက်လံကြည့်ရှု**

ထို့နောက် စစ်မြေပြင်အဝေးထိန်းစနစ်ဖြင့် မောင်းနှင်သော မိုင်းရှင်းလင်းရေးယာဉ်များ၊ တိုက်ခိုက်ရေးယာဉ်နှင့် မီးသတ်ယာဉ်တို့အား လိုက်လံကြည့်ရှုပြီး စမ်းသပ်မောင်းနှင်မှုများအား ကြည့်ရှုလေ့လာသည်။ ယင်းနောက် သံချပ်ကာမော်တော်ယာဉ်များအား လိုက်လံကြည့်ရှုလေ့လာပြီး စမ်းသပ်စီးနင်းလိုက်ပါခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လျှောက်ထားသူများအနက် စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ခြင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၂၂**

မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေခွင့် လျှောက်ထားသူများအနက် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ခြင်းကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ တက်ရောက်အမှာစကားပြောကြားသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် ကျင့်သုံးဆောင်ရွက်နိုင်ရေးအတွက် နည်းဥပဒေများ ထုတ်ပြန်ပြဋ္ဌာန်းမှုနှင့် ခေတ်စနစ်နှင့်အညီ လွယ်ကူအဆင်ပြေစွာ လျှောက်ထားနိုင်ရေးအတွက် နည်းဥပဒေအား ပြင်ဆင်ဆောင်ရွက်ပေးမှု၊ မိမိနိုင်ငံ၏ လိုအပ်ချက်အရ အမျိုးအစားလေးမျိုးခွဲခြား၍ လျှောက်ထားခွင့်ပြုမှုနှင့် အမြဲနေထိုင်ခွင့် လျှောက်ထားမှုအခြေအနေ၊ စတင်လျှောက်ထားချိန်မှ ယခုအထိ မြန်မာနိုင်ငံ၏ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခဲ့မှုနှင့် ထပ်မံလျှောက်ထားသူများအား လူတွေ့မေးမြန်း အကဲဖြတ်ဆောင်ရွက်မည့်အခြေအနေများ၊ ကော်မတီဝင်များအနေဖြင့် လျှောက်ထားသူများအား လူတွေ့မေးမြန်း အကဲဖြတ်ရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွား မထိခိုက်စေရေးနှင့် လျှောက်ထားသူနိုင်ငံခြားသားများ အဆင်ပြေစေရေး၊ သတ်မှတ်ချက်များနှင့် နေထိုင်ခွင့်ပြုနိုင်ရေးအတွက် အလေးထားမေးမြန်း အကဲဖြတ်နိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လုပ်ငန်းတာဝန်ခံက နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားမှုအခြေအနေနှင့် လူတွေ့မေးမြန်း အကဲဖြတ်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးနှင့် ကော်မတီဝင်များသည် လူတွေ့အကဲဖြတ်ခံရမည့် နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်ထားသူများအား တစ်ဦးချင်း တွေ့ဆုံ၍ ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များ၊ ပြဋ္ဌာန်းထားသည့် နည်းဥပဒေများအပေါ် သိရှိလိုက်နာဆောင်ရွက်နိုင်ရေးအခြေအနေများကို မေးမြန်းဆွေးနွေးကာ အကဲဖြတ်အတည်ပြုဆုံးဖြတ်ကြသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လုပ်ငန်း စတင်ဆောင်ရွက်သည့် ၂၀၁၅ ခုနှစ် ဇန်နဝါရီမှ ယခုအထိ လျှောက်ထားသူများအနက် ၂၆၂ ဦးအား နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုပေးပြီးဖြစ်သည်။ ယခုအခါ ထပ်မံလျှောက်ထားသူများအနက် ၆၄ ဦးအား လူတွေ့မေးမြန်း အကဲဖြတ်အတည်ပြုဆောင်ရွက်မည်ဖြစ်ပြီး အတည်ပြုပြီးပါက အထက်အဆင့်ဆင့်သို့တင်ပြ၍ နေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများ ထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မုန်တိုင်းနှင့်မုတ်သုံမိုးဆက်တိုက်ရွာမှုကြောင့် ချောင်းရေများတိုးလျက်ရှိ

**ငဖဲ ဇွန် ၂၂**

မကွေးတိုင်းဒေသကြီးအတွင်း မုန်တိုင်းမိုးနှင့် မုတ်သုံမိုးဆက်တိုက်ရွာသွန်းခဲ့မှုကြောင့် ချောင်းရေများ ရေကြီးရေလျှံမှုနှင့် ဆည်တမံများအတွင်း ရေများ တိုးမြင့်ဝင်ရောက်လာမှုများရှိခဲ့ရာ မင်းဘူးခရိုင် ငဖဲမြို့နယ်အတွင်းရှိ ရင်းရှည်တမံနှင့် မန်းတမံဆည်ကြီးများ၏ အခြေအနေများနှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုမဖြစ်စေရေး ၂၄နာရီ ရေကင်းများ တာဝန်ချထားပြီး တာဝန်ရှိသူများအနေဖြင့် အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုအခါ မိုးတိမ်ထူထပ်ပြီး အဆက်မပြတ်မိုးရွာသွန်းမှုကြောင့် ငဖဲမန်းချောင်းအတွင်း ဝင်ရောက်စီးဆင်းသည့် ပဇီချောင်း၊ ဆတ်သေချောင်းများမှ ချောင်းရေနှင့် ပန်းတိမ်းချောင်းရေများ တိုးမြင့်စီးဆင်းနေသည့်အတွက် မန်းရွှေစက်တော်၊ အိုးပြစ်မဲ၊ အိုင်းမရေလွှဲဆည်၊ ဥယျာဉ်ဇင်နှင့်စကုတို့မှာ ချောင်းရေများ ဆက်လက်တိုးမြင့်စီးဆင်းနေမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းထိန်းသိမ်းရေးတာဝန်ခံ ဦးမောင်မောင်ဝင်းက ပြောသည်။

အဆိုပါဆည်တမံကြီးများသို့ မကွေးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် မင်းဘူးခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)တို့သည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၀ ရက်က ဆည်တမံများ ကြံ့ခိုင်မှု၊ ရေပိုလွှဲရေကျော်လွန်မှုအခြေအနေ၊ တမံနှင့် ဆက်စပ်အဆောက်အအုံများ ကြံ့ခိုင်မှုရှိ၊ မရှိ၊ ၂၄ နာရီ ရေကင်းချထားမှု၊ မိုးစပါးစိုက်ပျိုးရေပေးဝေနေမှုနှင့် ရေပိုလွှဲရေလျှံလမ်းများအား ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များနှင့်ပတ်သက်၍ အချိန်နှင့် တစ်ပြေးညီဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

# သစ်ပင်ပြိုလဲခြင်းကြောင့် ဓာတ်အားပြတ်တောက်မှု ပုံမှန်လျှပ်စစ်ဓာတ်အားပြန်လည်ဖြန့်ဖြူးပေး

**ကံမ ဇွန် ၂၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့တွင် ဇွန် ၂၀ ရက် ည ၁၀ နာရီက အမှတ်(၄)ရပ်ကွက် ပြည်သူ့ဆေးရုံအနီး တောင်ကုန်းပါမှ သက်တမ်းရင့်သစ်ပင်ကြီးပြိုလဲ၍ လျှပ်စစ်ဓာတ်အားလိုင်းကြိုးများအပေါ်မှတစ်ဆင့် လမ်းမပေါ်သို့ ပိတ်ဆို့လဲကျခဲ့သည်။

အဆိုပါသစ်ပင်ပြိုလဲမှုကြောင့် လျှပ်စစ်ဓာတ်အားတိုင် သုံးတိုင်ပျက်စီးခဲ့ပြီး တစ်မြို့လုံး လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ရသည်။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ပျက်စီးသွားသောဓာတ်တိုင်များအား အစားထိုးတိုင်ထောင်ခြင်းနှင့် ဓာတ်ကြိုးများ ပြန်လည်သွယ်တန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၁ ရက် ည ၉ နာရီတွင် ပုံမှန်လျှပ်စစ်ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**



ဇွန် ၂၂ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး ရန်ကုန်မြို့ဗဟန်းမြို့နယ် အမှတ်(၉) ဗိုလ်ချုပ်အောင်ဆန်းပြတိုက်လမ်းရှိ ဂျာမနီသံရုံးတွင် ဂျာမနီဖက်ဒရယ်သမ္မတနိုင်ငံမှ Former Federal Chancellor, Helmut Kohl ကွယ်လွန်သွားသည့် အထိမ်းအမှတ်ဖြင့် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးစဉ် (သတင်းစဉ်)

**မိုးထစ်ချုန်းရွာမည်**

**နေပြည်တော် ဇွန် ၂၂** - နေပြည်တော်နှင့်အနီးတစ်ဝိုက် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ (မိုး/ဇလ)

# ဗြိတိန်နိုင်ငံဘုရင်မ မွေးနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂၂**

ဗြိတိန်နိုင်ငံ၏ဘုရင်မ Her Majesty Queen Elizabeth II ၏မွေးနေ့အထိမ်းအမှတ်ညစာစားပွဲအခမ်းအနားကို ယနေ့ည ၇နာရီတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ဗြိတိန်နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး အန်ထရူးပက်ထရစ်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။ **(ယာပုံ)**

အဆိုပါအခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**




# မြန်မာနိုင်ငံ ဆိုင်းဂီတပညာရှင်များအသင်း ဖွဲ့စည်းနိုင်ရေး မန္တလေးတွင်ဆွေးနွေး

**မန္တလေး ဇွန် ၂၂**

မြန်မာနိုင်ငံ ဆိုင်းဂီတပညာရှင်များအသင်းဖွဲ့စည်းနိုင်ရေးအတွက် မန္တလေးမြို့နှင့် အထက်မြန်မာနိုင်ငံတစ်ဝန်းမှ ဆိုင်းပညာရှင်များ၊ ဘိသိက်ပညာရှင်များနှင့် တည်ထောင်သူများ တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ မန္တလေးမြို့ Swan ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး နာယက စည်သူဦးရွှေနန်းတင်၊ မြန်မာ့ဆိုင်းပညာရှင်များ ဖြစ်ကြသည့် ဦးစိန်တင့်လွင်၊ ဦးဗိုလ်ဗဒင်းနှင့် အထက်မြန်မာနိုင်ငံတစ်ဝန်းမှ ဆိုင်းဂီတပညာရှင်များ၊ ဘိသိက်ပညာရှင်များနှင့် တည်ထောင်သူများ တက်ရောက်ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး (ဗဟို)ကချမှတ်ခဲ့သည့် ထုတ်ပြန်ချက် ၁၀ ချက်အနက် မြန်မာဆိုင်းဖျော်ဖြေရေးသည် ရိုးရာဖျော်ဖြေရေး စစ်စစ်ဖြစ်သောကြောင့် မြန်မာ့ရိုးရာဝတ်စုံ (မောင့်ကျက်သရေခေါင်းပေါင်းတိုက်ပုံ)အား မဖြစ်မနေဂုဏ်ပြုဝတ်ဆင်၍ တီးခတ်ဖျော်ဖြေရပါမည်ဟူသော အချက်တစ်ချက်မှအပ ကျန်အချက်ကိုးချက်ကို လက်ခံနိုင်ခြင်းမရှိမှုနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာ့ဆိုင်းဂီတပညာရှင်များအသင်းကို သီးခြားအဖွဲ့အစည်းတစ်ရပ်အနေဖြင့် အသင်းအဖွဲ့စည်းမျဉ်းများ စနစ်တကျရေးဆွဲပြီး တည်ထောင်သွားရန် အများသဘောတူဆုံးဖြတ်ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သူ မန္တလေးမြို့မှ ဆိုင်းပညာရှင် ကိုသူရိန်က "ကျွန်တော်တို့အနေနဲ့ သဘင်အစည်းအရုံး (ဗဟို )က ထုတ်ပြန်ချက်တွေထဲမှာ အချက်တစ်ချက်ကိုပဲ လက်ခံပြီး ကျန်အချက်တွေကိုတော့ အငြင်းပွားဖွယ်ရာတွေ ပါဝင်နေတဲ့အတွက် လုံးဝလက်မခံနိုင်တဲ့အကြောင်းကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံ ဆိုင်းဂီတပညာရှင်များအသင်းအဖြစ် သီးခြားဖွဲ့စည်းတည်ထောင်ဖို့ သဘောတူညီခဲ့ကြပါတယ်။ အခုလို ဆွေးနွေးပွဲမျိုးကို ရန်ကုန်မြို့မှာလည်း ဇွန် ၂၃ ရက်မှာ ကျင်းပသွားဖို့ရှိပါတယ်"ဟု ပြောကြားသည်။

"အလှူမင်္ဂလာပွဲတွေမှာ မြန်မာဆိုင်းဝိုင်းကြီးတွေကို ခေတ်ပေါ်တေးသီချင်းတွေနဲ့ ဖျော်ဖြေပေးဖို့ တောင်းဆိုမှုတွေရှိပါတယ်။ ပရိသတ်တောင်းဆိုတဲ့ တေးသီချင်းတွေကို ဖျော်ဖြေပေးနိုင်ဖို့ မြန်မာ့ရိုးရာ ဆိုင်းဝိုင်းနဲ့ ပြည့်စုံအောင်ပံ့ပိုးပေးနိုင်ခြင်းမရှိတဲ့ တေးသီချင်းတွေအတွက် အနောက်တိုင်းတူရိယာတစ်မျိုးမျိုးနဲ့ တွဲဖက်တီးမှုတ်ရတာမျိုးလည်းရှိပါတယ်။

"ဆိုင်းပညာရှင်တွေအနေနဲ့ မြန်မာ့ဆိုင်းပညာကို ရိုးရာမပျက်ထိန်းသိမ်းနေရသလို ပရိသတ်တောင်းဆိုမှုကိုလည်း ငြင်းပယ်ဖို့ ခက်ခဲတဲ့အတွက် ဂီတအမျိုးအစား စုံလင်အောင် တီးမှုတ်ဖျော်ဖြေနေရပါတယ်"ဟုလည်း အခြားဆိုင်းပညာရှင်တစ်ဦးက ပြောကြားသည်။

မန္တလေးမြို့၌ မြန်မာ့ရိုးရာဆိုင်းဝိုင်း ၆၀ ကျော်၊ ဘိသိက်ပညာရှင် ၇၀ ခန့်အပါအဝင် အထက်မြန်မာနိုင်ငံတစ်ဝန်း၌ မြန်မာ့ရိုးရာဆိုင်းဝိုင်း ၄၀၀ ခန့်နှင့် ဘိသိက်ပညာရှင် ၂၀၀ ခန့်ရှိကြောင်း သိရသည်။

**အေးမြ (မန္တလေး )**

# ရထားဖြင့် လူကြိုတ်/တိုက်/ပြုတ်ကျမှုမဖြစ်ပွားစေရေး အသိပညာပေး



**မိတ္ထီလာ ဇွန် ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်း၌ မြန်မာ့မီးရထားဖြင့် လူ ကြိတ်/တိုက်/ပြုတ်ကျမှု မဖြစ်ပွားစေရေးအတွက် မြို့နယ်အတွင်း၌ ရထားရဲတပ်ဖွဲ့အမှတ်(၆)တပ်ခွဲ၊ တပ်စု(၃) မိတ္ထီလာက ဇွန် ၂၁ ရက် နံနက်က မိတ္ထီလာဘူတာအရှေ့သံလမ်းကူး၌ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရထားရဲတပ်ဖွဲ့ အမှတ်(၆)တပ်ခွဲ တပ်စု(၃)မိတ္ထီလာမှ တပ်စုမှူး ရဲတပ်ကြပ်ကြီး မောင်မောင်သန်းနှင့် တပ်ဖွဲ့ဝင်များသည် မြန်မာ့မီးရထားတိုင်းအမှတ်(၁၁)အောက်ရှိ မိတ္ထီလာဘူတာအရှေ့သံလမ်းကူးတွင် ဖြတ်သန်းသွားလာသည့် ခရီးသွားဒေသခံပြည်သူများအား မြန်မာ့မီးရထားဖြင့် လူကို ကြိတ်/တိုက်/ပြုတ်ကျမှု မဖြစ်ပွားစေရေးအတွက် အသိပညာပေးဟောပြောပြီး ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့သည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# တရားမဝင်ရွှေ့ပြောင်းသွားလာခြင်းမပြုရေး အသိပညာပေးနှိုးဆော်

**နေပြည်တော် ဇွန် ၂၂**

ရွှေ့ပြောင်းသွားလာခြင်းဆိုသည်မှာ လူတို့သည် ဘဝရပ်တည်ရန်(သို့)ဝင်ငွေပိုရရှိရန် (သို့) ကြီးပွားတိုးတက်ရန် မိမိတို့၏ဆန္ဒအလျောက် ရေကြည်ရာမြက်နုရာသို့ ခေတ္တဖြစ်စေ၊ အမြဲတမ်းဖြစ်စေ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းကို ဆိုလိုသည်။ သို့ရာတွင် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှု၊ တရားဝင်ရွှေ့ပြောင်းသွားလာမှုပြုရန် လိုအပ်သည်။

ပွဲစားများ၏စကားကို ယုံကြည်၍ တရားမဝင်သောလမ်းကြောင်းကို အသုံးပြုပြီး ပြည်ပနိုင်ငံများတွင် တရားမဝင်သွားရောက်လုပ်ကိုင်မည်ဆိုပါက လူမှောင်ခိုကူးခံရခြင်း၊ ငါးဖမ်းစက်လှေများတွင် ရောင်းစားခံရခြင်း၊ အလုပ်ရှင်များ၏ မတရားခေါင်းပုံဖြတ်ခံရခြင်း၊ ဖိနှိပ်ခံရခြင်း၊ ပွဲစားများ၏ လိမ်ညာလှည့်စားခံရခြင်း၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရခြင်း စသည့် အကျိုးဆက်များကို ခံစားရမည်ဖြစ်သည်။ နိုင်ငံခြားသို့ ရောက်ရှိပြီးနောက် သက်ဆိုင်ရာနိုင်ငံ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ရာသီဥတုနှင့်ဘာသာစကားတို့ကြောင့် ကြုံတွေ့လာနိုင်သည့် အခက်အခဲများကို ရင်ဆိုင်ရမည်ဖြစ်သည်။ တရားမဝင်ရွှေ့ပြောင်းသွားလာမှုကြောင့် ဆိုးရွားသော လူကုန်ကူးရောင်းစားခံရမှုများ ဖြစ်ပေါ်လျက်ရှိရာ ၂၀၁၆ ခုနှစ်တွင် လူကုန်ကူးမှု ၁၃၁ မှု ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသည်။ ယင်း ၁၃၁ မှုအနက် ၈၈ မှုသည် တရုတ်နိုင်ငံ၊ ကိုးမှုသည် ထိုင်းနိုင်ငံ၊ ခြောက်မှုသည် မလေးရှားနိုင်ငံတို့နှင့် ဆက်စပ်ဖြစ်ပွားခဲ့သည်။ တရားမဝင်ရွှေ့ပြောင်းသွားလာရာမှ လူကုန်ကူးခံရသည့် ဖြစ်စဉ်များသည် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံတို့တွင် အများဆုံးဖြစ်ပွားလျက်ရှိသည်။

တရားမဝင် ရွှေ့ပြောင်းသွားလာသူများသည် အခြားနိုင်ငံများအတွင်း၌ တရားမဝင်နေထိုင်ရခြင်းကြောင့် ဥပဒေ၏အကာအကွယ်မရရှိသည့်အတွက် အသက်အန္တရာယ်ဆုံးရှုံးသည်အထိ ရင်ဆိုင်ကြုံတွေ့ရသည်။

သို့ဖြစ်ရာ လူကုန်ကူးမခံရစေရန်၊ အခြားသောအန္တရာယ်များမှ ကင်းဝေးစေရန်အတွက် တရားမဝင်ရွှေ့ပြောင်းသွားလာမှုများ မပြုလုပ်ကြရန် လိုအပ်ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံးက နှိုးဆော်ထားသည်။

**(သတင်းစဉ်)**

❀ *ကျောဖုံးမှ*

အခြားတွဲဆိုင်းများအဖြစ် စောရန်ပိုင်(မြန်မာ)နှင့် စောဘဦး(မြန်မာ)၊ သပြေညို(မြန်မာ)နှင့် ထက်အောင်ဦး(မြန်မာ)၊ ဘရူနိုဖူစီ(ဘရာဇီး)နှင့် ဂျင်မီယာဘို(ဖိလစ်ပိုင်)၊ ရွှေကျောင်းသား(မြန်မာ)နှင့် ရဲရင့်သွေး(မြန်မာ)၊ ရှောင်ကျန်ယီ(တရုတ်)နှင့် ကီဗင်ချောင်(တောင်ကိုရီးယား)၊ အမျိုးသမီးတွဲဆိုင်းအဖြစ် ဂျင်နီဟောင်(တရုတ်တိုင်ပေ)နှင့်ယာမာဂူချီ(ဂျပန်)တို့ ထိုးသတ်မည်ဖြစ်သည်။ ထို့ပြင် မြန်မာကစားသမားများအတွက် ဖလိုင်းဝိတ်တန်းချန်ပီယံလုပွဲကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပွဲများအဖြစ် စောမင်းမင်းနှင့် ထွန်းလွင်မိုး၊ ရဲသွေးနီနှင့် ပတ်ကျော်လင်းအောင်တို့ ထိုးသတ်မည်ဖြစ်ကာ အနိုင်ရသူနှစ်ဦးမှာ ဗိုလ်လုပွဲထိုးသတ်မည်ဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့နည်းစနစ်အတိုင်း ထိုးသတ်မည့် စိုးထက်ဦးနှင့် သွေးသစ်ဝင်းလှိုင်တို့ပွဲကိုလည်း ကျင်းပမည်ဖြစ်သည်။

ကမ္ဘာ့ချန်ပီယံဆုကို တစ်ကျော့ပြန်စိန်ခေါ်ထိုးသတ်မည့် အောင်လအန်ဆန်အနေဖြင့် ကိုယ့်မြေ၊ ကိုယ့်ပရိသတ်ရှေ့မှောက်၌ အောင်ပွဲခံနိုင်မလားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

❄ *ကျောဖုံးမှ*

၁၀၅၉ မှ ၁၀၆၂ စင်တီမီတာသို့ လည်းကောင်း၊ မင်းကင်းမြို့၌ ၉၇၃ မှ ၉၈၅ စင်တီမီတာသို့ လည်းကောင်း၊ ကနီမြို့၌ ၈၁၉ မှ ၈၃၀ စင်တီမီတာသို့ လည်းကောင်း၊ မုံရွာမြို့၌ ၆၃၄ မှ ၆၈၃ စင်တီမီတာသို့ လည်းကောင်း မြစ်ရေအနည်းငယ်စီ တက်လာခဲ့ကြောင်း သိရသည်။

မြစ်ရေတက်လာခြင်း၏ အဓိကအကြောင်းရင်းသည် အညာဒေသ မိုးဆက်တိုက်ရွာလာခြင်းကြောင့်ဖြစ်ရာ မိုးရေချိန်များအနေဖြင့် ခန္တီးမြို့၌ ဇွန်၂၀ ရက်တွင် ၁ ဒသမ ၈၇ လက်မနှင့် ဇွန် ၂၁ ရက်တွင် ၁ ဒသမ ၉၆ လက်မရှိပြီး ဟုမ္မလင်း၌ ဇွန်၂၀ ရက် က ၁ ဒသမ ၂၆ လက်မနှင့် ဇွန်၂၁ ရက်တွင် ၁ ဒသမ ၀၆ လက်မ၊ ဖောင်းပြင်မြို့၌ ဇွန် ၂၀ ရက်က ၁ ဒသမ ၇၃ လက်မရွာသွန်းကာ ဇွန် ၂၁ ရက်တွင် ၁ ဒသမ ၁၄ လက်မရွာသွန်းကြောင်း သိရသည်။

ထို့အပြင် မော်လိုက်မြို့၌ ဇွန် ၂၀ ရက်က မိုးရေချိန်၂ ဒသမ ၃၆ လက်မအထိရွာသွန်းခဲ့ပြီး ၂၁ ရက်တွင် ၀ ဒသမ ၉၄ လက်မ ရွာသွန်းခဲ့ကြောင်း သိရသည်။

"ချင်းတွင်းမြစ်ရေအခြေအနေကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနဲ့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွေက နေ့စဉ်ထုတ်ပြန်တဲ့ မြစ်ရေအတက်၊ အကျ အမှတ်ရယ်၊ မိုးရေချိန်လက်မတွေကိုယူပြီး အမြဲတမ်းစောင့်ကြည့်လေ့လာနေပါတယ်။ မြစ်ရေအများကြီးတက်လာပြီး စိုးရိမ်ရေမှတ်လောက်ထိ ရောက်လာတော့မယ့် အခြေအနေရောက်မှသာ သတိပေးတာတွေ၊ စုပေါင်းအစည်းအဝေးထိုင် လုပ်ဆောင်သင့်တာတွေကို ဆောင်ရွက်လေ့ရှိပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကအမြန်ရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။



သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်း၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှကြူ၊ သထုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်းနှင့် တာဝန်ရှိသူများ ဇွန် ၂၂ရက်မှ စတင်၍ သထုံမြို့စိုက်ပျိုးရေးသိပ္ပံကျောင်းရှေ့၌ ဖြတ်သန်းသွားလာသော မော်တော်ယာဉ်များအား ယာဉ်အရှိန်နှုန်းတိုင်းကိရိယာဖြင့် တိုင်းတာစစ်ဆေးစဉ်

နန္ဒကျော်စွာ

# ရွှေပင်မှာ နားပါကွယ်

မြင့်ထွေး

“မင်္ဂလာပါရှင် ကျွန်မတို့ရဲ့ China Southern Air lines မှ လေယာဉ်ခရီးစဉ်အမှတ် CZ8472 AirBus 320 လေယာဉ်ဟာ မကြာမီအချိန်အတွင်းမှာ Hainan Island ရဲ့ Haikou မြို့အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဆင်းသက်တော့မှာဖြစ်တဲ့အတွက် ထိုင်ခုံခါးပတ်များ ပတ်ထားကြပါရန်နှင့် ထိုင်ခုံများ တည့်မတ်ထားကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်ရှင့်၊ Haikou မြို့ရဲ့အပူချိန်ကတော့ ၂၉ ဒီဂရီဆဲလ်ဆီးယပ်စ်ဖြစ်ပြီး ဖာရင်ဟိုက်အားဖြင့် ၈၄ ဒီဂရီဖာရင်ဟိုက် ဖြစ်ပါတယ်”။

China Southern Air lines မှ လေယာဉ်မယ်လေး၏ ချိုသာသော စကားသံက အတွေးများကို ပြတ်တောက်စေသလို၊ လူကိုလည်းကိုင်လှုပ်နိုးလိုက်သလိုဖြစ်သွားသည်။ ကျွန်တော်တစ်ယောက်တည်းလား ဆိုတော့မဟုတ်။ ဘေးဘယ်ညာကြည့်လိုက်တော့ ကျွန်တော်တို့တစ်ဖွဲ့လုံး လှုပ်လှုပ်ရွရွဖြစ်နေကြသည်ကို တွေ့ရသည်။

သည်ခရီးစဉ်သွားရောက်ရန် အကြောင်းပေါ်ပေါက်သည့်အချိန်မှစ၍ သွားရောက်ရမည့်နေရာသည် ဟိုင်နန်ကျွန်းဖြစ်နေခြင်းကပင် မိမိစိတ်ကိုပို၍ စိုးမိုးလွှမ်းခြုံနေခြင်းကြောင့် ခရီးစဉ်ကြိုတင်ပြင်ဆင်ချိန်ကတည်းက စိတ်လှုပ်ရှားနေမိသလို ရဲဘော်သုံးကျိပ် သွားရောက်စစ်ပညာသင်ခဲ့သော ကျွန်းဖြစ်၍လည်း ဂန္ထဝင်မြေပေါ်နင်းရမည်ကို ကြိုတင်ရင်ခုန်နေမိသည်။

**ဟိုင်နန်မြေသို့ ခြေချခွင့်ရရှိ**

ယခုခရီးစဉ်မှာ Training Course on Investment Promotion for Myanmar ဖြစ်ပြီး ဤသင်တန်းသို့ ဝန်ကြီးဌာနကိုးခုမှအရာထမ်း၊ အမှုထမ်း ၂၅ဦး တက်ရောက်ရမည်ဖြစ်ပါသည်။ လေယာဉ်စရိတ်၊ တည်းခိုနေထိုင်စရိတ်၊ ညှော့ခံကျွေးမွေးစရိတ်၊ ပို့ဆောင်လှည့်လည် ပြသစရိတ်များကို သက်ဆိုင်ရာနိုင်ငံမှ ကျခံမည်ဖြစ်သဖြင့် မိမိတို့နိုင်ငံ၏ကုန်ကျစရိတ်မရှိဘဲ ရက်တိုသင်တန်းမှ နိုင်ငံအတွက် အကျိုးပြုနိုင်မည့် ပညာရပ်တစ်ခု၊ အတွေ့အကြုံတစ်ခု၊ အတွေးအခေါ်တစ်ခု၊ အကြံဉာဏ်တစ်ခု စိတ်ဓာတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုရရှိလာလျှင်ပင် စေလွှတ်သူအကြီးအကဲများ၏ မျှော်လင့်ချက်အပေါ် တစ်ခုမဟုတ်တစ်ခု ဖြည့်စွမ်းနိုင်မည်ဟုတွေးကာနေရင်း လေယာဉ်မယ်လေး၏ အသံကြောင့် တွေးလက်စအတွေးများ ရပ်တန့်ခဲ့ရသည်။ လေယာဉ်ဘီးချသံကြားရပြီး မကြာမီ လေယာဉ်ဘီးနှင့် လေယာဉ်ပြေးလမ်းတို့ ငြိမ့်ညောင်းစွာ ထိတွေ့သံနှင့် မရှေးမနှောင်းမှာပင် ဟိုင်နန်မြေသို့ ခြေချခွင့်ရရှိခဲ့ပါတော့သည်။

ရန်ကုန်မြို့မှ စတင်ထွက်ခွာသည့်အချိန်မှာ ည ၁၉း၀၀ နာရီဖြစ်ပြီး ကွမ်ကျိုးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ဟိုင်နန်ကျွန်းဟိုက်ကုမြို့အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်သည့်အချိန်မှာ နောက်တစ်နေ့နံနက် ဒေသစံတော်ချိန် ၀၂း၃၀ ဖြစ်ပါသည်။ မြန်မာစံတော်ချိန်ထက် တရုတ်နိုင်ငံစံတော်ချိန်က ၁ နာရီမိနစ် ၃၀ စောပါသည်။ တည်းခိုရန်စီစဉ်ထားသည့် Serengeti Hotel သို့ ကျွန်တော်တို့ အဖွဲ့ရောက်ရှိချိန်မှာ နံနက် ၀၃း၀၀ နာရီနီးပါးဖြစ်သည်။ သင်တန်းအချိန်ဇယားအရ Haikou မြို့တည်းခိုရာ ဟိုတယ်တွင်သင်တန်းပို့ချခြင်း (၄) ရက်၊ Haikou မြို့တွင်း လှည့်လည်လေ့လာခြင်း၊ Sanya မြို့သို့သွားရောက်၍လှည့်လည်လေ့လာခြင်း (၅)ရက်၊ Haikou မြို့တွင်ပြန်လည်၍ သင်တန်းပို့ချခြင်း(၃)ရက်၊ Haikou မြို့တွင်းလှည့်လည်လေ့လာခြင်း (၁) ရက်၊ Shenzhenမြို့နှင့် Guangzhou မြို့များသို့ လှည့်လည် လေ့လာခြင်း (၄) ရက်၊ သင်ခန်းစာအပေါ်ပြန်လည်သုံးသပ်ဆွေးနွေးခြင်းနှင့် သင်တန်းဆင်းပွဲ အခမ်းအနားပြုလုပ်ခြင်း(၂) ရက်၊အသွားအပြန်(၂)ရက် စုစုပေါင်း ၂၁ ရက်ကြာမြင့်မည် ဖြစ်ပါသည်။

**အခြေခံစည်းကမ်းကို မလိုက်နာသရွေ့ တိုးတက်ဖို့ မျှော်မှန်းရန် မဖြစ်နိုင်သေး။ လူတစ်ဦးချင်းမှသည် အားလုံးလိုက်နာကြလျှင်မဝံ့မရဲ မျှော်မှန်းကြည့်နိုင်သည်။ စိတ်ဓာတ်ပိုင်း၊ စည်းကမ်းပိုင်းတို့ တစ်ဦးချင်း လိုက်နာလာလျှင် ပြောင်းလဲမှု ဖြစ်လာပါမည်။ အများလိုက်နာ ဆောင်ရွက်နေသည့်ကြားတွင် တစ်ဦးတစ်ယောက်မှ စည်းကမ်းဖောက်ဖျက်လာလျှင် ထိုဖောက်ဖျက်သူအပေါ်တွင် ပတ်ဝန်းကျင်မှအမြင်လွှမ်းခြုံကာ ဖယ်ကြဉ်ပါက သူ့အလိုလိုရှက်လာပြီး ပြင်လာလိမ့်မည်**

**ပင်လယ်ရေကြောင်းကုန်သွယ်မှု**

Investment Promotion သင်တန်းတွင် သင်ကြားသည့် ဘာသာရပ်များအနက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော One Belt One Road စီမံကိန်းလည်း ပါဝင်ပါသည်။ One Belt One Road သည်ဤသင်တန်း၏ အဓိကဇာတ်ကောင်ဟုပင်ယူဆချင်ပါသည်။ One Belt One Road အား နိုင်ငံတကာမှ စိတ်ဝင်စားမှုရှိပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ယင်းစီမံကိန်းလမ်းကြောင်းအတွင်း ပါဝင်သောနိုင်ငံများအား ဆွဲဆောင်စည်းရုံးခြင်းဖြစ်သည်ဟု မှတ်ယူမိပါသည်။ စီမံကိန်း၏ ရည်ရွယ်ချက်မှာ တရုတ်နိုင်ငံမှဥရောပသို့ဆက်သွယ်သည့် လမ်းကြောင်းတွင် အာရှတိုက် ဗဟိုချက်/ အလယ်ပိုင်းနှင့် ရုရှားသို့ဖြတ်သန်းသွားနိုင်ရန်၊ အာရှတိုက်အလယ်ပိုင်းကိုဖြတ်၍ တရုတ်နိုင်ငံနှင့် အရှေ့အလယ်ပိုင်းဒေသသို့ ဆက်သွယ်နိုင်ရန်၊ တရုတ်ပင်လယ်ကမ်းရိုးတန်းဆိပ်ကမ်းများကို ဦးတည်၍ (၂၁) ရာစု ပင်လယ်ရေကြောင်းကုန်သွယ်မှုကို အိန္ဒိယသမုဒ္ဒရာ၊ အာရှတိုက်တောင်ပိုင်း၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့အတူတကွ ဆောင်ရွက်ရန်၊ အိန္ဒိယသမုဒ္ဒရာနှင့် တောင်တရုတ်ပင်လယ်ကိုဖြတ်၍ ဥရောပတိုက်နှင့် ချိတ်ဆက်နိုင်ရန်၊ တောင်တရုတ်ပင်လယ်ကိုဖြတ်၍ ပစိဖိတ်သမုဒ္ဒရာ တောင်ပိုင်းနှင့် ချိတ်ဆက်ရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။

အဆိုပါ One Belt One Road စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် ဒေသတွင်းသာမက ကမ္ဘာ့နိုင်ငံများအနေဖြင့် (Win Win Situation) အပြန်အလှန်အကျိုးကျေးဇူးရှိစေမည့်အပြင် ဖွံ့ဖြိုးမှုများအတွက် အထောက်အကူပြုနိုင်ခြင်း၊ သယ်သူပို့ဆောင်ရေးစနစ်များအတွက် လမ်းကွန်ရက်စနစ်များကို ကောင်းမွန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုအတွက် ငွေကြေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နိုင်သော International Finance System တစ်ခုပေါ်ထွန်းလာစေခြင်းစသည့် အကျိုးဖြစ်ထွန်းမှုကို ရရှိစေမည်ဖြစ်ကြောင်း သင်ကြားပါသည်။

ဟိုင်နန်ကျွန်းတွင်ရောက်ရှိနေစဉ် သင်ခန်းစာများနှင့် လေ့လာရေးခရီးများအတွင်းမှ တရုတ်လူမျိုးတို့၏ အပြောအဆို၊ အနေအထိုင်၊ အလုပ်အကိုင်အခြေအနေများ၊ မြို့ပြတည်ဆောက်မှုများ၊ ခရီးစဉ်ဒေသများအတွက် စီစဉ်ဆောင်ရွက်မှုများကို ဂရုတစိုက်လေ့လာမိသည်။

ကမ္ဘာ့စီးပွားရေးတွင် ဒုတိယမောင်းနှင်အားသည် တရုတ်နိုင်ငံဟု ဆိုနိုင်သကဲ့သို့ တစ်ကမ္ဘာလုံးတွင် တရုတ်လူမျိုးတို့၏ စီးပွားရေးများ ဖြန့်ကြက်လျက်ရှိကာ စီးပွားရေးကောင်းမွန်မှုနှင့်အတူ ချမ်းသာကြွယ်ဝသောနိုင်ငံအဖြစ်မှ တိုးတက်ခေတ်မီသော နိုင်ငံအဖြစ်ရောက်ရှိနေပြီဖြစ်ပါသည်။

ဖွံ့ဖြိုးတိုးတက်မှုမြင့်မားသောနိုင်ငံများအပေါ် သူတို့ဘာကြောင့်တိုးတက်အောင်မြင်နေရသလဲဟု ဆန်းစစ်စေကြောမိသည်။ အကြောင်းအချက်များများစားစားမတွေ့ရ၊ စည်းလုံးညီညွတ်မှုနှင့် စည်းကမ်းလိုက်နာသော စိတ်ဓာတ်ကို ဦးစွာတွေ့ရသည်။ အသေးစိတ်အထိ စဉ်းစားတွေးခေါ်ကာ လက်တွေ့ကျသည့် ခိုင်မာသော နှစ်ရှည်စီမံကိန်းများကို စနစ်တကျရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ကြသည်။ အတွေးအခေါ်ပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များကို အားပေးမြှင့်တင်ကာ ပြုစုပျိုးထောင် မွေးမြူသည်။ နိုင်ငံရပ်ခြားသို့ ပညာသင်များကို စေလွှတ်ကာ ပညာသင်ကြားပြီးပါက မိမိနိုင်ငံ၌ ပြန်လည်အကျိုးပြုစေသည်။ ထူးချွန်သော ပညာရှင်များကို ချီးမြှောက်ကာနေရာပေးကြသည်။

လူတို့၏ စိတ်ဓာတ်ကောင်းမွန်မြင့်မားမှုက နိုင်ငံကို ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေသကဲ့သို့ နိုင်ငံ၏ ချမ်းသာမှု၊ ဖွံ့ဖြိုးတိုးတက်မှုကလည်း လူတို့၏စိတ်ဓာတ်ကို မြင့်မားစေသည်။ လူတို့၏ စိတ်ဓာတ်နိမ့်ပါးမှုက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားတစ်ခုဖြစ်စေသကဲ့သို့ နိုင်ငံချို့တဲ့မှုက လူတို့၏စိတ်ဓာတ်ကို နိမ့်ပါးစေပါသည်။ ဒါကကျွန်တော်၏ တစ်သီးပုဂ္ဂလအမြင်ဖြစ်ပါသည်။ကျွန်တော့်အမြင်မှာ အများနှင့်တူချင်မှတူမည်။ သို့သော် လက်တွေ့တွင် ဤသို့တွေ့နေရသည်။

နိစ္စဓူဝမြင်တွေ့နေကြများထဲတွင် သတ်မှတ်ထားသော လူကူးမျဉ်းကျားမှ လမ်းမကူးဘဲ လမ်းဖြတ်မကူးရသောနေရာမှ လမ်းဖြတ်ကူးသည်၊ လူကူးခုံးကျော်တံတား ပြုလုပ်ထားသော်လည်း အသုံးမပြုဘဲ အောက်ခြေမှ လမ်းကူးသည်။ ယာဉ်မရပ်ရသည့် နေရာတွင် ယာဉ်ရပ်သည်၊ အမှိုက်စွန့်ပစ်ရန် အမှိုက်ပုံးထားရှိသော်လည်း အမှိုက်ပုံးတွင် အမှိုက်မစွန့်၊ ကွမ်းတံတွေးမထွေးရဟုရေးထားသောနေရာတွင် ကွမ်းတံတွေးထွေးသည်၊ စည်းကမ်းမလိုက်နာမှုများကိုရေးလျှင် ကုန်နိုင်မည်မဟုတ်ပေ။

**စည်းကမ်းမလိုက်နာသူများ**

အခြေခံစည်းကမ်းကို မလိုက်နာသရွေ့ တိုးတက်ဖို့ မျှော်မှန်းရန်မဖြစ်နိုင်သေး။ လူတစ်ဦးချင်းမှသည် အားလုံးလိုက်နာကြလျှင် မဝံ့မရဲမျှော်မှန်းကြည့်နိုင်သည်။ စိတ်ဓာတ်ပိုင်း၊ စည်းကမ်းပိုင်းတို့ တစ်ဦးချင်းလိုက်နာလာလျှင် ပြောင်းလဲမှုဖြစ်လာပါမည်။ အများလိုက်နာဆောင်ရွက်နေသည့်ကြားတွင် တစ်ဦးတစ်ယောက်မှ စည်းကမ်းဖောက်ဖျက်လာလျှင် ထိုဖောက်ဖျက်သူအပေါ်တွင် ပတ်ဝန်းကျင်မှအမြင် လွှမ်းခြုံကာ ဖယ်ကြဉ်ပါက သူ့အလိုလိုရှက်လာပြီး ပြင်လာလိမ့်မည်ဟု ထင်ပါသည်။ ယခုကတော့ စည်းကမ်းမလိုက်နာသူများခြင်းကြောင့် အလိုတူအလိုပါဖြစ်ကာ ဘယ်သူမှရှက်စရာမလိုတော့။ ကားပေါ်မှလူလည်း လမ်းပေါ်အမှိုက်ပစ်ချသည်၊ လမ်းပေါ်က လူကလည်း လမ်းပေါ်အမှိုက်ပစ်ချသည်။ ကားစီးနိုင်တာ၊ မစီးနိုင်တာသာကွာသည်၊ စိတ်ဓာတ်ကတော့ အတူတူပင်ဖြစ်သည်၊ အတိတ်ကုသိုလ်ကံအရ ဘဝအခြေမတူကြရတာပဲဖြစ်သည်။

တရုတ်နိုင်ငံသည် ပြည်တွင်းခရီးသွားလုပ်ငန်း (Domestic Tourism) ဖွံ့ဖြိုးသောနိုင်ငံဖြစ်ပါသည်။ ၎င်းတို့နိုင်ငံအတွင်း ခရီးလှည့်လည်သွားလာမှုကပင် ၄ ဒသမ ၄၄ ဘီလီယံကျော်ရှိပါသည်။ ယူနန်ပြည်နယ်မှ တရုတ်နိုင်ငံသားခုနစ်သန်းခန့်သည် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် တာဆူနေကြသည်။ ဟိုင်နန်ကျွန်းသို့ တရုတ်နိုင်ငံသားညှော့သည်များ သန်း ၆၀ ခန့်လာရောက်လည်ပတ်ကြကြောင်း သိရှိရသည်။ လာရောက်လည်ပတ်သော တရုတ်ပြည်တွင်း ညှော့သည်များ၊ ဟိုင်နန်ကျွန်းမှ တရုတ်လူမျိုးများသည် ဟိုင်နန်ကျွန်းတွင်လည်းကောင်း၊ ဟိုတယ်များတွင်လည်းကောင်း စည်းကမ်းမဲ့စွာ သွားလာနေထိုင်ခြင်း၊ အမှိုက်စွန့်ပစ်ခြင်း၊ ဥပဒေချိုးဖောက်ခြင်းများကို မတွေ့မြင်ခဲ့ရပေ။ သူတို့နိုင်ငံ၊ သူတို့မြို့ရွာ၏ စည်းကမ်းအတိုင်း လိုက်နာနေထိုင်ကြသည်။ သို့အတွက်ကြောင့်လည်း မြင်မြင်သမျှ လေ့လာလည်ပတ်ခဲ့သမျှ နေရာများ၊ လမ်းများတွင် သန့်ရှင်းသပ်ရပ်သာယာလှပနေသည်ကို တွေ့ရသည်။

သန့်ရှင်းသပ်ရပ်၊ သာယာလှပမှုသည် လာရောက်လည်ပတ်သူတို့အပေါ် စိတ်ချမ်းသာမှုနှင့် စိတ်ကြည်နူးမှုကို ရရှိစေပါသည်။ ဟိုင်နန်ကျွန်းတွင် မြင်မြင်သမျှအရာများမှာ သန့်ရှင်းသာယာလှပလွန်းသည်။ ပြည်တွင်းခရီးသွားထွန်းကားခြင်းကြောင့် ခရီးသွားလုပ်ငန်းနယ်ပယ်အသီးသီးရှိ ဆက်စပ်လုပ်ငန်းများမှာ စီးပွားရေးကောင်းမွန်လှသည်။ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ အမှတ်တရအရောင်းဆိုင်များ၊ ပို့ဆောင်ရေးယာဉ်များ၊ လေကြောင်းလိုင်းများမှာ စည်ကားလွန်းလှသည်။



ဟိုင်နန်ကျွန်း၏ မြို့ပြစည်ပင်ဖွံ့ဖြိုးမှုကို တွေ့ရစဉ်

**ခရီးသွားလုပ်ငန်းအားပေး**

ကျွန်တော်တို့နိုင်ငံတွင်လည်း ပြည်တွင်းခရီးသွားလုပ်ငန်း ယခင်ထက်စာလျှင် တိုးတက်ဖြစ်ထွန်းလာသည်ကို တွေ့ရသည်။ နိုင်ငံခြားခရီးသွားများ လာရောက်လည်ပတ်ခြင်းကြောင့် နိုင်ငံခြားငွေ ရရှိသည်။ ပြည်တွင်းခရီးသွားများ များပြားလာမှုကြောင့် ခရီးသွားလုပ်ငန်းနှင့် ဆက်နွှယ်သော ဟိုတယ်၊ တည်းခိုခန်းပို့ဆောင်ရေး၊ စားသောက်ဆိုင်၊ အမှတ်တရအရောင်းဆိုင်၊ ဒေသန္တရညှော့လမ်းညွှန်များအပြင် ဆက်နွှယ်သောလုပ်ငန်းမှန်သမျှ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းကာ ရောင်းဝယ်ဖောက်ကားမှု ကောင်းမွန်လာသည်။ ငွေလည်ပတ်စီးဆင်းမှု ကျယ်ပြန့်လျင်မြန်လာသည်။ သို့အတွက် မိမိတို့နိုင်ငံတွင်လည်း နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များကိုရည်မျှော်၍ ဆောင်ရွက်သကဲ့သို့ ပြည်တွင်း ခရီးသွားလုပ်ငန်းကိုလည်း အားပေးမြှင့်တင်သင့်ပါသည်။

ပြည်တွင်းပြည်ပခရီးသွားများအား ရည်မျှော်၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်အတွက် အနည်းဆုံးခရီးစဉ်ဒေသတည်ရှိရာ မြို့များအား Green City အဖြစ် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ သန့်ရှင်းသာယာလှပသော ဥယျာဉ်ကြီးတစ်ခုသဖွယ်ဖြစ်စေရန် ကြိုးစားကြဖို့ လိုအပ်ပါသည်။

ရဲဘော်သုံးကျိပ် စစ်ပညာသင်ရန် လာရောက်ခဲ့သော ဟိုင်နန်ကျွန်းသည်လည်းကောင်း၊ စစ်ပညာသင်ကြားရာ ဟိုင်နန်ကျွန်းရှိ ဆန်းရမြို့သည်လည်းကောင်း၊ ထိုအချိန်က သစ်တောကြီးများဖြင့် ထူထပ်စွာ ဖုံးလွှမ်းမှုရှိခဲ့ကြမည်ဖြစ်သော်လည်း ယခုအခါ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ကျွန်းတစ်ကျွန်းဖြစ်နေပြီ ဖြစ်သည်။

ဟိုင်နန်ကျွန်းတွင် မြင်မြင်သမျှစိမ်းလန်းစိုပြည်စွာဖြင့် သစ်ပင်၊ ပန်းပင်၊ အရိပ်ရပင်၊ အလှပင်များ နေရာမလပ်စိုက်ထားသည်။ သစ်တောပြုန်းတီးခြင်း၊ သဘာဝပတ်ဝန်းကျင်ယိုယွင်းခြင်း၏ ဆိုးကျိုးများကိုခံစားသိရှိကြပြီးဖြစ်၍ လည်းကောင်း၊ မိမိတို့မြို့ကို မိမိတို့ကိုယ်တိုင်ထိန်းသိမ်းခြင်းဖြင့် ရရှိသော အကျိုးများကို လက်တွေ့ခံစားနေရခြင်းကြောင့်လည်းကောင်း၊ မြို့ကြီးများကို ဥယျာဉ်ကြီးတစ်ခုသဖွယ် စနစ်တကျစီမံခန့်ခွဲကာပြုပြင်မွမ်းမံ တည်ဆောက်ထားကြသည်။

*စာမျက်နှာ ၉ သို့*

# ကျန်းမာရေးဓာတ်ခွဲစစ်ဆေးခန်းများ တရားမဝင်ဆောင်ရွက်နေကြောင်း သိရှိပါက ဥပဒေနှင့်အညီ အရေးယူမည်

**နေပြည်တော်  ဇွန်  ၂၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ **(ယာပုံ)** မေးခွန်းသုံးခု မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု အတည်ပြုခြင်း၊ ဥပဒေကြမ်းတစ်ခုတင်သွင်းခြင်းနှင့် အဆို(၁) ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။




**ချက်ချင်းပိတ်ပင်နိုင်ရေး**

အစည်းအဝေးတွင် မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာ ဦးသန်းအောင်စိုး၏ **"ကျန်းမာရေး ဓာတ်ခွဲစစ်ဆေးခန်းများ တရားဝင်မှတ်ပုံတင်ထားခြင်း ရှိ၊ မရှိနှင့် မှတ်ပုံတင်ထားရန် လိုအပ်ချက်များနှင့် မည်သည့်ဌာနမှ မှတ်ပုံတင်လက်မှတ်ထုတ်ပေးပါသနည်း၊ ဓာတ်ခွဲအဖြေများအပေါ် မည်ကဲ့သို့တာဝန်ယူမှု၊ တာဝန်ခံမှုရှိပါသနည်း၊ ဆေးရုံ၊ ဆေးခန်းများတွင် ကုသမှုခံယူရာ၌ စစ်ဆေးပြီးသော ဓာတ်ခွဲအဖြေများကို အတည်မယူဘဲ ထပ်မံစစ်ဆေးစေခြင်းများကို မည်သို့ဆောင်ရွက်ပေးနိုင်မည်နှင့် ပြည်သူ့ဆေးရုံတွင် တက်ရောက်နေသော လူနာများ ပြင်ပဆေးခန်းများသို့ထွက်၍ MRI ရိုက်နေရသောကြောင့် ဆေးရုံကြီးများတွင် MRI စက်ကြီးများ workload နှင့်အညီ တိုးပေးနိုင်ခြင်း ရှိ၊ မရှိ"** မေးခွန်းများနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျန်းမာရေး ဓာတ်ခွဲစစ်ဆေးခန်းများ တရားဝင်မှတ်ပုံတင်ရှိမှသာ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုပါကြောင်း၊ တရားမဝင်ဆောင်ရွက်နေကြောင်းသိရှိပါက ချက်ချင်းပိတ်ပင်နိုင်ရေး ဆောင်ရွက်မည်ဖြစ်ပြီး ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း။

ပုဂ္ဂလိက ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းအမျိုးအစား သုံးမျိုးရှိပါကြောင်း၊ အခြေခံဓာတ်ခွဲ၊ သာမန်ဓာတ်ခွဲနှင့် အထူးဓာတ်ခွဲတို့ဖြစ်ပါကြောင်း၊ ယင်းသုံးခု၏ အခြေခံလိုအပ်ချက်များကို ၂၀၁၇ ခုနှစ်အတွင်း အမိန့်ကြော်ငြာစာ သို့မဟုတ် ညွှန်ကြားချက်များ ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီကစ၍ တိုင်းဒေသကြီးနှင့် ပြည်နယ် ပုဂ္ဂလိကကျန်းမာရေးဆိုင်ရာ ကြီးကြပ်ရေးကော်မတီက ဓာတ်ခွဲခန်းများကို ကြီးကြပ်စစ်ဆေးပြီး လိုင်စင်များ ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း၊ အထူးဓာတ်ခွဲခြင်း မှတ်ပုံတင်လက်မှတ်ကို နေပြည်တော်ပုဂ္ဂလိက ဗဟိုကျန်းမာရေးကြီးကြပ်မှုအဖွဲ့က ထုတ်ပေးပါကြောင်း၊ အခြေခံဓာတ်ခွဲခြင်းနှင့် သာမန်ဓာတ်ခွဲခြင်း မှတ်ပုံတင်လက်မှတ်ကို တိုင်း ဒေသကြီးနှင့် ပြည်နယ်များရှိ ပုဂ္ဂလိက ကျန်းမာရေးဆိုင်ရာ ကြီးကြပ်ရေးကော်မတီက ထုတ်ပေးမည်ဖြစ်ပါကြောင်း။

**ဦးစားပေးနှစ်အလိုက်**

ဓာတ်ခွဲခန်းအရည်အသွေးထိန်းချုပ်ခြင်း၊ စံကိုက်နှင့်ညီ၊ မညီ စစ်ဆေးခြင်းများကို လုပ်ဆောင်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကမှ ဓာတ်ခွဲစမ်းသပ်မှု အဖြေများအား မှန်၊ မမှန် ပြည်သူ့ဆေးရုံ ဓာတ်ခွဲခန်းများ ပြန်လည်စစ်ဆေးမှုများရှိပါကြောင်း၊ သို့သော်အားလုံးကို မလွှမ်းခြုံနိုင်သေးပါကြောင်း၊ ဆေးရုံ၊ ဆေးခန်းများတွင် ကုသမှုခံယူရာ၌ စစ်ဆေးပြီးသော ဓာတ်ခွဲအဖြေများကို အတည်မယူဘဲ ထပ်မံစစ်ဆေးစေခြင်းကိစ္စသည် တာဝန်ခံကုသပေးသော ဆရာဝန်အပေါ်၌သာ မူတည်ပြီး ၎င်းမှထပ်မံစစ်ဆေးပေးရန် တောင်းဆိုပါက ထပ်မံစစ်ဆေးပေးရပါကြောင်း၊ တစ်နိုင်ငံလုံးတွင် MRI စက် ၁၂ ခုရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် ဆေးရုံများတွင် လိုအပ်သည့် ဆေး၊ MRI စက်အပါအဝင် ဆေးရုံသုံးပစ္စည်းများကို ဦးစားပေးနှစ်အလိုက် ဝယ်ယူနေပါကြောင်း ဖြေကြားသည်။

ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို၏ **"ကျောက်ပန်းတောင်းမြို့နယ်ရှိ ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံကြီးအား ခုတင် ၁၀၀ ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်း ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ခုတင် ၅၀ ဆံ့ဆေးရုံမှ ခုတင် ၁၀၀ ဆံ့ဆေးရုံ အဆင့်သို့ တိုးမြှင့်မည်ဆိုပါက ခုတင်အသုံးချမှုနှုန်းမှာ ခုတင် ၁၅၀ ရှိရမည်ဖြစ်ကြောင်း၊ ယင်းဆေးရုံသည် ခုတင်အသုံးချမှုနှုန်း ၁၅၀ မရှိသေးပါကြောင်း၊ မကြာခင် ခုတင် ၁၅၀ ပြည့်ရန် အလားလာရှိပါကြောင်း၊ ကျောက်ပန်းတောင်းဆေးရုံအား ခုတင် ၅၀ ဆံ့ဆေးရုံမှ ခုတင် ၁၀၀ ဆံ့ ဆေးရုံအဖြစ်သို့ လောလောဆယ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၏ **ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်ကျေးရွာ တိုက်နယ်ဆေးရုံတွင် ခွင့်ပြု(ဝန်ထမ်း)အင်အား အပြည့်အဝခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယိုးတရုတ်တိုက်နယ်ဆေးရုံတွင် လက်ထောက်ဆရာဝန်တစ်ဦး ရှိပါကြောင်း၊ အထက်တန်းသူနာပြု ခွင့်ပြုနှစ်ဦး၊ ခန့်ထားနှစ်ဦး၊ သူနာပြု ခွင့်ပြုလေးဦး၊ ခန့်ထားတစ်ဦး၊ လစ်လပ်သုံးဦးရှိပါကြောင်း၊ သူနာပြုလိုအပ်ချက်ကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ပြီး လောလောဆယ် လက်ထောက်ဆရာဝန်တစ်ဦးအား ထပ်မံခန့်ထားပေးနိုင်ခြင်း မရှိပါကြောင်း၊ လာမည့် တစ်ပတ်အတွင်း သစ်လွင်ဆရာဝန် ၁၇၀၀ ခန့်အပ်ရန် လျှောက်လွှာခေါ်ယူမည်ဖြစ်ကြောင်း၊ အဆိုပါဆရာဝန်များ ရရှိလာပါက ရခိုင်ပြည်နယ်ကို ဦးစားပေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

**ကျန်းမာရေးအာမခံစနစ်**

ထို့နောက် ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာဦးစံရွှေဝင်း တင်သွင်းထားသည့် **လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များ** (Universal Health Coverage) **ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ဆင်းရဲနွမ်းပါးသူများအပါဝင် နိုင်ငံသားတိုင်းထိရောက်သည့် ကျန်းမာရေးဝန်ဆောင်မှုများ အချိန်မီရရှိစေရေး၊ ယင်းကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းစဉ်များအတွက် လိုအပ်သည့် ရန်ပုံငွေများ လုံလောက်စွာ ရရှိနိုင်ရေးအတွက် ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် အမျိုးသားကျန်းမာရေးအာမခံစနစ်** (National Health Insurance System) **တည်ထောင်ဆောင်ရွက်သွားရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့် စပ်လျဉ်း၍ ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ၊ ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာဦးထွန်းလင်းမော်၊ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင်၊ ငါန်းဇွန်မဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးဇင်လတ်၊ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၊ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၊ ဟသ်ာတမဲဆန္ဒနယ်မှ ဦးခင်မောင်ရီ၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမိုးမြင့်အောင်၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာ ဦးစောနိုင်တို့က ဆွေးနွေးကြပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမျိုးသားကျန်းမာရေးအာမခံစနစ်ကို အမြန်ဆုံးလုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ ယင်းစနစ်ကို စတင်ဆောင်ရွက်ရန် အစီအစဉ်များကို စဉ်းစားချမှတ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ အတည်ပြုခြင်း၊ **မြန်မာနိုင်ငံ လင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း** တင်သွင်းခြင်းနှင့် အစီရင်ခံစာဖတ်ကြားခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်၊**
**အေးအေးသန့်(သတင်းစဉ်)**

# ခမ်းပါတ်မြို့နှင့် ဆမီးမြို့တို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲဖွင့်လှစ်ရန် အစီအစဉ်မရှိသေး

**နေပြည်တော်  ဇွန်  ၂၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ **တမူးခရိုင် ခမ်းပါတ်မြို့တွင် မြန်မာ့စီးပွားရေးဘဏ်(ခွဲ) တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ရုံးချုပ်ဌာနကြီးခြောက်ခုအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်ရုံး ၁၄ ခု၊ ခရိုင်၊ ကွပ်ကဲဘဏ်ခွဲ ၇၆ ခု၊ မြို့နယ်ဘဏ်ခွဲ ၂၁၅ ခု၊ ဘဏ်ငွေတိုက်ခွဲ ၁၈ ခု၊ ကိုယ်စားလှယ်ရုံးခွဲ ခြောက်ခု စုစုပေါင်းဘဏ်ခွဲ ၃၃၅ ခု ဖွင့်လှစ်၍ ပြည်သူများအား ဘဏ်ဝန်ဆောင်မှုများ ပေးလျက်ရှိပါကြောင်း။

**ကုန်ကျစရိတ်အရှုံးခံ**

မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များ၏ အဓိက ကွာခြားချက်မှာ ပုဂ္ဂလိကဘဏ်များသည် ဘဏ်ခွဲမည်မျှပင် များပြားပါစေ နယ်စွန်နယ်ဖျားမြို့နယ်အသေးပါမကျန် ဖွင့်လှစ်နိုင်ခြင်းမဟုတ်ဘဲ စီးပွားရေးတွက်ခြေကိုက်မည့်နေရာတွင်သာ ရွေးချယ်ဖွင့်လှစ်ကြခြင်းဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်သည် အစိုးရဌာန စာရင်းများရှိသဖြင့် နယ်စွန်နယ်ဖျားပါမကျန် မြို့နယ်အသေးလေးများအထိ ကုန်ကျစရိတ်အရှုံးခံ၍ ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း။

ဘဏ်တစ်ခု ဖွင့်လှစ်နိုင်ရန် ဒေသ၏ စီးပွားရေး၊ လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများအပြင် လူအင်အား၊ မြေနေရာ၊ အဆောက်အအုံစသည်ဖြင့် အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး ဖွင့်လှစ်ရပါကြောင်း။

**ဒေသဖွံ့ဖြိုးတိုးတက်မှု**

ခမ်းပါတ်မြို့သည် လူမှုရေး၊ စီးပွားရေး၊ ဒေသန္တရ အခြေအနေအရ ဘဏ်ခွဲဖွင့်လှစ်ရန် သင့်လျော်သော အနေအထားတွင် ရှိသော်လည်း လုံခြုံရေးအနေဖြင့် တပ်မတော် တပ်ရင်း တပ်ဖွဲ့ မရှိဘဲ ခမ်းပါတ်ရဲစခန်းနှင့် တပ်မတော်စစ်ကြောင်းရုံး တစ်ခုသာရှိခြင်း၊ လျှပ်စစ်မီးမရရှိခြင်း၊ ဆက်သွယ်ရေးအနေဖြင့် ကြိုးဖုန်း၊ အော်တိုတယ်လီဖုန်းများ မရရှိသေးခြင်းတို့ကြောင့် လောလောဆယ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ရန် အစီအစဉ် မရှိသေးပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြချက်ကို အလေးထားပြီး မြို့၏ လူမှုစီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို သင့်လျော်သောအချိန်တွင် ဘဏ်တိုက်ခွဲ သို့မဟုတ် ဘဏ်ခွဲ ဖွင့်လှစ်ရန် သုံးသပ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၏ **ပလက်ဝမြို့နယ် ဆမီးမြို့ပေါ်တွင် မြန်မာ့စီးပွားရေးဘဏ်(ခွဲ)တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဆမီးမြို့သည် လုံခြုံရေးအနေအထားအရ တပ်မတော် တပ်ရင်း တပ်ဖွဲ့များ၏ အခြေစိုက်ခြင်းမရှိဘဲ ရဲစခန်းတစ်ခုသာရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးတွင် ဆိုင်ကယ်ဖြင့်သာ အဓိကသွားလာနိုင်ခြင်း၊ ဆက်သွယ်ရေးအနေဖြင့် ဖုန်းလိုင်းများ မရရှိခြင်းတို့ကြောင့် လောလောဆယ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ရန် အစီအစဉ် မရှိသေးပါကြောင်း၊ ဆမီးမြို့၏ လူမှုစီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ ဒေသ၏ တိုးတက်ဖွံ့ဖြိုးမှု အခြေအနေများအရ သင့်လျော်သော အချိန်တွင် ဘဏ်ခွဲ သို့မဟုတ် ဘဏ်ငွေ တိုက်ခွဲ ဖွင့်လှစ်နိုင်ရေးအား သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ဦးမောင်မောင်ဝင်း
ဒုတိယဝန်ကြီး



ဦးမောင်မောင်လတ်
စစ်ကိုင်းတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ် (၉)

**အကြံပြုချက်များကို အခြေခံ**

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း၏ **၂၀၁၂ ခုနှစ် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေ အခန်း(၁၃)၊ ပုဒ်မ ၆၂ တွင် ပါရှိသည့်အတိုင်း သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်တို့အတွင်း ဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲရာတွင် အစိုးရအဖွဲ့မှ လွှတ်တော်ကိုယ်စားလှယ်များအား တိုင်ပင်ညှိနှိုင်းဆွေးနွေးရန်အတွက် ထည့်သွင်းဖွဲ့စည်းရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရာတွင် ဒေသခံပြည်သူများ၏ လိုအပ်ချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များကို အခြေခံ၍ လုပ်ငန်းအလိုက် အကောင်အထည်ဖော်သည့် မြို့နယ်အဆင့် သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးညှိနှိုင်းခြင်း၊ ဆောင်ရွက်လိုသည့် လုပ်ငန်းများ၏ ကုန်ကျစရိတ် တွက်ချက်ခြင်းများ ပြုလုပ်၍ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေးများတွင် ထည့်သွင်းတင်ပြဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းတို့ ပြုလုပ်ကာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အသုံးပြုသော ဌာနဖြစ်ပါက ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ တစ်ဆင့် ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုလွှတ်တော်သို့ လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘဏ္ဍာရန်ပုံငွေ သုံးစွဲသော ဌာနများဖြစ်ပါက တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့နှင့် လွှတ်တော်များသို့ လည်းကောင်း တင်ပြအတည်ပြုချက်ရယူပြီး အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

**စီမံကိန်းရေးဆွဲ**

နှစ်စဉ် ဒေသန္တရ စီမံကိန်းများ ရေးဆွဲရာ၌ မြို့နယ်အလိုက် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစီမံကိန်းများကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးညှိနှိုင်းခြင်း၊ မြို့နယ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီအစည်းအဝေးများ ကျင်းပရာတွင် လွှတ်တော်ကိုယ်စားလှယ်များအား ဖိတ်ကြား၍ အကြံဉာဏ် တောင်းခံခြင်းတို့ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊

*စာမျက်နှာ ၈ သို့*

# အခွန်အကောက်များ အပြည့်အဝရရှိစေရန် ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၂

**ပြည်ထောင်စုအစိုးရအနေဖြင့် အခွန်အပြည့်အဝရရှိစေရန်နှင့် အခွန်ရှောင်ရှားမှု၊ ယိုဖိတ်မှုများ လျော့နည်းစေရန်၊ အခွန်စနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် စီမံချက်များကို စနစ်တကျ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။**



အစည်းအဝေးတွင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ စောယျောဖောင်အွာ၏ **ဥပဒေနှင့်အညီ အခွန်ကောက်ခံရာတွင် အခွန်အပြည့်အဝရရှိနိုင်ရန်နှင့် အခွန်ရှောင်ရှားမှုများ၊ အခွန်ယိုဖိတ်မှုများလျော့နည်းစေရန် ပြည်ထောင်စုအစိုးရအနေဖြင့် လုပ်ငန်းစဉ်များ၊ စီမံချက်များ စီစဉ်ဆောင်ရွက်ထားခြင်း ရှိ၊ မရှိနှင့် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၏ ပြန်လည်ရှင်းလင်း ဖြေကြားချက်အရ သိရှိရခြင်းဖြစ်သည်။ **(ယာပုံ)**

**ခေတ်မီအခွန်ဌာနတစ်ခု ဖြစ်လာရန်**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်တွင်းအခွန်များ ဦးစီးဌာနသည် နိုင်ငံတော်၏ အခွန်အကောက် ရငွေများအတွက် အဓိက တာဝန်ယူကောက်ခံနေသည့် အဖွဲ့အစည်းဖြစ်ပြီး အလွန်ထိရောက် ထက်မြက်သည့် အခွန်စီမံခန့်ခွဲမှု လုပ်ငန်းများကို ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်သည့် နိုင်ငံတကာ အသိအမှတ်ပြု ခေတ်မီအခွန်ဌာနတစ်ခု ဖြစ်လာရန် မျှော်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း။

**အကူအညီများရယူ**

ယင်းမျှော်မှန်းချက် အောင်မြင်ရန်အတွက် မူဝါဒ၊ ရည်မှန်းချက်၊ မဟာဗျူဟာ၊ နည်းဗျူဟာများကိုလည်း ချမှတ်ထားရှိပါကြောင်း၊ လက်ရှိအနေအထားဖြစ်သော အခွန်ရုံးမှ အခွန်စည်းကြပ်သည့်စနစ်မှ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်သို့ ပြောင်းလဲနိုင်ရန်နှင့် ကုန်သွယ်လုပ်ငန်းခွန်အား ကုန်စည်နှင့် ဝန်ဆောင်မှုခွန်သို့ ပြောင်းလဲနိုင်ရန် ပထမဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် World Bank, IMF, ADB, USOTA တို့၏ နည်းပညာနှင့် အတတ်ပညာဆိုင်ရာ အကူအညီအထောက်အပံ့များ ရယူဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့ပြင် လက်ရှိကောက်ခံနေသော အခွန်ရုံးမှ အခွန်စည်းကြပ်သည့် စနစ်သည် အခွန်ထမ်းတင်ပြမှုအပေါ် အခွန်ရုံးမှ စည်းကြပ်သတ်မှတ်ခြင်းဖြစ်ပြီး အဆိုပါစနစ်သည် အခွန်မှူးတစ်ဦးတည်းမှ အခွန်ထမ်းဝန်ဆောင်မှုလုပ်ငန်း၊ အခွန်စာရင်းစစ်ဆေးခြင်းလုပ်ငန်း၊ အခွန်ကောက်ခံခြင်းလုပ်ငန်းများကို လုပ်ဆောင်ရသည့်အတွက် အခွန်မှူးတစ်ဦးတည်းတွင် လုပ်ပိုင်ခွင့်များရှိနေသဖြင့် လေလွင့်ယိုဖိတ်မှုများ၊ အကျင့်ပျက်ခြစားမှုများ ရှိနိုင်၍ အခွန်ရုံးမှ လုပ်ငန်းကဏ္ဍအလိုက် တာဝန်ယူသည့် စနစ်ဖြစ်သော အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်သို့ ပြောင်းလဲကျင့်သုံးနိုင်ရန် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဖွင့်လှစ်၍ ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ စတင်၍ ပြောင်းလဲဆောင်ရွက်ခဲ့ပါကြောင်း၊ အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်သည် အခွန်ထမ်းများက ၎င်းတို့ရရှိခဲ့သည့် သို့မဟုတ် စုဆောင်းရရှိခဲ့သည့် ဝင်ငွေများကို အခွန်ထမ်းများ ကိုယ်တိုင်တွက်ချက် စည်းကြပ်၍ အခွန်ပေးဆောင်သော ရိုးရှင်းလွယ်ကူသည့် နည်းလမ်းတစ်ခုဖြစ်ပါကြောင်း၊ အခွန်ဝန်ထမ်းများ၏ ပါဝင်စွက်ဖက်မှု နည်းပါးသွားပြီး အဂတိလိုက်စားမှုကိုလည်း လျော့နည်းပပျောက်သွားမည်ဖြစ်ပါကြောင်း။

**ထည့်သွင်းကြေညာ**

ဥပဒေများနှင့်ပတ်သက်၍ ရှင်းလင်းလွယ်ကူသော အခွန်စနစ်ဖြစ်ပေါ်ရန် တည်ဆဲအခွန်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ခေတ်ကာလနှင့်လျော်ညီစွာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းများကို လွှတ်တော်များ၊ ကော်မတီ၊ ကော်မရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အခွန်ဆိုင်ရာ လိုက်နာမှု အားကောင်းရန်နှင့် အခွန်ယဉ်ကျေးမှု ထွန်းကားလာရန် အခွန်ထမ်းများအား အခွန်ဆိုင်ရာ ဝန်ဆောင်မှုပေးခြင်း၊ အခွန်ပညာပေးခြင်းများနှင့်ပတ်သက်ပြီး အခွန်စကားဝိုင်း၊ ဇာတ်လမ်းတိုများဖြင့် ရုပ်မြင်သံကြား အစီအစဉ်များတွင် ထုတ်လွှင့်ကြေညာခြင်း၊ ဂျာနယ်နှင့် သတင်းစာများတွင် အဆက်မပြတ် ထည့်သွင်းကြေညာခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ၎င်းက ဆိုသည်။

ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် အခွန်ကောက်ခံမှု၊ ပေးသွင်းမှုများကို အီလက်ထရွန်နစ်စနစ်ဖြင့် ဆောင်ရွက်နိုင်ရန် MPU Card မှတစ်ဆင့် အခွန်ပေးသွင်းခြင်းကို ၂၀၁၅ ခုနှစ် အောက်တိုဘာလမှစတင်၍ သီလဝါ အထူးစီးပွားရေးဇုန်ရှိ ကုမ္ပဏီများအား စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်၍ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးတွင် ဆက်လက်ကျင့်သုံးခဲ့သည်။ MPU Card စနစ်ဖြင့် အခွန်ငွေပေးသွင်းခြင်းအား ဆက်လက်၍ ကျယ်ပြန့်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

**ပြန်လည်ဖွင့်လှစ်**

တရားမဝင် ကုန်သွယ်မှုများနှင့်ပတ်သက်၍ ရှောင်တခင်စစ်ဆေးခြင်းများကို အထူးကင်းအဖွဲ့များ ဖွဲ့စည်း၍ ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်တွင် စစ်ဆေးဆောင်ရွက်လျက်ရှိသည့်အပြင် မူဆယ် - မန္တလေး လမ်းကြောင်းရှိ ရေပူစစ်ဆေးရေးစခန်း၊ မြဝတီ - ရန်ကုန် လမ်းကြောင်းရှိ မရမ်းချောင်စစ်ဆေးရေးစခန်းများကို နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ပြန်လည်ဖွင့်လှစ်ပြီး တရားမဝင် တင်သွင်းတင်ပို့မှုများကို ဖမ်းဆီးတားဆီးဆောင်ရွက်လျက်ရှိကြောင်း ဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။

**သူရဇော်**

*စာမျက်နှာ ၇ မှ*

စီမံကိန်းရေးဆွဲခြင်းနှင့် ကြီးကြပ်အကောင်အထည်ဖော်ခြင်း၊ စောင့်ကြပ် ကြပ်မတ်ခြင်းတို့မှ အစိုးရဌာနအဆင့်ဆင့်က တာဝန်ယူ၊ တာဝန်ခံမှုတို့ဖြင့် ဆောင်ရွက်ရမည့် ကိစ္စရပ်များဖြစ်သောကြောင့် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီများတွင် လွှတ်တော်ကိုယ်စားလှယ်များ ထည့်သွင်းခြင်းမပြုဘဲ၊ အစည်းအဝေးကျင်းပချိန်၌သာ အထူးဖိတ်ကြားသူအနေဖြင့် ပါဝင်တက်ရောက်၍ အကြံဉာဏ်များပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ပြည်သူဗဟိုပြုဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲခြင်းလုပ်ငန်းစဉ်ကို ဖော်ဆောင်နိုင်ရန် စီစဉ်ထားပါကြောင်း။

**ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်**

ယခုလက်ရှိ ဖွဲ့စည်းထားရှိပြီးဖြစ်သော တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီများအနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်သူကို ဗဟိုပြု၍ ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းကော်မတီ အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များ အထူးဖိတ်ကြား၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်များ၊ ပူးပေါင်းကူညီမှုများ ရယူဆောင်ရွက်ရန် ညွှန်ကြားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ စောယျောဖောင်အွာနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဒေါက်တာ ဦးကြွယ်ကြွယ်တို့၏ မေးခွန်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

**ဥပဒေများရေးဆွဲ**

ထို့နောက် **တာတမံ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ရှောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းက တာတမံဥပဒေကြမ်းပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံး ထောင်ဒဏ်နှစ်နှစ်အထိ ချမှတ်ရန် ပြည်သူ့လွှတ်တော်၏ အဆိုပြုချက်အား အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံး ထောင်ဒဏ် တစ်နှစ်အထိ ဖြစ်စေ၊ ငွေကျပ် နှစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ ပြင်ဆင်ရန် လိုအပ်ပါကြောင်း၊ ထိုသို့ ပြင်ဆင်ရခြင်းသည် ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ကာကွယ်ပေးသည့် ဥပဒေများရေးဆွဲရသည့်အတွက် ပြည်သူများ ကြောက်လန့်ရုံသာ ရည်ရွယ်ဆောင်ရွက်သင့်ပါကြောင်း၊ နစ်နာစေခြင်း၊ နာကြည်းစေခြင်း မဖြစ်ရန်လိုအပ်သည့်အတွက် ယခုကဲ့သို့ ပြင်ဆင်ရခြင်းဖြစ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားရာ လွှတ်တော်က ဥပဒေကြမ်းကော်မတီတွင် ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ဇွန် ၂၃ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**

## ဥတ္တရခရိုင်ရဲတပ်ဖွဲ့ အမှုစစ်(အရာရှိ)လုပ်ငန်း မွမ်းမံသင်တန်းဖွင့်

**နေပြည်တော် ဇွန် ၂၂**

နေပြည်တော်ရဲတပ်ဖွဲ့ ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှ ကြီးမှူးဖွင့်လှစ်သည့် အမှုစစ်(အရာရှိ) လုပ်ငန်းခွင် မွမ်းမံသင်တန်းအမှတ်စဉ်(၂/၂၀၁၇)ကို ဇွန် ၁၉ ရက် နံနက် ၉ နာရီက ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမတွင်ကျင်းပရာ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၏ ကိုယ်စား ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူး ယာယီ - ဒုတိယရဲမှူးကြီး ခင်မောင်သန်းက သင်တန်းဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။

သင်တန်းကို ဇွန် ၁၉ ရက်မှ ၃၀ အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ စခန်းမှူးများနှင့် မွမ်းမံသင်တန်းသား ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အထွေထွေစီးပွားရေးသမဝါယမအသင်း၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၂**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အထွေထွေစီးပွားရေး သမဝါယမအသင်း၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ အသင်းသားများနှင့် ဇမ္ဗူသီရိမြို့နယ် သမဝါယမဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**



အခမ်းအနားတွင် သဘာပတိ အထွေထွေစီးပွားရေးသမဝါယမအသင်း ဥက္ကဋ္ဌ ဦးမောင်ဖေက အမှာစကား ပြောကြားသည်။ ဆက်လက်ပြီး တွဲဖက်အတွင်းရေးမှူးက အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းနှင့် အသားတင် အကျိုးအမြတ်ခွဲဝေမှုကိုလည်းကောင်း ဖတ်ကြားတင်ပြပြီး အသင်းသားများ၏ အတည်ပြုချက်ကို ရယူကာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် အမှုဆောင်သစ်များကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အထွေထွေစီးပွားရေး သမဝါယမအသင်းအနေဖြင့် အသင်းသားများ၏ စုဆောင်းငွေများ၊ အစုရှယ်ယာများဖြင့် အသင်းသားများအား ချေးငွေများထုတ်ချေးပေးခြင်း၊ အမြတ်ငွေများအား အသင်းသားများသို့ ပြန်လည်ခွဲဝေထုတ်ပေးခြင်းများသာမက Coporate Social Responsibilities အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏ သာရေး၊ နာရေး ထောက်ပံ့ငွေများ၊ ပညာသင်ထောက်ပံ့ငွေများကိုပါ ထောက်ပံ့ကူညီပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ-တရုတ်ချစ်ကြည်ရေးပုံရိပ်များ ပန်းချီလက်တွေ့ပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် ဇွန် ၂၂**

မြန်မာ-တရုတ် ချစ်ကြည်ရေးပုံရိပ်များ ပန်းချီလက်တွေ့ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇွန် ၂၂ ရက် နံနက်က အထက (၄)အလုံ သီရိရတနာခန်းမ၌ ကျင်းပခဲ့သည်။

"ကျွန်တော်တို့ One Belt, One Road လုပ်ငန်းစဉ်အရ အခြေခံပညာ ကျောင်းသား ကျောင်းသူများ လက်တွေ့ပန်းချီရေးဆွဲခြင်းပြိုင်ပွဲများကို မြန်မာနိုင်ငံနည်းတူ မကြာမီရက်ပိုင်းများက လာအို၊ ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှာလည်း ကျင်းပပြီးစီးခဲ့ပြီး ယခု မြန်မာနိုင်ငံ၌ ဆက်လက်ကျင်းပခဲ့ခြင်း ဖြစ်ပါတယ်" ဟု တရုတ်နိုင်ငံ တရုတ်အမျိုးသားကုသိုလ်အဖြစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ Mr.Xu yi Xuan က ပြောသည်။

အဆိုပါ ပန်းချီပြိုင်ပွဲတွင် ပထမဆုကို အမှတ်တရ ရုပ်တုနှင့် တရုတ်ယွမ် ၂၀၀၀၊ ဒုတိယဆု ငါးဆုအတွက် တစ်ဆုလျှင် ယွမ် ၁၀၀၀ စီ၊ တတိယဆု ၁၀ ဆု၊ တစ်ဆုလျှင် ယွမ် ၅၀၀ စီ၊ နှစ်သိမ့်ဆု ၈၄ ဆုအတွက် တစ်ဆုလျှင် ယွမ် ၁၀၀ စီနှင့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၅၀၀ အား ကျောပိုးအိတ်အပါအဝင် ကျောင်းသုံးပစ္စည်းများပါဝင်သော Kit Box များကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ တရုတ်အမျိုးသားကုသိုလ်အဖြစ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။



ယခုကျင်းပခဲ့သော ပန်းချီပြိုင်ပွဲတွင် တိုင်းဒေသကြီး ခရိုင်လေးခုအောက်ရှိ အခြေခံပညာကျောင်းများမှ အသက်ခြောက်နှစ်မှ ၁၂ နှစ်အတွင်းရှိ ကျောင်းများမှ တစ်ခရိုင်လျှင် ကျောင်းသား ကျောင်းသူ ၁၂၅ ဦးဖြင့် ခရိုင်လေးခုမှ ကျောင်းသား ကျောင်းသူ ၅၀၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**တင်စိုး(မြန်မာ့အလင်း)**

# သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆိုပြုတင်ပြလာသည့် ဝန်ထမ်းဖွဲ့စည်းပုံများ တိုးချဲ့ဖွဲ့စည်းနိုင်ရန် ဆွေးနွေးညှိနှိုင်း



**နေပြည်တော် ဇွန် ၂၂**

ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆိုပြုတင်ပြလာသည့် ဝန်ထမ်းဖွဲ့စည်းပုံများ တိုးချဲ့ဖွဲ့စည်းနိုင်ရန် စီမံကိန်းနှင့်ဖွဲ့စည်းပုံ စိစစ်ရေးအဖွဲ့၏ (၃/၂၀၁၇)ကြိမ်မြောက် အစည်းအဝေးကို ဇွန် ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ကြီးမှူးကျင်းပခဲ့ရာ**(ယာပုံ)** နယ်စပ်ရေးရာဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီး ဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ အဆိုပြုတင်ပြလာသည့် ဖွဲ့စည်းပုံများ တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့သည်။

ထိုအစည်းအဝေးတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်ရုံးများ၊ တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ပညာရေးဝန်ကြီးဌာန၊ ဆေးတက္ကသိုလ်ငါးခုတို့၏ ပါမောက္ခ၊ ဌာနမှူးများ၏ လစာနှုန်းထားမတူညီမှုကို တစ်ပြေးညီ သတ်မှတ်ပေးခြင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန၊ အကောက်အခွန်ဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနနှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့၏ ဖွဲ့စည်းပုံ တိုးချဲ့ဖွဲ့စည်းခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်တွင် အဆောက်အအုံဦးစီးဌာနဖွဲ့စည်းပုံ ပြင်ဆင်ခြင်း၊ လမ်းဦးစီးဌာနတွင် မြို့ရုံးနှစ်ရုံးနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတစ်ခု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနကြီးကြပ်မှုအောက်တွင် ဟိုတယ်နှင့် ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတစ်ခု အသစ်ထပ်မံဖွဲ့စည်းခြင်းများကို ခွင့်ပြုခဲ့သည်။

ထို့ပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် ဝန်ကြီးရုံးဖွဲ့စည်းပုံတိုးချဲ့ခြင်း၊ ကုသရေးဦးစီးဌာန၊ ပုဗ္ဗသီရိမြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအား သွားနှင့်ခံတွင်းရောဂါ အထူးကုဆေးရုံအဖြစ် ပြင်ဆင်ဖွဲ့စည်းခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်များ၊ ကျေးရွာများတွင် ဆေးရုံအဆင့်မြှင့်တင်ခြင်းများနှင့် ဗဟိုဆေးသိုလှောင်ရေးဌာနခွဲတစ်ခုကို အသစ်ဖွင့်လှစ်ခြင်းတို့ကို ခွင့်ပြုခဲ့ပါသဖြင့် နိုင်ငံတော်၏ အမျိုးသား ကျန်းမာရေးမူဝါဒနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှု စွမ်းရည်ပြည့် ဆောင်ရွက်ပေးနိုင်စေရန်နှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေး အနီးကပ်စောင့်ရှောက်မှုများ ပြည့်ဝစွာရရှိခံစားနိုင်စေရန်၊ ခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန်၊ ကျေးလက်လမ်းများ တိုးတက်ကောင်းမွန်လာစေရန်၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ အတွေးခေါ်အသိအမြင်၊ ဗဟုသုတများ ပိုမိုကျယ်ပြန့်လာစေရန်၊ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာလာစေရန်နှင့် နယ်စပ်ဒေသများတွင် လူသားအရင်းအမြစ်များ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆွေးနွေးညှိနှိုင်းခဲ့ပါကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုက်နယ်ဆရာဝန်အလုပ်ရုံဆွေးနွေးပွဲမှ ဆွေးနွေးချက်များ၊ အကြံပြုချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးမည်



နေပြည်တော် ဇွန် ၂၂

**တိုက်နယ်ဆရာဝန်အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၂ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။** (ယာပုံ)

အမြဲတမ်းအတွင်းဝန်က တိုက်နယ်ဆရာဝန်များ၏ စွမ်းဆောင်ရည်ကောင်းမွန်စေရေးမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အသက် တမျှ အရေးကြီးသောကိစ္စဖြစ်ပါကြောင်း၊ ကျေးလက်ဒေသရှိ တိုက်နယ်ဆေးရုံများတွင် တာဝန်ထမ်းဆောင်နေသော ဆရာဝန်များ၏ လုပ်ငန်းလိုအပ်ချက်၊ အခက်အခဲအတားအဆီးများ၊ လိုလားတောင့်တချက်များကို သိရှိနားလည်ပြီး လိုအပ်သလို ဖြည့်ဆည်းပံ့ပိုးပေးနိုင်မှသာလျှင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ လိုလားချက်များဖြစ်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်များ၊ ပြည့်မီစေရေးနှင့် အမျိုးသားကျန်းမာရေး စီမံချက်ကို အကောင်အထည်ဖော်ရာတွင် အဓိကဖြစ်သည့် လူတိုင်းလက်လှမ်းမီနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုဆီသို့ အရောက်လှမ်းနိုင်ရေးကို ပြည့်မီအောင် ဖော်ဆောင်နိုင်မည် ဖြစ်ပါကြောင်း။

အလုပ်ရုံဆွေးနွေးပွဲ ပြီးဆုံးပါက ထွက်ပေါ်လာမည့် ဆွေးနွေးချက်များ၊ အကြံပြုချက်များကို စိစစ်ပြုစုပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လိုအပ်သော ဖြည့်တင်းဆောင်ရွက်ချက်များနှင့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နိုင်ရေးအတွက် အတတ်နိုင်ဆုံးဖြည့်ဆည်းပေးမည် ဖြစ်ပါကြောင်း ဖြင့် ပြောကြားခဲ့သည်။

တိုက်နယ်ဆရာဝန်အလုပ်ရုံ ဆွေးနွေးပွဲကို တိုင်းဒေသကြီး၊ ပြည်နယ်များရှိ တိုက်နယ်ဆရာဝန်များ လတ်တလော ကြုံတွေ့နေရသော လုပ်ငန်းခွင် ပြဿနာများ၊ အခက်အခဲ အတားအဆီးများနှင့် နောင်ငါးနှစ်အတွင်း အမျိုးသား ကျန်းမာရေးစီမံချက်အား အကောင်အထည်ဖော်ရာတွင် ကြုံတွေ့လာနိုင်သည့် အတားအဆီးများ၊ လိုအပ်ချက်များကို ဖော်ထုတ်တိုင်ပင် ဆွေးနွေးရန်နှင့် အဆိုပါ အခက်အခဲအတားအဆီးများ၊ လိုအပ်ချက်များကို ကျော်လွှားနိုင်ရေးအတွက် လိုအပ်သော ဖြည့်ဆည်းပံ့ပိုးပေးမှုများ ဆောင်ရွက်ပေးနိုင်ရန်နှင့် အကြံပြုချက်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ဇွန် ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၆ မှအဆက်*

ကျွန်တော်တို့ဆီမှာကတော့ ရှိပြီးသား စိမ်းစိုသာယာလှပသော ပန်းဥယျာဉ်ခြံတွင်းရှိ သစ်ပင်ကြီးများကိုပင် ခုတ်လှဲကြသည်။ သူတို့ဆီမှာတော့ ယိုင်လဲတော့မည့် အပင်များကိုပင် ခုတ်လှဲဖြတ်တောက်ခြင်းမပြုဘဲ ထောက်တိုင်များဖြင့် ထိန်းမတ်ခြင်း၊ ကျောက်တုံးကြီးများဖြင့် ခုခံခြင်းများ ဆောင်ရွက်ကြသဖြင့် အမြင်တစ်မျိုးပြောင်းကာ ပိုမိုအသက်ဝင်လှပအောင် ပြုလုပ်ထားကြသည်။ သစ်ပင်တစ်ပင်ကြီးပြင်းဖို့ရန်အတွက် နှစ်များစွာပြုစုပျိုးထောင်ခဲ့ရသည့် အချိန်ကာလနှင့် သစ်ပင်တစ်ပင်၏တန်ဖိုးကို နားလည်ကြသူများဖြစ်၍ ခုတ်ထွင်ရှင်းလင်းမှုကို ရှောင်ကြဉ်ကြသည်။

**မဖွယ်မရာအမူအကျင့်**

သွားရောက်လေ့လာခဲ့သော ခရီးစဉ်များတွင် အမြင်မသင့်လျော်သော စုံတွဲများကိုလုံးဝမတွေ့ရ၊ ကျွန်တော်တို့ဆီမှာတော့ မည်သည့်နေရာသွားသွား၊ မည်သို့မျှ အမြင်မသင့်လျော်သော စုံတွဲများကို နေရာအနှံ့တွေ့မြင်ရသည်။ ပွင့်လင်းရဲတင်းလွန်းလှပါသည်ဆိုသော နိုင်ငံခြားသားများပင် မျက်လုံးပြူးကြရသည်။ ဘုရားပုထိုး၊ ပရိဝုဏ်တွင်ပင် ရုပ်ပျက်ဆင်းပျက်ရှိလှသည်။ မည်သို့ပင်သာယာလှပသည်၊ စိမ်းစိုအေးချမ်းသည်၊ ဆွဲဆောင်မှုရှိစေကာမူ အေးချမ်းစွာ အနားယူလေ့လာလိုသောသူများအတွက် မိမိတို့၏ မဖွယ်မရာအမူအကျင့်များကြောင့် မလာသင့်သောနေရာတစ်ခုသဖွယ် မှတ်ယူလာကြသည်။

**လေထုညစ်ညမ်းမှုမရှိခြင်း**

သွားရောက်သည့်ခရီးစဉ်အတွင်း Haikou City, Qionghai City, Sanya City, Shenzhen City, Guangzhou City မြို့များသို့ ရောက်ရှိလေ့လာရသည်။ မြို့များတွင် ဘက်ထရီဖြင့်အသုံးပြုသော ဆိုင်ကယ်များကိုသာ စီးနင်းခွင့်ပြုထားသည်။ စက်သုံးဆီဖြင့် အသုံးပြုမောင်းနှင်သော ဆိုင်ကယ်စီးနင်းခြင်းကြောင့် စက်သုံးဆီများဝယ်ယူအသုံးပြုရခြင်း၊ အင်ဂျင်ဆူညံသံ ထွက်ပေါ်ခြင်း၊ လောင်စာလောင်ကျွမ်းမှုမှတစ်ဆင့် ကာဗွန်ဒိုင်အောက်ဆိုက်များ ထုတ်လွှတ်ခြင်း၊ အရှိန်မြင့်မောင်းနှင်မှုကြောင့် အသက်ဘေးအန္တရာယ်ကြုံတွေ့ရမှုများပြားခြင်း စသည့်လူမှုဝန်းကျင်နှင့် သဘာဝဝန်းကျင်များအား အကျိုးမပြုသော အခြေအနေများကို သိရှိလာကြပြီဖြစ်၍ စက်သုံးဆီအသုံးပြုသော ဆိုင်ကယ်များအစား ဘက်ထရီအသုံးပြုဆိုင်ကယ်များကို ပြောင်းလဲအသုံးပြုလာကြခြင်း ဖြစ်သည်။ ဘက်ထရီဆိုင်ကယ်အသုံးပြုခြင်းကြောင့် ဆူညံသံထွက်ပေါ်မှုမရှိခြင်း၊ ပတ်ဝန်းကျင်နှောင့်ယှက်မှုမရှိခြင်း၊ အရှိန်မြင့်မောင်းနှင်၍ မရခြင်းကြောင့် အသက်ဘေးအန္တရာယ် ကင်းဝေးကာ ထိခိုက်ဆုံးရှုံးမှုလျော့နည်းခြင်း၊ စက်သုံးဆီ အသုံးမပြုခြင်းကြောင့် ငွေကြေးကုန်ကျမှုသက်သာသည့်အပြင် လေထုညစ်ညမ်းမှုမရှိခြင်းနှင့် မြေအောက်သယံဇာတများ ထုတ်ယူမှုလျော့ချခြင်းစသည့် ကောင်းကျိုးများကို ရရှိလာပါသည်။

ကျွန်တော်တင်ပြလိုသည်မှာ သဘာဝပတ်ဝန်းကျင်၊ ညစ်နွမ်းမှုမရှိခြင်းကြောင့် သန့်ရှင်းလတ်ဆတ်သော လေ၊ သာယာလှပသောကောင်းကင်နှင့် စိမ်းစိုလန်းဆန်းသော သစ်ပင်ပန်းပင်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကျိုးရှိစေကာ ခရီးသွားများအပေါ် ဆွဲဆောင်မှုပြုနိုင်ခြင်း (တစ်နည်းအားဖြင့်) ခရီးသွားလုပ်ငန်းအတွက် အထောက်အကူပြုခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။

**အားကျလေးစားမိ**

၎င်းတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအား အထင်ကြီးလွန်း၍ တင်ပြနေခြင်းမဟုတ်ပါဟု ကျွန်တော် ဝန်ခံပါသည်။ ထိုသို့ဖွံ့ဖြိုးတိုးတက်ရန်အတွက် အသေးစိတ်မှအစ အလေးထားတွေးခေါ်ကြံစည် တွက်ချက်ကာ နောင်လာမည့် နှစ်(၅၀)၊ (၁၀၀)အထိ နိုင်ငံနှင့်လူမျိုးအတွက် ကြိုတင်စဉ်းစားဆင်ခြင်ဆောင်ရွက်တတ်ခြင်းကိုသာ အားကျလေးစားမိခြင်း ဖြစ်ပါသည်။

နိုင်ငံဖွံ့ဖြိုးမှုအတွက် ကျင့်စဉ်များက အဓိကမကျဟု မြင်မိသည်။ နိုင်ငံတိုင်းနိုင်ငံတိုင်း ကျင့်စဉ်များတူညီကြမည်မဟုတ်ပါ။ သို့ရာတွင် တိုးတက်ချမ်းသာကြွယ်ဝသောနိုင်ငံများ ကြည့်လိုက်လျှင် စိတ်ဓာတ်သာလွန်ကောင်းမွန်မှုကိုတော့ ထင်ရှားစွာ မြင်တွေ့ရပါသည်။

**ကမ္ဘာ့အဆင့် အပန်းဖြေစရာ**

ဟိုင်နန်ကျွန်းသည် ကောင်းမွန်သော ဂေဟစနစ်တွင် ရှိနေပြီး ဧည့်သည်များ အထူးစိတ်ဝင်စားကာ ဒုတိယ ဟာဝိုင်အီအဖြစ်လည်း တင်စားခေါ်ဝေါ်ကြပါသည်။ လေထုညစ်ညမ်းမှုမရှိစေရန် ထိန်းသိမ်းဆောင်ရွက်ထားနိုင်မှုတွင် ၁၅၈ နိုင်ငံအနက် (၅)ကြိမ်ဆက်တိုက် ဒုတိယရရှိခဲ့သောကျွန်းဖြစ်ပါသည်။ ကမ္ဘာ့အဆင့် အပန်းဖြေစရာ ကျွန်းတစ်ကျွန်းဖြစ်ပြီး ဧည့်သည်ဝင်ရောက်မှုမှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကြောင်း လေ့လာသိရှိရပါသည်။

ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုများအတွက် လုပ်သာကိုင်သာရှိစေမည့် အခွန်စနစ်၊ ငွေကြေးစနစ်၊ ပညာရေး၊ ဆိပ်ကမ်းအခြေခံအဆောက်အအုံ၊ လုံခြုံစိတ်ချရမှု၊ အဖွဲ့အစည်းအလိုက် ဆောင်ရွက်မှု၊ ရှင်းလင်းလွယ်ကူသော လုပ်ငန်းစဉ်များ၊ ရှင်းလင်းပြတ်သားသော မြေအသုံးချမှုဝါဒများ ဖြစ်ပေါ်လာသောကိစ္စများကို အစိုးရမှ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခြင်းများသည် ရင်းနှီးမြှုပ်နှံမှုများကို ထိရောက်အောင်မြင်စွာ ဆွဲဆောင်နိုင်မည် ဖြစ်ပါသည်။

**အားကျအတုယူခဲ့**

အရာရာသာလွန် မြင့်မားသော ချမ်းသာကြွယ်ဝမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို ငေးမောကြည့်နေရုံ၊ အားကျနေရုံဖြင့် ကျွန်တော်တို့ ဘာမှအကျိုးရလဒ်မျှရရှိနိုင်မည် မဟုတ်ပါ။ ကျွန်တော်တို့ နှစ်ပေါင်း(၅၀) ကျော် နောက်ကျကျန်ရစ်ခဲ့ပြီကို ဝန်ခံရပါမည်။ မြန်မာနိုင်ငံအား အားကျအတုယူခဲ့ကြသော စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှားစသော အရှေ့တောင်အာရှနိုင်ငံများပင် ယခုအခါ ကျွန်တော်တို့အပေါ်ကြည့်သော သူတို့၏မျက်ဝန်းများကို ဖတ်၍ရသည်။

ကျွန်တော်တို့ အပြေးချီတက်မှ ရတော့မည်။ ပုံမှန်လမ်းလျှောက်ချီတက်နေရုံ မျှနှင့် မရတော့။ အလုပ်တွေ နှစ်ဆသုံးဆ ပိုမိုကြိုးစား အားသွန်ခွန်စိုက်ဆောင်ရွက်မှရပါမည်။ ယခုဆိုလျှင် လာအိုနိုင်ငံကပင် မြန်မာနိုင်ငံကို လျှပ်စစ်ရောင်းချရန် ဆွေးနွေးနေသည်ဟု သိရှိရသဖြင့် အလွန်ရှက်မိသည်။ ဒီလောက်အထိ ကျွန်တော်တို့ ဘာကြောင့်ဖြစ်သွားရတာလဲ၊ ရတနာပုံကြီးအပေါ်တွင်ရှိနေသော ကျွန်တော်တို့ အလွဲအမှားများ ရှိခဲ့ကြသဖြင့် လှပသောရတနာများကို ဆင်မြန်းမှုမရခဲ့။ မြေဆီသြဇာကောင်းမွန်သော ဘူမိနက်သန်မြေ၌ နေထိုင်လျက် ချိုမြိန်၍ အရသာရှိသော အသီးအပွင့်များကို မစားရသေး။

**စိတ်ဓာတ်တွေ နိမ့်ကျနေ**

ကျွန်တော်တို့ စိတ်ဓာတ်တွေ ပြောင်းလဲကာ မြင့်မားကြရပါမည်။ အခြားနိုင်ငံများ၏ အထင်ကြီးလေးစားမှုကို ခံယူရရှိနိုင်ဖို့ (အထူးသဖြင့် အထင်သေးစွာအကြည့်မခံရဖို့) ပြုပြင်ကြိုးစားကြရပါမည်။ ကျွန်တော်တို့ စိတ်ဓာတ်တွေ နိမ့်ကျနေသရွေ့ သည်နွံထဲက တက်လာနိုင်မည်မဟုတ်ပါ။

“မင်္ဂလာပါရှင် ကျွန်မတို့ရဲ့ China Southern Air Lines မှ လေယာဉ်ခရီးစဉ်အမှတ် CZ 8471 Air Bus 320 လေယာဉ်ဟာ မကြာမီအချိန်အတွင်းမှာ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဆင်းသက်တော့မှာ ဖြစ်တဲ့အတွက် ထိုင်ခုံခါးပတ်များ ပတ်ထားကြပါရန်နှင့် ထိုင်ခုံများ တည့်မတ်ထားကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်ရှင်။ ရန်ကုန်မြို့ရဲ့ အပူချိန်ကတော့ (၃၂) ဒီဂရီဆဲလ်စီးရပ်စ်ဖြစ်ပြီး ဖာရင်ဟိုက်အားဖြင့် (၉၀) ဒီဂရီဖာရင်ဟိုက်ဖြစ်ပါတယ်ရှင်”

ဟိုင်နန်ကျွန်းတွင် ၂၀ ရက်တာ သင်တန်းနှင့် လေ့လာရေး အတွေ့အကြုံများက အပြန်ခရီး လေယာဉ်စီးနင်းချိန်ငါးနာရီအတွင်း ဌာနအလိုက်ဆောင်ရွက်ကြရမည့် ကိုယ်စီအသိတရားများ၊ တာဝန်များကို တွေးတောစဉ်းစားနေဆဲအချိန်မှာ China Southern Air Lines မှ လေယာဉ်မယ်လေးရဲ့ ချိုသာတဲ့စကားသံက ကျွန်တော့်ကို သံပတ်ပေးလိုက်သလိုပါပဲ။ ကျွန်တော့်ကိုယ်ထဲမှာ တစ်ချက်ချက်နဲ့ လှုပ်ရှားအသံမြည်နေလို့ ... ။

# မြောက်ကိုရီးယား၏ နျူကလီးယားပြဿနာကို ဂျပန်နိုင်ငံမှငါးဖမ်းလုပ်သားများ တွေ့ဆုံဆွေးနွေးမှုပြုလုပ်

**တိုကျို ဇွန် ၂၂**

ဂျပန်နိုင်ငံရှိ ငါးဖမ်းလုပ်သားများသည် မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုများကို အဆက်မပြတ်ပြုလုပ်နေသည့်အတွက် စိုးရိမ်ပူပန်မှုဖြစ်ပွားရကြောင်းနှင့် ဒေါသထွက်ကြောင်း ဖော်ပြခဲ့ပြီး ၎င်းတို့၏ လုံခြုံမှုအတွက် အစိုးရအနေဖြင့် အတတ်နိုင်ဆုံး မည်ကဲ့သို့ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုကြောင်း မေးမြန်းခဲ့ကြသည်။




ငါးလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုဖက်ဒရေးရှင်းအဖွဲ့သည် ကြာသပတေးနေ့တွင် တိုကျိုမြို့၌ အရေးပေါ်အစည်းအဝေးတစ်ရပ်ခေါ်ယူခဲ့ရာ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုခေါင်းဆောင် ၁၀၀ ခန့် တက်ရောက်ကြောင်း သိရသည်။

အစည်းအဝေးတွင် အမျိုးသားဖက်ဒရေးရှင်းအဖွဲ့ခေါင်းဆောင် ဟီရိုရှီကီရှိက ဂျပန်နိုင်ငံမှ ငါးဖမ်းလုပ်သားများသည် မြောက်ကိုရီးယား၏ ရန်လိုသည့် ပြုမူဆောင်ရွက်မှုများကြောင့်ဖြစ်လာမည့် အကျိုးဆက်များကို ကြောက်ရွံ့ထိတ်လန့်နေရသည်ဖြစ်ရာ ၎င်းတို့အား ခက်ခဲသည့်အကျပ်အတည်းများဆီသို့ အတင်းတွန်းပို့ခံနေရခြင်းပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၎င်းအနေဖြင့် မည်သည့် လူတစ်ဦးတစ်ယောက် သေကျေပျက်စီးမှုနှင့် ရေယာဉ်များ ထိခိုက်ပျက်စီးမှုကိုမျှ ခွင့်ပြုလိမ့်မည်မဟုတ်ဟု ဆိုသည်။ ဆွေးနွေးပွဲအတွင်း၌ ငါးဖမ်းလုပ်သားများသည် မြောက်ကိုရီးယားနိုင်ငံက ပြုလုပ်နေသည့် ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများ ရပ်တန့်စေရန် ဖြစ်နိုင်သမျှ နည်းလမ်းမျိုးစုံအသုံးပြုလျက် ဆောင်ရွက်ပေးသွားရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

ထိခိုက်ပျက်စီးမှုဖြစ်ပွားနိုင်သည့် ဖြစ်စဉ်များအတွက် သက်သာချောင်ချိရေး ဆောင်ရွက်ပေးရန်ကိုလည်း တောင်းဆိုခဲ့ကြသည်။ ဂျပန်နိုင်ငံမြောက်ပိုင်း ဟိုကိုင်ဒိုရှိ ငါးလုပ်ငန်းအသင်းအကြီးအကဲက ယခုအချိန်အခါသည် ကင်းမွန်ငါးဖမ်းလုပ်ငန်း ဆောင်ရွက်ရန် အကောင်းဆုံးအချိန်အခါဖြစ်သော်လည်း ငါးဖမ်းလုပ်သားများသည် အချိန်မရွေးကျရောက်လာနိုင်သည့် ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုများကို ထိတ်လန့်နေရကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် ယင်းကိစ္စကို နိုင်ငံရေးအရ ဖြေရှင်းဆောင်ရွက်ပေးစေလိုကြောင်း တောင်းဆိုခဲ့သည်ဟု အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

(အင်န်အိတ်ချ်ကေ)

# ပိတ်ဆို့ခံထားရသည့် ကာတာနိုင်ငံကို တူရကီနိုင်ငံထောက်ပံ့

**အန်ကာရာ ဇွန် ၂၂**

ကာတာနိုင်ငံကို အကြမ်းဖက်သမားများအား လက်ခံထားခြင်း၊ အကြမ်းဖက်မှုအတွက် ရန်ပုံငွေပေးအပ်ခြင်း၊ အခြားနိုင်ငံများ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းဆိုသည့် စွဲချက်များဖြင့် ဆော်ဒီအာရေဗျနိုင်ငံ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ဘာရိန်းနိုင်ငံ၊ အီဂျစ်နိုင်ငံနှင့် အခြားနိုင်ငံများက သံတမန်ဆက်ဆံရေး ဖြတ်တောက်ခဲ့သောကြောင့် အကျပ်အတည်းများဖြင့် ကြုံတွေ့လာရသည့်အချိန်တွင် အဆိုပါအကျပ်အတည်းများမှ ကျော်ဖြတ်နိုင်ရန် တူရကီနိုင်ငံက ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ပေးမည့် ပထမဆုံး သင်္ဘောတစ်စင်းကို စေလွှတ်ခဲ့ကြောင်း တူရကီစီးပွားရေးဝန်ကြီး နီဟက်တ်ဇေဘက်ခ်ဇီက မကြာသေးမီက ပြောကြားခဲ့သည်။

ဇွန်လအစောပိုင်းတွင် ပင်လယ်ကွေ့နိုင်ငံများက ကာတာနိုင်ငံအပေါ် သံတမန်ဆက်ဆံရေး ဖြတ်တောက်ခဲ့ပြီးနောက် တူရကီနိုင်ငံမှ ကုန်တင်လေယာဉ် ၁၀၅ စင်းဖြင့် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ခဲ့ကြောင်း ဇေဘက်ခ်ဇီက အနာဒိုလူသတင်းဌာန တွေ့ဆုံမေးမြန်းခန်းတွင် ဖော်ပြခဲ့သည်။

ထောက်ပံ့ရေး သင်္ဘောတစ်စင်းကို စေလွှတ်ပြီး နောက်ပိုင်းတွင်လည်း နောက်ထပ် သင်္ဘောများကို ထပ်မံစေလွှတ်သွားမည်ဖြစ်ကြောင်းနှင့် ကုန်းကြောင်းဖြင့်လည်း ပစ္စည်းများ ထောက်ပံ့ပို့ဆောင်ပေးသွားမည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ (ဆင်ဟွာ)

# စပိန်နိုင်ငံတွင် ဘာသာရေးအစွန်းရောက်သူ သုံးဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့

**မက်ဒရစ် ဇွန် ၂၂**

စပိန်နိုင်ငံ မြို့တော်မက်ဒရစ်တွင် ဘာသာရေးအစွန်းရောက်သူ သုံးဦးကို ဇွန် ၂၂ ရက်က စပိန်နိုင်ငံရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ပြီး ၎င်းတို့အနက် မော်ရိုကန်အမည်ရှိ လူတစ်ဦးမှာ အလွန်အန္တရာယ်ရှိသူအဖြစ် သတ်မှတ်ထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောခဲ့သည်။ ၎င်းသည် အသက် ၃၂နှစ်ရှိပြီး အိုင်အက်စ်အကြမ်းဖက် စစ်သွေးကြွအုပ်စုနှင့် ဆက်သွယ်မှုရှိသူတစ်ဦးဖြစ်ကြောင်း၊ ထို့အပြင် ၎င်းသည် အလွန်အစွန်းရောက်သူတစ်ဦးဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားခဲ့သည်။



မော်ရိုကန်၏ ကိုယ်ရေးအချက်အလက်များမှာ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့တွင် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများ၏ ကိုယ်ရေးအချက်အလက်များနှင့် တူနေကြောင်း၊ ထို့ကြောင့် စပိန်နိုင်ငံအတွက် အလွန်အန္တရာယ်ရှိသူတစ်ဦးအဖြစ် မော်ရိုကန်ကို သတ်မှတ်ခဲ့ကြောင်း သိရသည်။

အခြားဖမ်းဆီးခံထားရသူနှစ်ဦးမှာ အသက် ၃၃ နှစ်နှင့် ၃၈ နှစ်တို့ဖြစ်ကြောင်း၊ ၎င်းတို့သည် မော်ရိုကန်နှင့်တစ်ခန်းတည်းအတူနေပြီး အိုင်အက်စ်စစ်သွေးကြွအုပ်စုသို့ ဝင်ရောက်ရန် ၎င်းထံတွင် လေ့ကျင့်သင်ကြားနေသူများဖြစ်ကြောင်း သိရသည်။ ၎င်းတို့နှင့်အတူ အသေခံဗုံးခွဲသူတစ်ဦးဖြစ်ရန် လမ်းညွှန်ထားသော စာအုပ်တစ်အုပ်နှင့် အခြားပစ္စည်းများကိုလည်း သိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။ စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် လွန်ခဲ့သော ၂၀၀၄ ခုနှစ်က ရထားလေးစင်းပေါ်တွင် ဗုံး ၁၀လုံးပေါက်ကွဲခဲ့ပြီး လူ ၁၉၁ ဦး သေဆုံးခဲ့၍ ၁၈၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

စပိန်သည် ထိုစဉ်အခါက ဥရောပတွင် လူအသေအပျောက်အများဆုံး အကြမ်းဖက်မှုကို ရင်ဆိုင်ခဲ့ရသည်။ ထို့နောက် ၂၀၁၅ခုနှစ်တွင် စပိန်နိုင်ငံသည် ၎င်း၏ လုံခြုံရေးသတိပေးချက်များကို အဆင့်လေးအထိ တိုးမြှင့်ခဲ့ကြောင်းသိရသည်။ (ဆင်ဟွာ)

# မီချီဂန်လေဆိပ်၌ ဓားကိုင် တိုက်ခိုက်မှုကို အကြမ်းဖက် တိုက်ခိုက်မှုအဖြစ် အက်ဖ်ဘီအိုင် ဖော်ပြ

**ဝါရှင်တန် ဇွန် ၂၂**

အမေရိကန်နိုင်ငံ မီချီဂန်လေဆိပ်တွင်ဖြစ်ပွားခဲ့သော ဓားဖြင့်တိုက်ခိုက်မှုမှာ အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုဖြစ်ကြောင်း ပြည်ထောင်စုစုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်)က ယမန်နေ့တွင် ပြောကြားခဲ့သည်။

အသက် ၅၀နှစ်ရှိ အာမိုဖူတိုဟီဆိုသည့် ကနေဒါနိုင်ငံသားတစ်ဦးက မီချီဂန် လေဆိပ်တွင် ဓားကိုင်တိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်ကို အက်ဖ်ဘီအိုင်က အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

၎င်းသည် ၂၀၁၆ ခုနှစ် ဇွန်လတွင် အမေရိကန်နိုင်ငံသို့ ဝင်ရောက်ခဲ့ကြောင်း မီချီဂန်ပြည်နယ် ဖလင့်တ်မြို့တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အက်ဖ်ဘီအိုင်က ပြောခဲ့သည်။

လေဆိပ်တွင် ရဲအရာရှိဖြစ်သူ ဂျက်ဖ်နာဘီလီအား အရှည် ၃၀ စင်တာမီတာရှိ ဓားဖြင့်တိုက်ခိုက်မှုမပြုလုပ်မီ ကြီးကျယ်မြင့်မြတ်သောဘုရားသခင် ဟု ဟစ်အော်ခဲ့ကြောင်း အက်ဖ်ဘီအိုင်က ပြောကြားခဲ့သည်။

(ဆင်ဟွာ)

## မြောက်ကိုရီးယားနျူကလီးယားအစီအစဉ်ထိန်းချုပ်နိုင်ရေး ပိုမိုကူညီပေးရန် တရုတ်နိုင်ငံအား တောင်ကိုရီးယားတောင်းဆို

**ဆိုးလ် ဇွန် ၂၂**

တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းသည် တရုတ်နိုင်ငံအနေဖြင့် မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်ကို ထိန်းချုပ်နိုင်ရေး ပိုမိုအင်တိုက်အားတိုက် ဆောင်ရွက်ပေးစေလိုကြောင်း ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။ အမေရိကန်ဒုံးကျည် ကာကွယ်ရေးစနစ်ကိုလက်ခံဆောင်ရွက်မည့် တောင်ကိုရီးယားနိုင်ငံ၏ဆုံးဖြတ်ချက်ကို လက်တုံ့ပြန်သည့်အနေဖြင့် တောင်ကိုရီးယားကုမ္ပဏီများအားပိတ်ဆို့မှုများ ပြုလုပ်ထားသည်ကို ဖယ်ရှားပေးရန်အတွက်လည်း တရုတ်နိုင်ငံကို တိုက်တွန်းတောင်းဆိုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လာမည့်ရက်သတ္တပတ်တွင် အမေရိကန်သမ္မတထရန့်နှင့်အတူ ဆွေးနွေးမည့် ထိပ်သီးအစည်းအဝေးမတိုင်မီ ရိုက်တာသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခဲ့သည့် အင်တာဗျူးတစ်ခုတွင် မွန်သည် မြောက်ကိုရီးယားနိုင်ငံက တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုများ ထပ်မံပြုလုပ်ခဲ့လျှင် သို့မဟုတ် ခြောက်ကြိမ်မြောက် နျူကလီးယားစမ်းသပ်မှုကို ပြုလုပ်လာခဲ့လျှင် မြောက်ကိုရီးယားနိုင်ငံအား ပြင်းထန်သည့် အရေးယူပိတ်ဆို့မှုများ ချမှတ်သွားရမည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။ မြောက်ကိုရီးယားသည် အမေရိကန်ပြည်ထောင်စုကို ထိမှန်စေနိုင်မည့် နျူကလီးယားအဆင့်ရှိ ဒုံးကျည်များ ဖြန့်ကြက်နိုင်မည့် နည်းပညာကို ရယူနိုင်တော့မည်ဖြစ်ကြောင်း မွန်က သတိပေးပြောကြားခဲ့သည်။

(အင်န်အိတ်ချ်ကေ)



## ရခိုင်ပြည်နယ်တရားလွှတ်တော် ပြည်နယ်တရားသူကြီးချုပ် ဘူးသီးတောင်အကျဉ်းထောင်နှင့် မောင်တောခရိုင်တရားရုံး(ဘူးသီးတောင်မြို့ရုံးထိုင်)တို့အား စစ်ဆေး



ဘူးသီးတောင် ဇွန် ၂၂

**ရခိုင်ပြည်နယ်တရားလွှတ်တော် ပြည်နယ်တရားသူကြီးချုပ် ဦးကျော်သည် ဇွန် ၂၂ ရက် မွန်းလွဲ ၂ နာရီက မောင်တောခရိုင်တရားသူကြီး၊ ဘူးသီးတောင်မြို့နယ် တရားသူကြီးတို့နှင့်အတူ ဘူးသီးတောင်အကျဉ်းထောင်ကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ထောင်တာဝန်ခံအရာရှိက ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူဦးရေ၊ အမှုစစ်ဆေးဆဲ အချုပ်ကျခံရသူများ၏ အခြေအနေကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်နယ်တရားသူကြီးချုပ်နှင့်အဖွဲ့သည် အကျဉ်းသားများ၏ ဥပဒေပါ အခွင့်အရေးများရရှိခြင်း၊ ဥပဒေနှင့်မညီဘဲ မတရားဆောင်ရွက်မှုများ၊ ကျန်းမာရေးဆိုင်ရာ ဆေးကုသခွင့်များရရှိခြင်း ရှိ၊ မရှိ၊ နေရာထိုင်ခင်း၊ စားဖိုဆောင်နှင့် သောက်သုံးရေကန်တို့အား စစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းမှာကြားခဲ့သည်။ **(ယာပုံ)**

ဆက်လက်ပြီး မောင်တောခရိုင်တရားရုံး(ဘူးသီးတောင်မြို့ရုံးထိုင်)နှင့် ဘူးသီးတောင်မြို့နယ်တရားရုံး (တရားခွင် ၃) တို့အား မိုရာမုန်တိုင်းအပြီး ပြုလုပ်ပြုပြင်ပြီးစီးမှုအခြေအနေများကို သွားရောက်စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## ဝိုင်းမော်မြို့ ယာယီတိုက်ပွဲရှောင်စခန်းနေပြည်သူများအား ပြန်လည်ထူထောင်ရေးဆောင်ရွက်ရန် ဝက်များ အခမဲ့ပေးအပ်

**မြစ်ကြီးနား ဇွန် ၂၂**

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်လူမှုဝန်ထမ်း ဦးစီးဌာနမှူးရုံးတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သော တိုက်ပွဲရှောင်စခန်းနေပြည်သူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ဝက်များ ထောက်ပံ့ပေးအပ်ပွဲကို ဝိုင်းမော်မြို့နယ် စိန်ယောဟန် တိုက်ပွဲရှောင်စခန်း၌ ဇွန် ၂၂ရက်က ပြုလုပ်သည်။

ထောက်ပံ့ပေးအပ်ရာတွင် ကချင်ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်စိုးက ထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ယာယီတိုက်ပွဲရှောင်စခန်းနေ အိမ်ထောင်စုများအတွက် မိသားစုဝင်ငွေတိုးတက်ရရှိစေရန်၊ တစ်ဖက်တစ်လမ်းမှ အဆင်ပြေစေရန်အတွက် မွေးမြူရေးလုပ်ငန်းများ ပြုလုပ်နိုင်စေရေးအတွက် မလိယန်းယာယီတိုက်ပွဲရှောင်စခန်း၌ ဝက် ၂၅ ကောင်၊ ဘတ်လင်ယန်စခန်း၌ ၃၂ ကောင် စိန်ယောဟန်စခန်း၌ ၂၇ကောင်နှင့် ကျန်းမာရေးနှင့်ညီညွတ်သော ဝက်စာ တစ်လခွဲစာ ၂၅၂ အိတ်တို့ကို အခမဲ့ ထောက်ပံ့ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

၎င်းဝက်များကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ပံ့ပိုးငွေကျပ်သိန်း ၃၀၀၀ ထဲမှ ဝယ်ယူထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ကျန်ရှိနေသေးသော တိုက်ပွဲရှောင်စခန်းများကို ထပ်မံပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ**

**(မြစ်ကြီးနား)**

## ဒုံးအော့ကျေးရွာရှိ ပြောင်းရွှေ့အိမ်ထောင်စုအတွက် ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေပေးအပ်

**ကသာ ဇွန် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ဒုံးအော့ကျေးရွာရှိ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြို၍ ပြောင်းရွှေ့အိမ်ထောင်စုဖြစ်သော ဦးမင်းထွန်းနှင့် ဒေါ်အေးကြည်မျိုးတို့၏ မိသားစုအတွက် ကသာမြို့နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ဇွန် ၂၂ ရက်က သွားရောက်ပေးအပ်ခဲ့သည်။

မြို့နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝေဝေအောင်က ဒုံးအော့ကျေးရွာရှိ ပြောင်းရွှေ့အိမ်ထောင်စုအတွက် ကယ်ဆယ်ရေးပစ္စည်းငါးမျိုးနှင့် ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀ တို့ကိုပေးအပ်ရာ အိမ်ထောင်ဦးစီး ဦးမင်းထွန်းက လက်ခံယူခဲ့သည်။ **(အောက်ဝဲပုံ)**



ဧရာဝတီမြစ်ကမ်းနံဘေးရှိ ဒုံးအော့ကျေးရွာ၌ ယခင်က အိမ်ခြေများစွာရှိခဲ့သော်လည်း ယခုအချိန်တွင် မြစ်ရေတိုက်စားပြီး ကမ်းပြိုကျမှုကြောင့် အိမ်ခြေအချို့မှာမြစ်ကမ်းနှင့်ဝေးရာသို့ ပြောင်းရွှေ့သွားကြသဖြင့် အိမ်ခြေအနည်းငယ်သာ ကျန်ရှိကြောင်း၊ ဇူလိုင်လနှင့် ဩဂုတ်လများတွင် မြစ်ရေပိုမိုကြီးလေ့ရှိသဖြင့် ကျန်ရှိသော အိမ်ထောင်စုများလည်း ပြောင်းရွှေ့ရမည်ဖြစ်ရာ အိမ်ရာပြောင်းရွှေ့ရန်အတွက် မြေနေရာအခက်အခဲရှိနေကြောင်းနှင့် မြစ်ရေပိုမတက်ခင် အိမ်ရာတည်ဆောက်မည့် မြေနေရာများကို အဆင်ပြေအောင် တာဝန်ရှိသူများက အချိန်မီဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**(ခရိုင်(ပြန်/ဆက်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၂၂** - စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

မကွေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရခိုင်ပြည်နယ်တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲနှင့် အနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

**(မိုး/ဇလ)**

## ဒလမြို့နယ်အတွင်း စာရင်းကောက်ယူမှုအရ ကျူးတစ်သောင်းကျော်ခန့်ရှိပြီး ထပ်မံကျူးကျော်နေထိုင်သူများ တိုးပွားလာနေ

**ရန်ကုန် ဇွန် ၂၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျူးကျော်စာရင်း လိုက်လံကောက်ယူမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ခရိုင်လေးခုအတွင်းရှိ မြို့နယ်များအလိုက် ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ဒလမြို့နယ်၌ မတ် ၂၈ ရက်ကစတင်ပြီး ဧပြီ ၅ ရက်အထိ ကမာကဆစ် အနောက် ဘုန်းတော်ကြီးကျောင်းနှင့် မှော်စက်ရပ်ကွက် ဘုန်းတော်ကြီးကျောင်းတို့၌ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာတို့ရှိ ကျူးကျော်နေထိုင်သူများစာရင်းကို ကျူးကျော်စာရင်းကောက်ယူရေးကော်မတီမှ ကျူးကျော် အသိအမှတ်ပြုစမတ်ကတ်များကိုထုတ်ပေးရာ**(ယာပုံ)** ကျူးစာရင်းကောက်ယူမှုတွင် တစ်သောင်းကျော်ခန့်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံးမှ သိရသည်။

ယခုအချိန်တွင် ထပ်မံကျူးကျော်နေထိုင်သူများ တိုးပွားလာလျက်ရှိပြီး ဒလမြို့နယ် သပြေကုန်းကျေးရွာအတွင်းရှိ ကွင်းအမှတ်(၁၈၆)အနီးရေလွှတ်မြောင်းပေါ်နှင့် လမ်းဘေးစည်ပင်မြေနေရာတို့၌ ကျူးကျော်တဲများခွ၍ အစီအရီဆောက်လုပ်နေမှုများရှိကြောင်း၊ ကျူးကျော်တဲ ၂၀၀ နီးပါးခန့် တိုးလျက်ရှိကြောင်း သပြေကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးသက်ဦး၏ ပြောကြားချက်အရ သိရသည်။

နှစ်စဉ် လူဦးရေတိုးပွားလာမှု၊ အနယ်နယ်အရပ်ရပ်မှ ရွှေ့ပြောင်းနေထိုင်မှုများပြားလာခြင်းတို့ကြောင့် ရပ်ကွက်၊ ကျေးရွာများရှိ နေရာအသီးသီးတို့၌ ပျံ့ကျများတိုးပွားလာလျက်ရှိသည်ကို တွေ့မြင်လာနေရကြောင်း ဒေသခံများထံမှ သိရသည်။ အများစုမှာ ကြုံရာကျပန်းအလုပ်လုပ်ကိုင်သူများဖြစ်ပြီး အခြေခံလူတန်းစားများ၏ လူနေမှုပုံစံများ၌ ဆင်းရဲချို့တဲ့သူများသည် တစ်နေ့လုပ်အားခဝင်ငွေဖြင့် မိသားစု စားဝတ်နေရေးအတွက် အလွန်ရုန်းကန်လှုပ်ရှားနေရသည့်အတွက် မိသားစုဘဝ လုံလောက်မှုတမှုမရှိခြင်းကြောင့် ကိုယ်ပိုင်မြေကွက်မဝယ်နိုင်ကြသူများဖြစ်သည်။



ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ လမ်းကောင်းပြီး ခြံကွက်ကျယ်လျှင် ငွေကျပ်သိန်း ၁၀၀၀ ခန့်အထိ ပေါက်ဈေးရှိနေပြီး ကျေးရွာများရှိ မြေတစ်ကွက်လျှင် ငွေကျပ်သိန်း ၁၅၀ နှင့် ၂၀၀ ကြားတွင်ရှိကာ လမ်းမကြီး ဝဲ၊ ယာ တစ်လျှောက်ရှိ လယ်မြေတစ်ဧကလျှင် ငွေကျပ်သိန်း ၅၀၀ နှင့် ၁၀၀၀ အထက်တွင်ရှိကြောင်း၊ ဆင်းရဲချို့တဲ့သူများအနေဖြင့် သိန်းရာကျော်ရှိသော မြေတစ်နေရာကို မဝယ်နိုင်ကြောင်း၊ နေစရာအိမ်မရှိသူများမှာ လမ်းဘေးဝဲ၊ ယာရှိ စည်ပင်မြောင်း၊ လယ်ယာမြေပေါ်တို့၌ တဲထိုး၍ နေထိုင်လျက်ရှိကြောင်း အိမ်ခြံမြေကျွမ်းကျင်သူများနှင့် အကျိုးဆောင်များက သုံးသပ်ပြောကြားကြသည်။

ကျူးကျော်နေထိုင်သူများထဲတွင် အမှန်တကယ် ဆင်းရဲနွမ်းပါး၍ နေစရာအိမ်မရှိသူများ၊ မိသားစုတိုးပွားလာမှုတို့ကြောင့် လူဦးရေကျပ်တည်းသဖြင့် ကျော်ခင်းစရာ တစ်နေရာအတွက် နေထိုင်ကြသူများ၊ အနယ်နယ်အရပ်ရပ်မှပြောင်းရွှေ့နေထိုင်သူများ၊ မြေပိုင်ရှင်ဝယ်ထားသူများထံ လစဉ်ငွေပေး၍ တဲထိုးနေထိုင်သူများ၊ ကားလမ်းမကြီးများ၏ ဝဲ/ယာ စည်ပင်နယ်မြေများ၊ လယ်သမားပိုင်လယ်မြေများ၊ ချောင်း၊ မြောင်းနှုတ်ခမ်းစပ်နှင့် စည်ပင်မြောင်းပေါ်၌ ဆောက်လုပ်နေထိုင်မှုများနှင့် အစိုးရပိုင်မြေစိမ်းလန်းနေရာများ၌ အများဆုံးကျူးကျော်နေထိုင်လျက်ရှိကြောင်း သိရသည်။ ဒလမြို့နယ်အတွင်း ရပ်ကွက် ၂၄ ရပ်ကွက်ရှိကာ ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာပေါင်း ၅၄ ရွာရှိရာ ကျူးကျော်စာရင်းကောက်ယူရာတွင် ရပ်ကွက်များ၌ ကျူးကျော်နေထိုင်သူများမှာ အများဆုံးဖြစ်ပြီး ကျေးရွာများ၌နည်းပါးလျက်ရှိကြောင်း သိရသည်။**သတင်းနှင့်ဓာတ်ပုံ- နိုင်လင်းကျော်(ဒလ)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဇွန် ၂၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၁ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂၅ စီး၊ သွင်းကုန် ၅၆၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄ စီး၊ သွင်းကုန် အစီး





၁၇၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၀ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၉ သန်းခန့်အား ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၂၀ ရက်က မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်နှင့် AD Van ယာဉ်တို့အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဘက်ထရီအိုးများ၊ အဝတ်အထည်များနှင့် ပိုက်ဆံအိတ်များ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၆ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကလေးငယ်သုံးဦးကို သေဆုံးအောင်ပြုလုပ်ခဲ့သူ ပယောဂဆရာဆိုသူအား မသေမချင်း ကြိုးကွင်းစွပ်သတ်စေရန်နှင့် ထောင်ဒဏ် ခုနစ်နှစ် သီးခြားကျခံစေရန် အမိန့်ချမှတ်

**ရန်ကုန် ဇွန် ၂၂**

ပြည်သူများ စိတ်ဝင်တစားဖြစ်ခဲ့ရသည့် ဖြစ်ရပ်တစ်ခုဖြစ်သော တွံတေးမြို့နယ်၌ ကလေးငယ်သုံးဦးကို သေဆုံးအောင်ပြုလုပ်ခဲ့သူ ပယောဂဆရာဆိုသူအား မသေမချင်း ကြိုးကွင်းစွပ်သတ်စေရန်နှင့် ထောင်ဒဏ်ခုနစ်နှစ်အား သီးခြားကျခံစေရန် ပြီးခဲ့သည့် ရက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးမှ အမိန့်ချမှတ်ခဲ့ပြီး မှုခင်းဖြစ်စဉ်မှာ ပယောဂဆရာ ထွန်းနိုင်က မကောင်းဆိုးဝါးများ နှင်ထုတ်သည်ဟုဆိုကာ ကလေးငယ်များအား ကန်ကျောက်ခြင်း၊ လက်သီးနှင့်ထိုးခြင်း၊ ဖနောင့်ပေါက်ခြင်းများ ပြုလုပ်ခဲ့မှုကြောင့် အသက် သုံးနှစ်အရွယ် မောင်နေလင်း(ခ)တစ်တို၊ အသက် နှစ်နှစ်အရွယ် မလှနှင်းရွှေနှင့် အသက် ရှစ်လအရွယ် မယမင်းတို့မှာ သေဆုံးကာ အသက်လေးနှစ် အရွယ် မသင်းသင်းစိုးမှာ ဖူးရောင်ညိုမဲဒဏ်ရာများ ရရှိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ ထွန်းနိုင်ကို တွံတေးမြို့မရဲစခန်းမှ (ပ)၆၄၂/၁၆၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂၊ ၃၂၅၊ ၂၀၁ တို့ဖြင့် တရားစွဲဆိုစစ်ဆေးခဲ့ပြီး တရားရုံးက ယင်းကဲ့သို့ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ပြစ်မှုနှစ်ခုအနက် ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂ (၁)(ခ)အရ မသေမချင်း ကြိုးကွင်းစွပ်သတ်စေရန်ပြစ်မှုအား ပထမကျခံစေရမည်ဖြစ် ကြောင်းသိရသည်။

"ကြိုးမိန့်ပေးခံရတဲ့သူကို အမိန့်ချပြီး ၇ ရက် အတွင်းမှာ အယူခံတင်ရတယ်။ အယူခံတင်ပြီး ပြန်ကျလာလို့ ပလပ်ခံရရင် ဗဟိုကို ဆက်တင်ရပါတယ်။ ရှေ့နေမရှိတဲ့ သူတွေအတွက် အကျဉ်းထောင်ကနေပဲ အယူခံတင်ပေးတယ်။ နောက်ဆုံးအဆင့် အနေနဲ့ သမ္မတထံ အသနားခံစာတင်တာမျိုးတွေရှိပါတယ်။ ကြိုးကွင်းစွပ်သတ်တာမျိုး မရှိပါဘူး။ နိုင်ငံတော်ပေးတာနဲ့ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်တစ်သက်ပြောင်းပစ်တဲ့အခါမျိုးကြောင့် အခုနောက်ပိုင်းမှာတော့ ကြိုးကွင်းစွပ်သတ်တာမျိုး မရှိသေးပါဘူး" အင်းစိန်ဗဟိုအကျဉ်းထောင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် သေဒဏ်ပေးသည့် ပြစ်ဒဏ်(မသေမချင်းကြိုးကွင်းစွပ်သတ်သည့်စနစ်)အနေဖြင့်ရှိသော်လည်း အမှန်တကယ်ကြိုးပေးသတ်သည့်စနစ်ကို လက်ရှိကာလတွင် မကျင့်သုံးကြောင်း၊ ၂၀၁၂ ခုနှစ်နောက်ပိုင်းမှ စတင်၍ နိုင်ငံတော်အမိန့်ဖြင့် သေဒဏ်အား ထောင်ဒဏ်တစ်သက်အဖြစ် ပြောင်းလဲကျင့်သုံးလာကြောင်း အင်းစိန်ဗဟိုအကျဉ်းထောင်မှ သိရသည်။

"မသေမချင်းကြိုးကွင်းစွပ်သတ်မိန့်ကလည်း အမှန်တကယ်တော့ သေဒဏ်ပါပဲ။ သို့သော်လည်း ရာဇဝတ်ကျင့်ထုံး ဥပဒေမှာ သေဒဏ်ဆိုတဲ့ဟာကို မသေမချင်း ကြိုးကွင်းစွပ်သတ်စေဆိုပြီး ရေးထားတယ်။ သေဒဏ်ချတဲ့ ပြစ်ဒဏ်မျိုးကျတော့ ဥပဒေမှာပါရှိတဲ့ ပြဋ္ဌာန်းချက်အတိုင်း ဆုံးဖြတ်ရတယ်။ တချို့လူသတ်မှုတွေမှာ သေဒဏ်ချမှတ်နိုင်တဲ့ ပုဒ်မ ရှိသလို၊ သေဒဏ်မချမှတ်နိုင်တဲ့ ပုဒ်မလည်း ရှိပါတယ်။ အခုနောက်ပိုင်း သေဒဏ်တွေကို တကယ်ကြိုးပေးတာနည်းပါတယ်"ဟု တရားသူကြီးဟောင်းတစ်ဦးက ဆိုသည်။

အလားတူ ပြီးခဲ့သည့်နှစ်ပိုင်းကာလများအတွင်း ဖြစ်ပွားခဲ့သော မှုခင်းဖြစ်စဉ်များအနက် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် Junction Center အနောက်တွင် ဖြစ်ပွားခဲ့သော ငယ်ရွယ်သူ လင်မယားစုံတွဲမှ ခင်ပွန်းဖြစ်သူ အသတ်ခံရပြီး အမျိုးသမီးကို အဓမ္မပြုကျင့်ခံရမှုဖြစ်စဉ်တွင် ကျူးလွန်သူလေးဦးအနက် သုံးဦးအား သေဒဏ်ချမှတ်လိုက်သောအမှုနှင့် သန်လျင်မြို့နယ်တွင် တာဝန်ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးကို ဓားဖြင့် ထိုးသတ်မှုကျူးလွန်ခဲ့သည့် တင်မြင့်၏ အမှုမှာ ပြည်သူများ စိတ်ဝင်တစားဖြစ်ခဲ့ရပြီး မသေမချင်းကြိုးကွင်းစွပ်သတ်ရန် အမိန်ချမှတ်ခံခဲ့ရသည့် ထင်ရှားသောအမှုများဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ နိုင်ငံမှာ သေဒဏ်ရှိတယ်။ ဒါပေမယ့် ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ သေဒဏ်ဆိုရင် မသတ်တော့ပါဘူး။ မကျင့်သုံးတော့တာပါ။ အယူခံ မအောင်ရင် ဒါမှမဟုတ် လွတ်ငြိမ်းချမ်းသာခွင့်မရရင် လွတ်ရက်မရှိ ထောင်ထဲမှာချုပ်ထားတာပါပဲ။ သေဒဏ်ချခံရတဲ့ထဲက သက်ငယ်မုဒိမ်းမှုမျိုးတွေ၊ သေဒဏ်ကို အကြိမ်ကြိမ်ကျခံခဲ့ဖူးသူတွေနဲ့ အခုလို ကလေးသုံးယောက်ကို သေအောင်သတ်တဲ့သူတွေအတွက်ကိုတော့ သေဒဏ်ကို ပြန်လည်ကျင့်သုံးသင့်ပါတယ်" ဟု တရားလွှတ်တော်ရှေ့နေ ဦးကြီးမြင့်က သူ၏အမြင်ကို ပြောသည်။

**ဇော်ကြီး**

# အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ စိစစ်ကွပ်ကဲကြပ်မတ်လျက်ရှိပါသည်။

၂။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ဈေးကွက်အတွင်းရှိ ဆေးဝါးများကို စိစစ်ခဲ့ရာ အောက်ဖော်ပြပါဆေးဝါး(၈)မျိုးသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော တရားမဝင်ဆေးဝါးများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်-

| စဉ် | ဆေးအမည် | ဆေးဘူး/ဆေးကတ်တွင် ဖော်ပြချက် |
|---|---|---|
| ၁။ | Deca-Instabolin 50 Injection (Nandrolone Decanoate IP 50mg/ml) | Intas Pharmaceuticals Ltd, India |
| ၂။ | Elestomine Tablet (Betamethasone IP 0.5mg) | Maxtar Bio-Genics, India |
| ၃။ | Dexamethasone Tablet (Dexamethasone 0.5mg) | Asian Union Laboratories Co., Ltd, Thailand |
| ၄။ | Disprin Effervescent Tablet (Acetylsalicylic acid IP 350mg) | Reckitt Benckiser (India) Ltd, India |
| ၅။ | Nifedipine Tablets 10mg | Lin Fen Bao Zhu Pharmaceutical Co., Ltd |
| ၆။ | Salbutamol Tablet 10mg (Salbutamol Sulphate IP eq. to Salbutamol IP 2mg) | Cotec Healthcare (P) Ltd, India |
| ၇။ | Bupivacaine Hydrochloride Injection 37.5mg/ 5ml | Shandonghualu Pharmaceutical Co., Ltd |
| ၈။ | 21st Super-Vita New Tablet | Shanghai Renxiang Biotechnology Co., Ltd |




၃။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ရရှိထားသော ဆေးဝါးများကို ဆရာဝန်ညွှန်ကြားချက်ဖြင့် ဝယ်ယူသုံးစွဲပါရန် အသိပေးအပ်ပါသည်။ ထို့အပြင် ပြည်သူ့ကျန်းမာရေးအတွက် စောင့်ရှောက်မှုဆောင်ရွက်ပေးသူများအနေဖြင့် မိမိတို့သုံးစွဲနေသည့် ဆေးဝါးများနှင့်ပတ်သက်၍ သံသယဖြစ်ဖွယ် တစ်စုံတစ်ရာရှိပါက သတင်းပေးပို့အကြောင်းကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများကို တင်သွင်းဖြန့်ဖြူးရောင်းချခြင်း (လက်လီ/လက္ကား)လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေပုဒ်မ(၁၈) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# မော်တော်ယာဉ်မောင်းနှင်ရာတွင် သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်မှုမရှိစေရေး အသိပေးနှိုးဆော်ချက်

၁။ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီသည် ယာဉ်မတော်တဆထိခိုက်မှုကြောင့် ပြည်သူတို့၏ အသက်နှင့် လူမှုဘဝဆုံးရှုံးမှုများ၊ ထိခိုက်ဒဏ်ရာရမှုများ လျော့နည်းကျဆင်းလာစေရေးအတွက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အစီအမံများနှင့် လုပ်ငန်းစဉ်များအား ချမှတ်၍ အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ယာဉ်မတော်တဆမှုကြောင့် ပျမ်းမျှတစ်နေ့လျှင် လူ ၈၀ ဝန်းကျင် ဒဏ်ရာရရှိနေပြီး ၁၀ ဦးနှင့်အထက်သေဆုံးမှုများ ဖြစ်ပွားလျက်ရှိရာ ယာဉ်မောင်းများ၏ အရှိန်ပြင်းမောင်းနှင်မှုသည် အဓိကအကြောင်းရင်းအဖြစ် ပါဝင်နေကြောင်း သုံးသပ်တွေ့ရှိရသည်။

၃။ အမြန်နှုန်းများနှင့်စပ်လျဉ်း၍ တည်ဆဲမော်တော်ယာဉ်ဥပဒေ၊ မော်တော်ယာဉ်နည်းဥပဒေ၊ အမြန်လမ်းမကြီးများ ဥပဒေများအရ အောက်ပါအတိုင်းသတ်မှတ်ထားပြီး ဖြစ်ပါသည်-

(က) တည်ဆဲမော်တော်ယာဉ်ဥပဒေပုဒ်မ ၄၉၊ပုဒ်မခွဲ (က)တွင် "**မော်တော်ယာဉ်ကိုသတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်ခြင်း သို့မဟုတ် သတ်မှတ်ထားသည့် အမြန်နှုန်းအောက်လျော့၍ မောင်းနှင်ခြင်း မပြုလုပ်ရ**"ဟူ၍ ပြဋ္ဌာန်းထားပါသည်။

(ခ) တည်ဆဲ ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေများ၏ နည်းဥပဒေ ၁၄၃တွင် အမြန်နှုန်းသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သတ်မှတ်ပြဋ္ဌာန်းထားပါသည်-

၁၄၃။ (က) လမ်းအခြေအနေကောင်းလျှင် သာမန်အားဖြင့် မြို့၏ နယ်နိမိတ်အတွင်း၌ မော်တော်ယာဉ်မောင်းနှင်မှု အမြန်နှုန်းကို တစ်နာရီလျှင် ၄၈ ကီလိုမီတာ **(၃၀ မိုင်)**ထက်ပို၍ လည်းကောင်း၊ မြို့၏ နယ်နိမိတ်ပြင်ပ၌ မြို့နယ်တစ်ခုနှင့်တစ်ခုကို ဆက်သွယ်ထားသည့် လမ်းမကြီးပေါ်တွင် တစ်နာရီလျှင် ၈၀ ကီလိုမီတာ **(၅၀ မိုင်)** ထက်ပို၍ လည်းကောင်း မမောင်းရ။

(ခ) နောက်တွဲပါသောယာဉ် သို့မဟုတ် မီးလောင်ပေါက်ကွဲတတ်သောပစ္စည်းများ တင်ဆောင်သော ယာဉ်အတွက် အမြန်နှုန်းကို မြို့၏ နယ်နိမိတ်အတွင်း၌ တစ်နာရီလျှင် ၃၂ ကီလိုမီတာ **(၂၀ မိုင်)** ထက်ပို၍ လည်းကောင်း၊ မြို့၏ နယ်နိမိတ်ပြင်ပ၌ မြို့နယ်တစ်ခုနှင့်တစ်ခုကို ဆက်သွယ်ထားသည့် လမ်းမကြီးပေါ်တွင် တစ်နာရီလျှင် ၅၆ ကီလိုမီတာ **(၃၅ မိုင်)**ထက်ပို၍ လည်းကောင်း မမောင်းရ။

(ဂ) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းထားသော တိုင်းဒေသကြီး/ပြည်နယ်အဆင့်ရှိ အဖွဲ့သည် လမ်းအခြေအနေအရ အမြန်နှုန်းများကို နည်းဥပဒေခွဲ(က)နှင့်(ခ)ပါ ပြဋ္ဌာန်းချက်များအတွင်း လိုအပ်သလို သတ်မှတ်နိုင်သည်။

(ဃ) မြို့၏နယ်နိမိတ်အတွင်း၌ နှစ်လမ်းမောင်းလမ်း၏ တစ်ဖက်တစ်ချက်တွင် ယာဉ်ကြောသုံးခုစီရှိပါက လက်ဝဲစွန်းယာဉ်ကြောတွင် တစ်နာရီလျှင် ၆၄ ကီလိုမီတာ**(၄၀ မိုင်)** အထိ မောင်းနှင်ခွင့်ပြုသည်။

(င) ယာဉ်မောင်းသူသည် သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍မိမိယာဉ်ကို မမောင်းနှင်ရ။

(ဂ) ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် မောင်းနှင်ရမည့် အမြန်နှုန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမြန်လမ်းမကြီးများ ဥပဒေနှင့်အညီ အောက်ပါအတိုင်း သတ်မှတ်ထားပြီးဖြစ်ပါသည်-

(၁) Telematic စနစ်တပ်ဆင်ထားသော ခရီးသည်တင်ယာဉ်များသည် တစ်နာရီလျှင် ၉၀ ကီလိုမီတာထက် ပိုမမောင်းရ။

(၂) အမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းမောင်းနှင်ခွင့်ပြုထားသော ကုန်တင်ယာဉ် ဝန်ပေါ့ (ပစ်ကပ်၊ Single Cab ၊ လိုက်ထရပ်၊ တင်ဆောင်နိုင်အား (၃)တန်နှင့်(၃)တန်အောက်ဗင်နှင့်ထရပ်) မော်တော်ယာဉ်များသည် တစ်နာရီလျှင် ၆၀ ကီလိုမီတာထက် ပိုမမောင်းရ။

(၃) အမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းမောင်းနှင်ခွင့်ပြုထားသော ကုန်တင်ယာဉ် ဝန်လေး(တင်အား(၃)တန်နှင့်အထက် ဗင်နှင့် ထရပ်)မော်တော်ယာဉ်များသည် တစ်နာရီလျှင် ၆၀ ကီလိုမီတာ ထက်ပိုမမောင်းရ။

(၄) လူစီးယာဉ်များ(ဆလွန်း၊စတေရှင်ဝက်ဂွန်၊ Double Cab)သည် တစ်နာရီလျှင် ၁၀၀ ကီလိုမီတာထက် ပိုမမောင်းရ။

(ဃ) ထို့ပြင် ဌာနဆိုင်ရာ၊ ပတ်ဝန်းကျင်ဆိုင်ရာ၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များအရ ဒေသအလိုက် အထူးသတ်မှတ်ထားသောအမြန်နှုန်းများကိုလည်း လိုက်နာရပါမည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းလုံးရှိ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် မိမိတို့၏ မော်တော်ယာဉ်များအား အထက်အပိုဒ် (၃)ပါ သတ်မှတ်ထားသည့် အမြန်နှုန်းများအတိုင်း အထူးသတိပြုလိုက်နာမောင်းနှင်ကြရန်ဖြစ်ပါသည်။ နေရာဒေသနှင့် လမ်းအလိုက် သတ်မှတ်ထားသည့် အမြန်နှုန်းဖြင့်လျှော့၍ မောင်းနှင်ခြင်းဖြင့် မိမိအပါအဝင် မိမိယာဉ်ပေါ်၌ လိုက်ပါစီးနင်းကြသူအားလုံး၏ ဘေးကင်းလုံခြုံမှုကို ဦးစားပေးကြရန် တိုက်တွန်းအပ်ပါသည်။

၅။ သတ်မှတ်အမြန်နှုန်းများထက်ပို၍ မောင်းနှင်မှုမရှိစေရေးအား (၉-၆-၂၀၁၇) ရက်နေ့မှ (၃၁-၇-၂၀၁၇)ရက်နေ့အထိ ပညာပေးကာလအဖြစ်သတ်မှတ်၍ အသိပညာပေးခြင်း စစ်ဆေးကြပ်မတ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး (၁-၈-၂၀၁၇)ရက်နေ့မှ စတင်၍ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်သောယာဉ်များအား တည်ဆဲမော်တော်ယာဉ်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**

# ၂၂ ဘီးယာဉ်ပေါ်မှ တရားဝင်အခွန်ဆောင်ထားခြင်းမရှိသည့် ဆိုင်ကယ် ၁၀ စီး ဖမ်းဆီးရမိ

**မူဆယ် ဇွန် ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနီး တရားမဝင် အကောက်ခွန်မဲ့ မော်တော်ဆိုင်ကယ်များကို ကုန်တင်ယာဉ်များဖြင့်တင်ဆောင်၍ ရှောင်ကွင်းလမ်းများမှတစ်ဆင့် သွားလာနေကြောင်း သတင်းပေးပို့လာသဖြင့် ဇွန် ၂၀ ရက်က ကုန်သွယ်ရေးဇုန်နှင့် တစ်မိုင်ခန့်အကွာ အိုရီယမ်တယ် ဟိုက်ဝေးတိုးဂိတ်အကျော် အသောက ဆီဆိုင်ရှေ့တွင် ရပ်တန့်ထားသော ၂၂ ဘီးယာဉ်အား ကုန်သွယ်ရေးဇုန်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နိုင်ထွန်း ဦးဆောင်သော ကုန်သွယ်ရေးအဖွဲ့များက စစ်ဆေးခဲ့ရာ အဆိုပါယာဉ်ပေါ်တွင် Iron Nail (29460)Kg မှာ တရားဝင်အခွန်ဆောင်ထားသော စာရွက်စာတမ်းများ ပါရှိသော်လည်း ခိုင်လုံသည့်အထောက်အထားတစ်စုံတစ်ရာ တင်ပြခြင်းမရှိသည့် တရုတ်နိုင်ငံထုတ်ဆိုင်ကယ် ၁၀ စီးအား တင်ဆောင်ထားသည်ကို စစ်ဆေးတွေ့ရှိခဲ့သည်။ **(အပေါ်ပုံ)**



အဆိုပါ တရားမဝင် တရုတ်နိုင်ငံထုတ်ဆိုင်ကယ်များ တင်ဆောင်ထားသော ယာဉ်အမှတ် MDY/7F---- ၂၂ ဘီးယာဉ်အား ဆက်လက်စစ်ဆေးမှုများ ပြုလုပ်ရန်အတွက် ကုန်သွယ်ရေးဇုန်သို့ ခေါ်ဆောင်ခဲ့ပြီး ကုန်သွယ်ရေးဇုန်မှ တာဝန်မှူးထံသို့အပ်နှံ၍ ယာယီထိန်းသိမ်းထားခဲ့သည်။

ဆက်လက်၍ ဇွန် ၂၁ ရက်တွင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ဆိုင်ကယ် ၁၀ စီးနှင့် ၂၂ ဘီးယာဉ်အား အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်ပေးရန်အတွက် ကုန်သွယ်ရေးဦးစီးဌာနမှ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓါတ်ပုံ - သန့်ဇင် (မူဆယ်)**

# မိုင်းဖြတ်၌ လက်နက်ခဲယမ်းများဖမ်းဆီးရမိ

**မိုင်းဖြတ် ဇွန် ၂၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့ အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ဇွန် ၂၂ ရက် နံနက်ပိုင်းက တာချီလိတ်မှ ကျိုင်းတုံသို့ပို့ဆောင်ပေးမည့် ဆိုင်ကယ်နှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ ဇွန် ၂၂ ရက် နံနက် ၉ နာရီခန့်က မယ်ယန်း(တာချီလိတ်) စစ်ဆေးရေးဂိတ်မှ အစစ်ဆေးမခံဘဲ ဆိုင်ကယ်နှစ်စီး မောင်းပြေးသွားကြောင်း သတင်းအရ မိုင်းဖြတ်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဟန်မိုးလွင် ဦးစီးအဖွဲ့သည် မိုင်းဖြတ်မြို့အခြေခံပညာအထက်တန်းကျောင်းရှေ့ရဲစခန်းအရှေ့ဘက် ၂ ဖာလုံခန့်အကွာတွင် ရှောင်တခင် ပိတ်ဆို့ရှာဖွေမှုဆောင်ရွက်ခဲ့ရာ တာချီလိတ်မှ ကျိုင်းတုံဘက်သို့ စွန်စပ်ကုန်းရပ်ကွက် ကျိုင်းတုံမြို့နေသူ လော်အဲ (၁၉ နှစ်) မောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးအား မသင်္ကာ၍ စစ်ဆေးခဲ့ရာ အရှည်ခြောက်လက်မခန့်ရှိ ပစ္စတို သေနတ်တစ်လက်၊ ၎င်းကျည် ၂၁ တောင့်နှင့် Forjas Tarus S:A တံဆိပ် PT 92 AFS နံပါတ်ပါ Brazil နိုင်ငံထုတ် အရှည်ရှစ်လက်မခန့်ရှိ ပစ္စတိုသေနတ်တစ်လက်၊ ၎င်းကျည် ကိုးတောင့်နှင့် ထိုင်းဘတ်ငွေ ၁၀၀၀ တန် အရွက် ၄၀၀ (ဘတ် လေးသိန်း)(ကာလတန်ဖိုး မြန်မာငွေကျပ်သိန်း ၁၆၀ ခန့်)တို့ ဖမ်းဆီးရမိသည်။ ဆက်လက်ပြီး လော်အဲနှင့်အတူ ဆိုင်ကယ်တစ်စီးဖြင့် မောင်းနှင်လာသော ဂေါ်ဂျော်အာခါရွာ တာချီလိတ်မြို့နေသူ လော်ဖာ (၂၀ နှစ်)အား ဆက်လက်စစ်ဆေးရာ မသင်္ကာဖွယ်ရာများ မတွေ့ရှိခဲ့ကြောင်း သိရသည်။

၎င်းတို့နှစ်ဦးသည် တောင်သုံးရွာ တာချီလိတ်မြို့နယ်နေသူ လော်ရှိုး(၂၁ နှစ်) နှင့် ဘော်ကျော်ကာအာခါရွာနေသူ အာကျ (၂၃ နှစ်) တို့နှစ်ဦးက ထိုင်းဘတ်ငွေ လေးသိန်းပေး၍ ကျိုင်းတုံမြို့သို့ ပို့ဆောင်ရန် တွေ့ဆုံစေခိုင်းသဖြင့် ထွက်လာခဲ့ရာ မိုင်းဖြတ်မြို့တွင် စစ်ဆေးဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရသည်။ **မြင့်မိုရ် (တာချီလိတ်)**

# ပြင်ဦးလွင်၌ ဖုံးဟောင်းတစ်လုံးပေါက်ကွဲ နှစ်ဦးသေဆုံး

**ပြင်ဦးလွင် ဇွန် ၂၂**

ပြင်ဦးလွင်မြို့နယ် စည်သာရွာ၌ ဇွန် ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲက ဗုံးသီးဟောင်းတစ်လုံး ပေါက်ကွဲခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ပန်းတောင်းမြို့နယ် စွန်ကုန်းရွာနေ ဖိုးဆည်(ခ) ကျော်လွင်ဆည် (၂၈ နှစ်)သည် ဇွန် ၂၁ ရက်က ပြင်ဦးလွင်မြို့နယ် လက်ပံကုန်းကျေးရွာအနီး တွင်းတစ်ခုအတွင်းမှ တွေ့ရှိသည့် ဗုံးသီးဟောင်းတစ်လုံးကို စည်သာရွာ၏တောင်ဘက် တစ်မိုင် လေးဖာလုံအကွာ ပုံမိကုန်းထိပ်ရှိ ဦးကျော်လွင် (၅၃ နှစ်)၏ တဲအတွင်းသို့ ယူဆောင်လာစဉ် တဲအတွင်းရှိ ဘိလပ်မြေအိတ်များပေါ်သို့ ဗုံးသီးအား ပစ်တင်လိုက်ရာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်ကြောင့် ဦးကျော်လွင်နှင့် ဖိုးဆည်(ခ)ကျော်လွင်ဆည်မှာ အခင်းဖြစ်ပွားရာနေရာ၌ပင် သေဆုံးသွားခဲ့ကာ တဲအတွင်းရှိ ရန်နိုင်ဦး (၂၄ နှစ်)၊ ဝင်းမျိုးထွန်း (၂၁ နှစ်)တို့မှာ ဒဏ်ရာတစ်စုံတစ်ရာ မရရှိဘဲ လွတ်မြောက်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ပြင်စာရဲစခန်းမှ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်နိုင် (ပြင်ဦးလွင်)**

# ဘူးသီးတောင်မြို့နယ်၌ မသင်္ကာသူငါးဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၂**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် တင်ဆက်ကျေးရွာ၌ ယမန်နေ့ နံနက်ပိုင်းက မသင်္ကာသူငါးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့နယ် တင်ဆက်ကျေးရွာ၌ အကြမ်းဖက်သမားများ ဝင်ရောက်နေကြောင်း သတင်းအရ ယမန်နေ့ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ကျေးရွာ၏အနောက်ဘက်၌ ကင်းလှည့်ဆောင်ရွက်စဉ် တုတ်၊ ဓားကိုင်ဆောင်ထားသူ ၁၅ ဦးခန့်အား တွေ့ရှိသဖြင့် လိုက်လံရှင်းလင်းရာ မေယုတောင်ကြောပေါ်သို့ ထွက်ပြေးသွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တင်ဆက်ကျေးရွာအတွင်း ဝင်ရောက်ရှာဖွေရာ အကြမ်းဖက်သင်တန်း တက်ရောက်ပြီးသူနှင့် အမာခံဟုယူဆရသူ အဘူဆွေယော့အပါအဝင် ငါးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

# မင်္ဂလာဒုံမြို့နယ်၌ လုယက်မှုမှ ပြစ်မှုကျူးလွန်သူအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းမိ

**ရန်ကုန် ဇွန် ၂၂**

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၌ အမျိုးသမီးနှစ်ဦးထံမှ လုယက်သူများကို အချိန်တိုအတွင်း ဖမ်းဆီးရမိမှု ပေါ်ပေါက်ခဲ့သည်။

မရမ်းကုန်းမြို့နယ်နေ မ---- သည် ဇွန် ၁၅ ရက်တွင် သူငယ်ချင်းနှင့်အတူ လှည်းကူးမြို့နယ်သို့ အလုပ်ကိစ္စဖြင့် သွားရောက်ခဲ့ပြီး ည ၇ နာရီခွဲခန့်တွင် ဆိုင်ကယ်ဖြင့်ပြန်လာခဲ့ရာ မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာစက်မှုဇုန်(၄)ရှိ လမ်းပေါ်၌ ဆိုင်ကယ်မီးပျက်သွားသဖြင့် ဆင်းကြည့်စဉ် အမျိုးသားသုံးဦး ရောက်ရှိလာပြီး ၎င်း၏ လည်ပင်းတွင်ဆွဲထားသော ဆွဲကြိုးတစ်ကုံး၊ လက်ဝတ်ရတနာများ၊ SAMSUNG ဖုန်း နှစ်လုံးနှင့် HUAWEI ဖုန်းတို့ထည့်ထားသော လက်ကိုင်အိတ်နှင့် စီးနင်းလာသော CZI ဆိုင်ကယ် တစ်စီး စုစုပေါင်း တန်ဖိုးငွေကျပ် ၁၀၉၀၀၀၀ တို့အား လုယက်ယူဆောင်သွားကြောင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် နယ်မြေရဲစခန်း၌ အမှုဖွင့် တိုင်ကြားခဲ့သည်။

မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနမှ ရဲအုပ် ထွန်းလင်း ဦးဆောင်သော တပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာနှင့် အနီးတစ်ဝိုက်တွင် အမှုမှုပါဆုံးသွားသော ဆိုင်ကယ်ကို အမျိုးသားတစ်ဦး အသုံးပြုနေကြောင်း သတင်းရရှိပြီး ဇွန် ၁၆ ရက် ညနေ ၅ နာရီတွင် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီး ကျေးရွာရှိ အောင်စည်းခံဘုရားလမ်းမပေါ်တွင် မင်းခန့်ကျော်(ခ)ဘိုဘိုအား ဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

၎င်းအားစစ်ဆေးရာ စိုးပိုင်၊ လမု(စုံစမ်းဆဲ)တို့နှင့်အတူ ကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့ပြီး ပြစ်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် ဆိုင်ကယ်၊ အရိုးအသွား ၂၇ လက်မခန့်ရှိ ဓားတစ်ချောင်း၊ အမှုမှုပါဆုံးသွားသော ရွှေထည်လက်ဝတ်ရတနာများနှင့် CZI ဆိုင်ကယ်တို့အား သဃ်န်းကျွန်းကြီးကျေးရွာရှိ ၎င်း၏နေအိမ်မှ ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကာ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူများအား ဖမ်းဆီးရမိရေးနှင့် အခြားခိုးမှု၊ လုယက်မှုများ ကျူးလွန်ထားခြင်း ရှိ-မရှိ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**


## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ မော်အင်းအလကကျောင်း သတ္တမတန်းမှ မောင်အောင်သက်ဦး၏ ဖခင်အမည်မှန်မှာ သန်းဇော်ဦး ၇/သဝတ(နိုင်)၁၃၁၉၆၈ ဖြစ်ပါကြောင်း။

**သန်းဇော်ဦး**

## ပျောက်ဆုံးကြောင်း

မော်လမြိုင် စစ်ကဲကုန်းရပ်ကွက်နေသူ ကျွန်တော် စိုးမိုးကျော် ၁၀/မလမ(နိုင်)၂၀၈၈၁၈၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၃၂၂၆၂၂**

## အမည်မှန်

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လောက်ကိုင်မြို့နယ်၊ မန်မိုင်ကျေးရွာနေ ဦးမောင်ဝင်း ၁၃/လကန(နိုင်) ၀၀၅၁၉၈ ၏သမီးဖြစ်သူ မမြတ်ချြုလာအောင်၏ အမည်မှန်မှာ နန်းမြတ်ချြုလာအောင် ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ်၊ ပန်ဆန်းနမ့်ကျေးရွာ၊ ရေလယ်ကျွန်းမှ ဦးအိုက်မတ်နှင့် ဦးအိုက်ဆိုင် ၁၃/ကလတ(နိုင်)၀၁၇၄၉၀ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမွေပြတ်စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၃)၊ ဟံသာဝတီလမ်းနေ ဦးညီညီနိုင်နှင့် ဒေါ်ဂီသားတို့၏သား မောင်ဝင်းညီညီ (LSO-၂၂၀၀၄၁) သည် မိဘများ ခွင့်မလွှတ်နိုင်သောကိစ္စအား ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၇၅၉၄ AMA Ligh Truck ယာဉ်လက်ဝယ်ရှိသူ ဦးရှမ်းလုံ ၉/မမန(နိုင်)၀၄၄၅၄၁ မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(လားရှိုး)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8H/4696၊ အမျိုးအမည် Shwe Thway Multi Purpose၊ Micro Bus ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာနိုင် ၁၂/ရကန(နိုင်)၀၅၃၉၇၀ မှ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ဦးကျော်သန်း ၁၂/ဥကမ(နိုင်)၁၁၀၆၈၅ သိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဇ/ရပ်ကွက်၊ ဥဇ္ဇနာ(၃)လမ်း၊ အမှတ် (၁၁၅)နေ ဦးသန်းထိုက် ၁၂/ဥကမ(နိုင်)၁၄၉၆၀၄၊ ဒေါ်အေးအေးသွင် ၁၂/ဥကမ(နိုင်)၁၈၁၁၂၈ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဇ/ရပ်ကွက်၊ ဥဇ္ဇနာ(၄)လမ်း၊ အမှတ် ၂၀၄ ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀×၆၀)၊ နှစ် (၆၀)ဂရန်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် ဦးကျော်သန်းထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် ဝယ်ယူလက်ရောက်ရရှိခဲ့ပါသည်။ ရောင်းချသူ ဦးကျော်သန်းက ရောင်းချသည့် အိမ်မြေနှင့်ပတ်သက်၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းရုံးတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုပေးမည်ဖြစ်ကြောင်း ကတိပြု၍ ရောင်းချခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေများက အိမ်မြေအရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပြုလုပ်ချုပ်ဆိုလိုပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ဆောင်ရွက်ပေးပါရန် အသိပေးကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှကလျာဝင်း( LL.B, C.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**ရုံးခန်းအမှတ်(၃)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အထကမုံရွေးကြေးမုံ စာစစ်ဌာနမှ ခုံအမှတ် (စမရ-၄၅၀) ဖြင့် ဖြေဆိုအောင်မြင်ခဲ့သော (ဘ) ဦးလှဝင်း၏သမီး မအိအိမွန်နှင့် မအိမွန်ကျော် ၉/အမဇ(နိုင်)၀၅၉၀၅၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မအိအိမွန်(ခ)မအိမွန်ကျော်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ အနောက်လက်ပံတန်းမြို့ အထက (၃) တက္ကသိုလ်ဝင်တန်း (ခ)မှ မမေဇင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးချစ်ကို ၇/လပတ(နိုင်) ၁၄၉၅၁၆ ဖြစ်ပါသည်။

**ဦးချစ်ကို**

## အမည်မှန်

ရေဦးမြို့၊ "ဗွဲမာန်သာ" ကိုယ်ပိုင်အထက်တန်းကျောင်းမှ (ဘ)ဦးကျော်တင်၏သား မောင်မဲကျော်၏ အမည်မှန်မှာ မောင်စိုးမင်းထွန်း ဖြစ်ပါကြောင်း။

**မောင်စိုးမင်းထွန်း**

## ဖခင်အမည်မှန်

ရေဦးမြို့နယ်၊ ကုန်းသာကျေးရွာ အမကနှင့် ချမ်းသာ အထကတို့မှ မနွေးနွေးဦးနှင့် မလင်းလင်းဦးတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းထွေး ၅/ရဉန(နိုင်)၀၅၆၇၄၄ ဖြစ်ပါကြောင်း။

**ဦးကျော်ဝင်းထွေး**

## ဖခင်အမည်မှန်

ပြင်ဦးလွင် အထက(၄) သတ္တမတန်း (A) မှ မောင်ရာဂျာနှင့် မပူဂျာတို့၏ဖခင်အမည်မှန်မှာ ဦးဘိမ်လားလ် ( KME-၂၆၂၁၈၄) ဖြစ်ပါကြောင်း။

**ဦးဘိမ်လားလ်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁) ရပ်ကွက်၊ အင်းစိန်လမ်းမကြီး၊ အမှတ် (၁၂၅)၊ (၄-လွှာ-အေ) တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားတရားဝင်ပိုင်ဆိုင်သူ ဒေါ်သန်းသန်းဆွေ (၁၂/ကမရ (နိုင်) ၀၀၃၅၄၃) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်မည့်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်တို့ထံသို့ ကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဒေါ်ဇင်မာနွယ် | ဒေါ်အေးမင်းမင်းသိမ့် | ဦးသီဟ |
| (LL.B) | (LL.B) | (LL.B) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| စဉ် (၁၁၃၇၉) | စဉ် (၃၆၉၅၂) | စဉ် (၄၁၇၂၁) |

တိုက် (၅၇၉)၊ သီရိမြိုင် (၉) လမ်း၊ (၁၃) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉၄၀၃၇၁၂၉၃၂

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/2094 အမျိုးအမည် Top.L/T (1) Ton, P/U (၄×၂) ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဝင်း(ခ)နူဂူမဟာမက် ၁၂/မဂတ(နိုင်)၀၈၃၇၈၅ မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊သန်လျင်မြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ မြေတိုင်း(၇)၊ ဗိုလ်ချုပ်ပန်းခြံ- ၁ လမ်း၊ မြေကွက်အမှတ် (၂၁၂/ခ)ရှိ မြေဧရိယာပေ (၂၀×၆၀)အကျယ်ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးမြမောင်မှ နှစ်(၆၀) မြေငှားဂရန်အမည်ပေါက်ပိုင်ဆိုင်၍ ဒေါ်နွဲ့မူ ၉/ရမသ(နိုင်)၀၆၈၇၇၁ မှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါမြေကွက်ပေါ်တွင် ဒေါ်နွဲ့မူသည် နေအိမ်ဆောက်လုပ်ပြီး လက်ရှိနေထိုင်နေသူဖြစ်ပါသည်။ မြေကွက်၏ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားများမှာ ကျွန်ုပ်မိတ်ဆွေ ဒေါ်နွဲ့မူထံ၌ ရှိနေပြီး ဒေါ်နွဲ့မူသည် မြေကွက်၏ပိုင်ရှင်အမှန်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စောနှင်းအေး LL.B**
**(အထက်တန်းရှေ့နေ) (စဉ်-၂၄၄၄၅)**
**အမှတ် ၂၄/ခ၊ ဗိုလ်မင်းရောင်လမ်း၊ ဓာတိကပန်းခြံ၊**
**(၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၇၃၀၉၁၈၄၈၊ ၀၉-၇၇၉၆၉၂၇၀၄**

# ပရိသတ် ၁၀၀၀ ကျော်ဆံ့ ဒေးဒရဲအားကစားခန်းမသစ်ဖွင့်လှစ်

**ဒေးဒရဲ ဇွန် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၌ အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန်အတွက် မြို့နယ်အားကစားခန်းမသစ်ဖွင့်ပွဲကို ဇွန် ၂၀ ရက် နံနက် ၉ နာရီခွဲက အဆိုပါ အားကစားခန်းမရှေ့၌ ကျင်းပခဲ့သည်။

"ကျွန်တော်တို့ အရင်က ဒေးဒရဲမြို့နယ်မှာ အားကစားရုံက ဟောင်းနွမ်းနေတယ်။ အသစ်တည်ဆောက်ချင်တာကြာပါပြီ။ အခုတည်ဆောက်တာက ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေနဲ့ တည်ဆောက်တာ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးမှာ မြို့နယ် ၂၆ မြို့နယ်မှာရှိတဲ့ အားကစားသမားတွေ တိုးတက်လာဖို့ရည်ရွယ်ပြီး ဆောက်လုပ်တာဖြစ်ပါတယ်။ ခန်းမမှာ အားကစားနည်းပေါင်းစုံ ပြိုင်ပွဲများ ကျင်းပနိုင်ပြီဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးညွှန့်က ပြောသည်။

အဆိုပါ အားကစားခန်းမကို တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစံမင်းအောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညို၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ဓာတ်ပုံ)

ယင်းအားကစားခန်းမကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေကျပ်သိန်း ၂၀၀၀ ဖြင့် တည်ဆောက်ပေးခြင်းဖြစ်ပြီး အားကစားခန်းမသည် အလျားပေ ၁၂၀၊ အနံ ပေ ၉၀ ရှိကာ ပရိသတ် ၁၀၀၀ ကျော် ကြည့်ရှုနိုင်ကြောင်း သိရသည်။



**သတင်း-အေကေလင်း**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- ချယ်လ်ဆီးအသင်းသည် မိုနာကိုနှင့် ပြင်သစ် ကွင်းလယ်ကစားသမား ဘာကာယိုကိုကို ပေါင် ၃၅ သန်းဖြင့် စာချုပ်ရန် နီးစပ်လျက်ရှိကြောင်း သတင်းများအရ သိရှိရသည်။ ထိုအပြောင်းအရွှေ့သာ ပြီးမြောက်ခဲ့ပါက ချယ်လ်ဆီး ကွင်းလယ်ကစားသမား နီမန်ဂျာမာတစ်သည် နည်းပြဟောင်း မော်ရင်ဟိုနှင့်အတူ ပြန်လည်ပေါင်းစည်း သွားနိုင်ကြောင်းလည်း သတင်းများတွင် အလေးပေးဖော်ပြထားသည်။
- ဂါဘွန်လက်ရွေးစင် အူဘာမီယန်ကို ဥရောပအသင်းကြီးများဖြစ်သော ရီးရဲမက်ဒရစ်၊ ပီအက်စ်ဂျီနှင့် မန်ချက်စတာစီးတီးအသင်းတို့က အပြိုင်စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများအရ သိရသည်။ ဒေါ့မွန်အသင်းနှင့် ၎င်း၏စာချုပ်သက်တမ်းသည် ၂၀၂၀ ခုနှစ် ဇွန်လအထိရှိကြောင်း သိရသည်။
- ဂျာမန်ကလပ် မိုချန်ဂလာဘတ်အသင်းသည် အင်္ဂလန်ကလပ် ဝက်စ်ဟမ်းအသင်းမှ ရေစီအောက်စ်ဖို့ဒ်(၁၈ နှစ်)ကို တစ်နှစ်အငှားစာချုပ်ဖြင့် အပြီးသတ်ခေါ်ယူစာချုပ်လိုက်ကြောင်း သတင်းများအရ သိရသည်။
- အာဆင်နယ်ကစားသမားဟောင်း ရောဘတ်သ်ပီရက်ဇ်သည် ဆန်းချက်ဇ်နှင့် အိုဇေးလ်ကို အာဆင်နယ်အသင်းနှင့်အတူ စာချုပ်သစ်ထပ်မံချုပ်ဆိုရန် လိုလားလျက်ရှိကြောင်း သိရသည်။ ၎င်းတို့၏ စာချုပ်သည် လာမည့်နှစ် ဇွန်လတွင် ကုန်ဆုံးမည်ဖြစ်သောကြောင့် အဆိုပါကစားသမားနှစ်ယောက်၏ အနာဂတ်နှင့်ပတ်သက်ပြီး ထင်ကြေးပေးပြောဆိုနေမှုများ ကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်လျက်ရှိကြောင်းလည်း သိရသည်။

**ဇော်ဇော်**



## ယာယီဓာတ်အားပြတ်တောက်မည်ဖြစ်ကြောင်း အများပြည်သူသို့ အသိပေးပန်ကြား

**ရန်ကုန် ဇွန် ၂၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြောက်ပိုင်းခရိုင်နှင့် အရှေ့ပိုင်းခရိုင်တို့အား အဓိကဓာတ်အားဖြန့်ဖြူးပေးထားသော 230kV လှော်ကားပင်မဓာတ်အားခွဲရုံရှိ 230kV Bus အား ဓာတ်အားပိတ်၍ 230kV Bus (Section-D) (1×795 MCM AAC)အား (2× 1000 mm² AAC)ဖြင့်အစားထိုးတပ်ဆင်ခြင်းလုပ်ငန်းကို ဇွန် ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီမှ ၁၂ နာရီအထိ ဆောင်ရွက်ရမည်ဖြစ်သည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း မြောက်ပိုင်းခရိုင်အတွင်းရှိ အင်းစိန်၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ မှော်ဘီ၊ လှည်းကူး၊ ဖောင်ကြီး၊ အင်းတိုင်၊ ဒါးပိန်၊ မင်္ဂလာဒုံ၊ ထောက်ကြန့်မြို့နယ်များနှင့် အရှေ့ပိုင်းခရိုင်အတွင်းရှိ မြောက်ဥက္ကလာ၊ ရွှေပေါက်ကံမြို့နယ်များအတွင်း ယာယီဓာတ်အားပြတ်တောက်မည်ဖြစ်ပါကြောင်း အများပြည်သူထံသို့ လေးစားစွာ အသိပေးပန်ကြားအပ်ပါသည်။

ယခုပန်ကြားလွှာ၌ ပါဝင်သောလုပ်ငန်းမှာ မဖြစ်မနေဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သောကြောင့် အထက်ဖော်ပြပါမြို့နယ်အတွင်း ယာယီဓာတ်အားပြတ်တောက်ရခြင်းအတွက် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ လေးစားစွာ အသိပေးပန်ကြားထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

**ဖခင်အမည်မှန်**
သထုံမြို့ အထက ညောင်ချောင်း အဌမတန်းမှ နော်လဲ့လဲ့ဦး၏ ဖခင်အမည်မှန်မှာ ဦးဟိန်းဇော် ၁၀/သထန(နိုင်)၂၄၄၂၀၀ဖြစ်ပါကြောင်း။
**ဦးဟိန်းဇော်**

**ဖခင်အမည်မှန်**
သထုံမြို့ အထက(၂) အဌမတန်း (D)မှ မောင်ပြည့်မင်းဆက်၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးထက် ၁၀/သထန(နိုင်)၁၁၀၉၆၀ ဖြစ်ပါကြောင်း။
**ဦးဇော်မျိုးထက်**

**ဖခင်အမည်မှန်**
မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ သဲတော အထက တက္ကသိုလ်ဝင်တန်း(D)မှ မောင်အောင်ကိုမြင့်၏ ဖခင်အမည်မှန်မှာ ဦးကျော်ခိုင်ဦး ၉/ဝတန(နိုင်)၁၀၉၆၀၅ ဖြစ်ပါကြောင်း။
**ဦးကျော်ခိုင်ဦး**

**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 8E/1916 Aung Soe Tin AST-01 Truck(8x2) ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်စိုး MME-649877က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းရုံး(ရွာသာကြီး)ရန်ကုန်မြို့**

**ကန့်ကွက်နိုင်ပါကြောင်း**
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၃၊ မြေကွက်အမှတ်၈၃၆၊မြေကွက်တည်နေရာအမှတ် ၈၃၆၊ ဗိုလ်လင်းယုန်လမ်း၊ (၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (ဦးသိန်းထွန်း) HZA-၀၃၃၆၅၄အမည်ပေါက် နှစ်၆၀မြေငှားဂရန်မြေအား အမည်ပေါက် ဦးသိန်းထွန်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ခင်ပြုံး ၁၂/မရက(နိုင်) ၁၀၈၅၂၄က ဂရန်မူရင်းတင်ပြ၍ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ သန်းခေါင်စာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ အုတ်ကာ၊ သွပ်မိုး(၁)ထပ်အိမ်အမျိုးအစားဖြစ်ပြီး အိမ်ငှားကိုနိုင်မင်းမိသားစုနေထိုင်ပါသည်။ သို့ပါ၍ ဒေါ်ခင်ပြုံးမှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
**တင်ဒါအမှတ်စဉ်၊ ITCSD (၃/၂၀၁၇)**

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနအတွက် လိုအပ်သော အောက်ပါစက်ပစ္စည်းများနှင့် တပ်ဆင်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/လုပ်ငန်းအပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။
၂။ ဝယ်ယူ/လုပ်ငန်းအပ်နှံ ဆောင်ရွက်သွားမည့် စက်ပစ္စည်း (Hardware & Software)များမှာ
(က) Packet Capture Monitoring and Troubleshooting Device (1)Unit
(ခ) Long Term Packet Storage For Security Forensics (1)Unit
(ဂ) Web Security System (1)Unit
၃။ တင်ဒါပုံစံနှင့် စည်းမျဉ်းစည်းကမ်းများအား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ စီမံ/ဘဏ္ဍာ/ထောက်ပံ့ဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်တွင် ၂၃-၆-၂၀၁၇ ရက်မှ ၄-၇-၂၀၁၇ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများအား ၂၀-၇-၂၀၁၇ရက် မွန်းလွဲ၁နာရီနောက်ဆုံးထား၍ ဤဦးစီးဌာနသို့ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ပေးသွင်းပါရန်နှင့် သတ်မှတ် ကာလထက်ကျော်လွန်သော တင်ဒါအဆိုပြုလွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။ ညွှန်ကြားရေးမှူး၊ အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန၊ S-12 အိတ်ချိန်းရုံး၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၂၂၇၄၊ ၀၆၇-၄၂၂၇၂ (ရုံးချိန်အတွင်း)

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**သတင်းအချက်အလက်နည်းပညာနှင့်**
**ဆိုက်ဘာလုံခြုံရေးဦးစီးဌာန**

**YBS အတွက်**
**အထူးယာဉ်မောင်းသင်တန်းဖွင့်လှစ်ခြင်း**

ရန်ကုန်မြို့တွင်း YBS ယာဉ်သစ်ကြီးများမောင်းနှင်ရန်အတွက် ယာဉ်မောင်းများ အလိုရှိပါသဖြင့် အထူးယာဉ်မောင်းသင်တန်းကို သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ YRTA တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖွင့်လှစ်ပါမည်။ အဆိုပါသင်တန်းကို အောက်ဖော်ပြပါအရည်အချင်းရှိသူများ လျှောက်ထားနိုင်ပါသည်။
၁။ "ခ"လိုင်စင်အနည်းဆုံး (၃)နှစ်သက်တမ်းရှိရမည်။ "င"လိုင်စင်ရှိသူများလည်း လျှောက်ထားနိုင်သည်။
၂။ အသက်(၂၅)နှစ်မှ (၅၅)နှစ်အတွင်းရှိရမည်။
၃။ ယာဉ်ကြီးမောင်းနှင်သည့် အတွေ့အကြုံရှိသူဖြစ်ရမည်။
၄။ အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။
၅။ သင်တန်းပြီးဆုံးအောင်မြင်ပါက YBS ၏ ကုမ္ပဏီများတွင် အနည်းဆုံး(၃)နှစ် မောင်းနှင်နိုင်သူဖြစ်ရမည်။
၆။ သင်တန်းကာလကို ရက်သတ္တပတ်အတွင်း (၃)ပတ် တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းအောင်မြင်လျှင် YBS မောင်းနှင်ခွင့်ကတ်ပြားရရှိပါမည်။
၇။ YBS ယာဉ်များတွင် သင်တန်းပြီးဆုံးအောင်မြင်ပြီးတစ်ဆက်တည်း(၂)နှစ် မောင်းနှင်သူများအား က.ည.နတွင် "င"လိုင်စင်စိစစ်ထုတ်ပေးမည်။

**လျှောက်လွှာယူခြင်းနှင့်တင်ရမည့်နေရာ** - YRTA ရုံးချုပ် (ကျိုက္ကဆံစုပါဝမ်းကုန်တိုက်အနီး)၊ အမှတ် ၆၅၊ လေးထောင့်ကန်လမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်။
**လျှောက်လွှာတင်ရမည့်နေ့စွဲနှင့်အချိန်** - ၂၇-၆-၂၀၁၇ ရက်မှ ၆-၇-၂၀၁၇ ရက်အထိ (ရုံးချိန်အတွင်း)

သင်တန်းသားဦးရေအကန့်အသတ်ရှိပါ၍ အမြန်ဆုံးလာရောက်လျှောက်ထားကြရန်နှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၅၄၁၉၀၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏**
**ရုံးသုံးပရိဘောဂပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ဖော်ပြပါ ရုံးသုံးပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| 1 | Meeting Chair(2'x2'x4') | Nos | 50 |
| 2 | Side Table(2'x2'x2') | Nos | 20 |
| 3 | လက်တင်ပါကြိမ်ထိုင်ခုံ(1.8'x2'3"x1'6") | Nos | 25 |
| 4 | Office Table(5'x3'x2'6") | Nos | 30 |
| 5 | Office Chair(1'6"x2'x1'6") | Nos | 30 |
| 6 | ရုံးဗီရို(3'x6') | Nos | 17 |
| 7 | Sofa Chair | Nos | 4 |
| 8 | Sofa Settee | Set | 1 |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၂-၆-၂၀၁၇ရက်မှ ၁၈-၇-၂၀၁၇ရက်အထိ နံနက် ၉း၃၀နာရီမှ ညနေ၄း၃၀နာရီရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏မှတ်ပုံတင်ကတ်ပြား(သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရမည်။
၃။ ဈေးနှုန်းမပါသော Specification & Catalogue များကို ၂၀-၇-၂၀၁၇ ရက်မှ ၂၁-၇-၂၀၁၇ရက်အထိ နံနက်၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ် (၇)တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၉၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး**
**ရုံးအမှတ်(၇)၊ နေပြည်တော်**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများ**
**ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေး**
**ကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၉၀**

**ဖခင်အမည်မှန်**
သထုံမြို့ အထက ညောင်ချောင်း နဝမတန်းမှ နော်တင့်တင့်စိုး၏ ဖခင်အမည်မှန်မှာ မောင်ချောတင် ၁၀/သထန(နိုင်) ၁၄၃၅၅၁ ဖြစ်ပါကြောင်း။
**မောင်ချောတင်**

**ဖခင်အမည်မှန်**
သထုံမြို့ အထက ညောင်ချောင်း နဝမတန်းမှ နော်အေးဆန်းမြင့်၏ ဖခင်အမည်မှန်မှာ ဦးစိန်ထွေး ၁၀/သထန(နိုင်)၁၄၃၅၈၇ ဖြစ်ပါကြောင်း။
**ဦးစိန်ထွေး**

**ဖခင်အမည်မှန်**
သထုံမြို့ အထက နောင်ကုလားရှမ်းရွာ၊ နဝမတန်းမှ နန်းကြည်ကြည်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းညွှန့် ၃/ဘအန(နိုင်)၁၃၄၀၅၁ ဖြစ်ပါကြောင်း။
**ဦးကျော်ဝင်းညွှန့်**



**လူပျောက်ကြော်ငြာ**
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ ၁၄ လမ်း၊အမှတ် ၈၆၊ ခင်ထွေးရီမုန့်ဟင်းခါးဆိုင်နေ ဦးသိန်းအေး-ဒေါ်စိုးစိုးသန်းတို့၏သား အောင်အောင်ထက်ပိုင် ၁၂/မရက(နိုင်)၁၄၃၁၁၇ သည် ၁၈-၆-၂၀၁၇ ရက် နံနက် ၂နာရီတွင် နေအိမ်မှ အပြင်သို့ထွက်ခွာသွားရာ ပြန်ရောက်လာခြင်းမရှိသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ လက်ခံထားသူကို တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း။
**ဆက်သွယ်ရန်ဖုန်း-၀၉-၇၇၂၁၂၃၈၂၄၊၀၉-၇၉၅၅၀၈၉၁၄၊ ၀၉-၄၂၁၀၉၅၇၉၈**

**အမည်မှန်**
ထီးချိုင့်မြို့၊ (၂)ရပ်ကွက်နေ ဦးဘသစ်-ဒေါ်နွဲ့နွဲ့ဝင်းတို့၏သမီး မခိုင်ဝင်းသစ်၏ အမည်မှန်မှာ မငွေကြယ်စင် ဖြစ်ပါကြောင်း။
**မငွေကြယ်စင်**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 5C/9569၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

(၁၀) တန်းရာနှုန်းပြည့်အောင်မြင်လိုသူများအတွက်
PNY EC
ပညာရှာ အဆင့်မြင့်ဘော်ဒါ
Repeater တန်းခွဲ ဖွင့်ပြီ။
အမှတ်(၇၇)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
: 09-505 5412,09-965055412, 01-510367

**ကယားပြည်နယ်အစိုးရအဖွဲ့**
**စိုက်ပျိုး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်အတွင်း၌ တွင်းတိမ်(၁)ခု၊ မြေသားကန်အဆင့်မြင့်(၁)ကန်၊ အခြား(ရေပေးရေး)(၆)ခု၊ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် ဦးစီးဌာနကသတ်မှတ်ထားသော လုပ်ငန်းစံနှုန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန် အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၇-၆-၂၀၁၇ရက်မှ ၁၇-၇-၂၀၁၇ ရက်အထိ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၈-၇-၂၀၁၇ရက် ညနေ ၄း၃၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။
၃။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဤဦးစီးဌာနရုံး ဖုန်း-၀၈၃-၂၃၁၂၄၊ ၂၃၁၂၅၊ ၂၄၀၁၈၁၊ ၂၄၀၁၁၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်တင်ဒါစိစစ်ရေးကော်မတီ**
**ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

# သစ်တောဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

***ယမန်နေ့မှ အဆက်***

## အခန်း (၁၁)
## အယူခံခြင်း

၃၇။ (က) ဤဥပဒေအရ မြို့နယ်သစ်တောအရာရှိက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ ခရိုင် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သစ်တောအရာရှိထံ သတ်မှတ်သည့် အတိုင်း အယူခံဝင်နိုင်သည်၊

(ခ) ခရိုင် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သစ်တောအရာရှိသည် မြို့နယ်သစ်တောအရာရှိက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၈။ (က) ဤဥပဒေအရ ခရိုင် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သစ်တော အရာရှိက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်၊

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ခရိုင် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သစ်တောအရာရှိက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြု ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၉။ (က) ဤဥပဒေအရ သစ်တောကြေးတိုင်အရာရှိ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်ရက်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်၊

(ခ) ဝန်ကြီးသည် သစ်တောကြေးတိုင်အရာရှိ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်ကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်၊

(ဂ) ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်ရမည်။

## အခန်း(၁၂)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၄၀။ (က) မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၅၀၀၀၀ မှအများဆုံး ကျပ် ၁၅၀၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ကျခံစေရမည်-

(၁) သစ်တောနယ်မြေအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(၂) မွေးမြူထားသောတိရစ္ဆာန်များကို သစ်တောနယ်မြေအတွင်းခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(၃) သစ်တောနယ်မြေအတွင်း ခွင့်ပြုမိန့်မရရှိဘဲ မြေကိုခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(၄) သစ်တောနယ်မြေအတွင်း ရေစီးရေလာပျက်စီးစေခြင်း၊ ရေတွင်အဆိပ်ခတ်ခြင်း၊ ရေတွင်လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာများ အသုံးပြုခြင်း၊

(၅) သစ်တောနယ်မြေအတွင်း ခွင့်ပြုမိန့်မရဘဲ တိရစ္ဆာန်များဖမ်းဆီးခြင်း၊အမဲလိုက်ပစ်ခတ်ခြင်း သို့မဟုတ် ငါးဖမ်းခြင်း၊

(၆) သစ်တောနယ်မြေအတွင်း သစ်တောများ မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်များ ထားရှိခြင်း၊

(၇) သစ်တောကင်းရုံး၏ စစ်ဆေးခြင်းကို မခံယူဘဲ သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းခြင်း၊

(၈) ဝန်ကြီးဌာနက စိုက်ပျိုးတည်ထောင်ထားသောသစ်တောစိုက်ခင်းကိုဖြစ်စေ၊ ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က စိုက်ပျိုးတည်ထောင်ထားသော သစ်တောစိုက်ခင်းကိုဖြစ်စေ ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း၊

(၉) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် အမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း။

(ခ) ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၁)(၂)(၃) ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ယင်းပြစ်မှုနှင့်စပ်လျဉ်းသည့် လူ၊ စိုက်ပျိုးပင်၊ သီးနှံပင်၊ တိရစ္ဆာန်၊ အဆောက်အအုံအပါအဝင် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို စီရင်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သစ်တောနယ်မြေအတွင်းမှ အပြီးအပိုင် ဖယ်ရှားရန် အမိန့်ချမှတ်ရမည်။

၄၁။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ၂နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၃၀၀၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်-

(က) ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းနှင့်တားမြစ်သစ်ပင်မှ ထွက်ရှိသောသစ်မှအပ သစ်တောထွက်ပစ္စည်း တစ်စုံတစ်ရာကို ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင် လက်ဝယ်ထားရှိခြင်း၊

(ခ) သစ်တောနယ်မြေအတွင်း ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းနှင့် တားမြစ်သစ်ပင်မှအပ မည်သည့်သစ်ပင်ကိုမဆို တစ်နည်းနည်းဖြင့် ပျက်စီးစေခြင်း သို့မဟုတ် ခွင့်ပြုမိန့်မရရှိဘဲ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဂ) ပုဒ်မ ၁၈ ပုဒ်မခွဲ(စ)အရ ထုတ်ယူသော သစ်တောထွက်ပစ္စည်းကို ထုတ်ယူခွင့်ပေးသူ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း သို့မဟုတ် အခြားလုပ်ငန်း၌ လွှဲပြောင်းသုံးစွဲခြင်း၊

(ဃ) ခွင့်ပြုမိန့်မရရှိဘဲ မီးသွေးဖိုတည်ထောင်ခြင်း သို့မဟုတ် မီးသွေးဖုတ်ခြင်း။

၄၂။ မည်သူမဆိုအောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအားအနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၅၀၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်-

(က) ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းမဟုတ်သည့် တားမြစ်သစ်ပင်ကို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင် လက်ဝယ်ထားရှိခြင်း၊

(ခ) သစ်အခြေခံအသုံးပြုသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် ပရိဘောဂလုပ်ငန်းများမှအပ ခွင့်ပြုမိန့်မရရှိဘဲ လွှစင်၊ လွှစက်၊ လျှာထိုးစက်၊ အထပ်သားစက်၊ သစ်ပါးလွှာစက် သို့မဟုတ် သစ်အခြေခံအသုံးပြုသည့် စက်တည်ထောင်လုပ်ကိုင်ခြင်း၊လက်ကိုင်စက်လွှလက်ဝယ်ထားရှိခြင်း။

၄၃။ (က) မည်သူမဆို ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းသစ်ကို ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင်လက်ဝယ်ထားရှိခြင်းပြုလျှင် ထိုသူအားအနည်းဆုံး ငါးနှစ်မှ အများဆုံး ၁၅ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ် အနည်းဆုံး ကျပ် ၁၅ သိန်းမှ ကျပ်သိန်း ၃၀ ထိ ချမှတ်နိုင်သည်၊

(ခ) မည်သူမဆို သစ်တောနယ်မြေတွင်ဖြစ်စေ၊ အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေတွင်ဖြစ်စေ ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းပင်ကို သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်းပြုလျှင် ထိုသူအားအနည်းဆုံး ငါးနှစ်မှအများဆုံး ၁၅ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ် ၁၅ သိန်းမှ ကျပ်သိန်း ၃၀ ထိ ချမှတ်နိုင်သည်၊

(ဂ) မည်သူမဆို သစ်တောနယ်မြေနှင့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေမှအပ ကျန်မြေပေါ်တွင် ပေါက်ရောက်တည်ရှိနေသော ကျွန်းပင်ကို ခွင့်ပြုမိန့်မရရှိဘဲ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်းပြုလျှင် ထိုသူအား ငါးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၂၀၀၀၀၀မှ အများဆုံး ကျပ် ၆၀၀၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ဃ) ပုဒ်မ(၈) ပုဒ်မခွဲ(ခ)အရပိုင်ဆိုင်ခွင့်ရှိသော ကျွန်းပင်များမှအပ ကျွန်းပင်ကို တစ်နည်းနည်းဖြင့် ပျက်စီးစေခြင်း သို့မဟုတ် ခွင့်ပြုမိန့်မရရှိဘဲ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်းဖြစ်လျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၂၀၀၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(င) ပုဒ်မ(၈) ပုဒ်မခွဲ(ခ)အရပိုင်ဆိုင်ခွင့်ရှိသော ကျွန်းပင်ကို ခွင့်ပြုမိန့်မရရှိဘဲ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်းပြုလျှင် ထိုသူအား ခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၅၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ငါးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၃၀၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်-

(က) သစ်တောဝန်ထမ်းများအသုံးပြုသည့် တံဆိပ်တုံးတစ်ခုခုကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် တံဆိပ်တုံးအတုပြုလုပ်ခြင်း၊ တံဆိပ်တုံးအတုကို လက်ဝယ်ထားခြင်း သို့မဟုတ် တံဆိပ်တုံးအတုဖြင့် သစ်တောထွက်ပစ္စည်းတွင် ရိုက်မှတ်ခြင်း၊

(ခ) သစ်တောဝန်ထမ်းများ အသုံးပြုသည့်တံဆိပ်တုံး သို့မဟုတ် ကိုယ်ပိုင်တံဆိပ်တုံးကို သစ်တောထွက်ပစ္စည်းတွင် တရားမဝင်ရိုက်မှတ်ခြင်း၊

(ဂ) သစ်တောထွက်ပစ္စည်းတွင် သစ်တောဝန်ထမ်း သို့မဟုတ် ယင်းက တာဝန်ယူကြီးကြပ်၍ လွှဲအပ်ထားသူက ရိုက်မှတ်ထားသည့် တံဆိပ်အမှတ်အသားကို ပုံသဏ္ဌာန်ပျက်အောင် ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် မထင်ရှားစေရန်ဖျက်ပစ်ခြင်း၊

(ဃ) သစ်တောနယ်မြေ နယ်နိမိတ်အမှတ်အသား တစ်ခုခုကို ခွင့်ပြုချက် မရရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဌာန်ပျက်အောင် ပြုလုပ်ခြင်း၊

၄၅။ မည်သည့်သစ်တောဝန်ထမ်းမဆို ဤဥပဒေအရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ တစ်ဦးတစ်ယောက်သောသူအား ထိခိုက်နစ်နာစေရန် သစ်တောထွက်ပစ္စည်းတစ်စုံတစ်ရာကို ခိုင်လုံသောအကြောင်းမရှိဘဲ သိမ်းယူလျှင် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၃၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၆။ မည်သည့်သစ်တောဝန်ထမ်းမဆို မိမိ၏လုပ်ပိုင်ခွင့်ကို အကြောင်းပြု၍ တစ်ဦးတစ်ယောက်ထံမှ ပစ္စည်း သို့မဟုတ် ငွေကြေးကို အဂတိလိုက်စားသောနည်းဖြင့်ဖြစ်စေ၊ ဥပဒေနှင့် ဆန့်ကျင်သောနည်းဖြင့်ဖြစ်စေ ရယူ၍ မသမာသောနည်းဖြင့် သစ်တောထွက်ပစ္စည်းတစ်စုံတစ်ရာကို ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင်လက်ဝယ်ထားရှိခြင်းကိစ္စတွင် ပါဝင်ပူးပေါင်းကြံစည်လျှင် အနည်းဆုံးထောင်ဒဏ် တစ်နှစ်မှ အများဆုံး ထောင်ဒဏ် ခုနစ်နှစ်အထိ ကျခံစေရမည်။

၄၇။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင်-

(က) ပြစ်မှုနှင့်သက်ဆိုင်သော သစ်တောထွက်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်၊

(ခ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့်အခြား စက်ပစ္စည်း ကိရိယာတန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်၊

(ဂ) ပြစ်မှုကျူးလွန်ခြင်းကြောင့် သစ်တောဦးစီးဌာန၏ ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို သစ်တောဦးစီးဌာနသို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်ရမည်။

၄၈။ တရားရုံးသည်-

(က) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် သစ်တောထွက်ပစ္စည်းများကို သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်၊

(ခ) ပုဒ်မ ၄၅ အရ တပ်ရိုက်သည့် ငွေဒဏ်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ မတရားသဖြင့်ပစ္စည်းသိမ်းခြင်းခံရသူအား နစ်နာကြေးအဖြစ် ထုတ်ပေးနိုင်သည်။

## အခန်း(၁၃)
## အထွေထွေ

၄၉။ အခန်း(၁၂) ပုဒ်မ ၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆ ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ်သတ်မှတ်သည်။

၅၀။ (က) ဝန်ကြီးသည် ဤဥပဒေအရ ထုတ်ယူခွင့်ပြုသည့် သစ်တောထွက်ပစ္စည်းများ အတွက် ရရန်ရှိသည့်အခွန်အခကို လျှော့ပေါ့ပေးခြင်း၊ လျှော်ပစ်ခြင်း သို့မဟုတ် ကင်းလွတ်ခွင့်ပေးခြင်း ပြုနိုင်သည်၊

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၈ ပုဒ်မခွဲ(စ) အရ ထုတ်ယူခွင့်ပြုသည့် သစ်တောထွက်ပစ္စည်းများအတွက် ရရန်ရှိသည့် အခွန်အခကို လျှော့ပေါ့ပေးခြင်း၊ လျှော်ပစ်ခြင်း၊ သို့မဟုတ် ကင်းလွတ်ခွင့်ပေးခြင်း ပြုနိုင်သည်။

၅၁။ (က) ဝန်ကြီးသည် ဤဥပဒေအရ ဝန်ကြီးဌာနအား အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ညွှန်ကြားရေးမှူးချုပ်အား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်၊

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို သစ်တောအရာရှိများအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

၅၂။ ဝန်ကြီးသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သစ်တောဝန်ထမ်းများ ဝတ်ဆင်မည့် တူညီဝတ်စုံသတ်မှတ်ခြင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းထားသည့် ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် တောတွင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့တွင် ကာကွယ်ရန်နှင့် လုပ်ငန်း အထောက်အကူပြုစေရန်အတွက် ကိုင်ဆောင်ခွင့်ရှိသော လက်နက်၊ ကိရိယာ၊ လုပ်ငန်းသုံး ပစ္စည်းများကို အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာခွင့်ရှိသည်။

၅၃။ ဤဥပဒေအရ သစ်တောဦးစီးဌာနက ရရန်ရှိသောငွေများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။ ဤကိစ္စအလို့ငှာ ဝန်ကြီးဌာနက တာဝန်ပေးအပ်သော သစ်တောအရာရှိသည် တည်ဆဲဥပဒေများအရ ကောလိပ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိစေရမည်။

၅၄။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် သစ်တောဝန်ထမ်းများက ယင်းတို့၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီတောင်းခံလာလျှင် လိုအပ်သော အကူအညီများကို ပေးရမည်။

၅၅။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၅၆။ ဤဥပဒေအရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူသည့် အမှုတွင်ဖြစ်စေ၊ တရားစွဲဆိုသည့်အမှုတွင်ဖြစ်စေ အရေးယူခြင်းခံရသူသည် သစ်တောထွက်ပစ္စည်းနှင့် စပ်လျဉ်း၍ တရားဝင်ပိုင်ဆိုင်ကြောင်း သို့မဟုတ် တရားဝင်လက်ဝယ်ထားခွင့်ရှိကြောင်း သက်သေထင်ရှားပြရန် တာဝန်ရှိသည်။

၅၇။ ၁၉၉၂ ခုနှစ် သစ်တောဥပဒေအရ တည်ရှိဆဲကြိုးဝိုင်းတောများနှင့် ကြိုးပြင်ကာကွယ်တောများကို ဤဥပဒေအရ ဖွဲ့စည်းထားသည့် ကြိုးဝိုင်းတောများနှင့် ကြိုးပြင်ကာကွယ်တောများ ဖြစ်သည်ဟု မှတ်ယူရမည်။

၅၈။ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်သူများအား ဤဥပဒေအရသာလျှင် အရေးယူရမည်။

၅၉။ ၁၉၉၂ ခုနှစ် သစ်တောအက်ဥပဒေအရ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ ဆာကျူလာများနှင့် ၁၉၉၂ ခုနှစ်သစ်တောဥပဒေအရ ပြဋ္ဌာန်းထားသည့် နည်းဥပဒေများ၊ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၆၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရန်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာနနှင့် သစ်တောဦးစီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၆၁။ ၁၉၉၂ ခုနှစ် သစ်တောဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

## ပညာရေးဆိုင်ရာ အဆောက်အအုံများ လွှဲပြောင်းပေးအပ်

**အမ်း ဇွန် ၂၂**- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းမှ ပညာရေးဆိုင်ရာ အဆောက်အအုံများ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန်လဒုတိယပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပထမနှစ်စီမံကိန်းထောက်ပံ့ရန်ပုံငွေ ၄၇၃ ဒသမ ၆၅၆၇၈၂ သန်းဖြင့် ဆောင်ရွက်ခဲ့သော ပညာရေးဆိုင်ရာ အဆောက်အအုံ ၈၉ ခု၊ ဒုတိယနှစ်စီမံကိန်းထောက်ပံ့ရန်ပုံငွေ ၁၆၁ ဒသမ ၅၆၃၃၅၅ သန်းဖြင့် ဆောင်ရွက်ခဲ့သော ပညာရေးဆိုင်ရာ အဆောက်အအုံ ၁၇ ခုတို့ကို သက်ဆိုင်ရာပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်လှဖြူ**

# အုပ်စုနောက်ဆုံးပွဲစဉ်တွေမှာ နိုင်ပွဲတွေရယူသွားမယ့် ပေါ်တူဂီနဲ့ဂျာမနီ

—— ဝေမိုးဆက် ——




၂၀၁၇ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲရဲ့အုပ်စုနောက်ဆုံးပွဲစဉ်တွေကိုလာမယ့် ဇွန်လ ၂၄ရက်၊ ၂၅ ရက်နေ့တွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ အဆိုပါပွဲတွေအနက် အုပ်စု (က)ရဲ့ အုပ်စုနောက်ဆုံးပွဲဖြစ်တဲ့ မက္ကဆီကိုနဲ့ ရုရှား၊ ပေါ်တူဂီနဲ့ နယူးဇီလန်တို့ရဲ့ပွဲတွေကိုတော့ ဇွန်လ ၂၄ ရက်နေ့မှာကျင်းပသွားမှာဖြစ်ပြီး မြန်မာစံတော်ချိန် ၉နာရီခွဲမှာယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အုပ်စု (ခ) ရဲ့အုပ်စုနောက်ဆုံးပွဲတွေကိုတော့ ဇွန်လ ၂၅ ရက်နေ့မှာကျင်းပမှာဖြစ်ပြီး အဆိုပါပွဲတွေကိုလည်း မြန်မာစံတော်ချိန် ည ၉နာရီခွဲမှာပဲ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်တွေမှာ ဘယ်အသင်းတွေ အနိုင်ရယူသွားနိုင်မလဲဆိုတာဟာ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။



## အုပ်စု (က) အုပ်စုနောက်ဆုံးပွဲများ

### မက္ကဆီကို VS ရုရှား

| | | | | | |
|---|---|---|---|---|---|
| နောက်ဆုံးရလဒ် | မက္ကဆီကို | ၁ | ၄ | ရုရှား | ၂-၂-၁၉၉၄ |

အုပ်စုနောက်ဆုံးပွဲစဉ်ဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ရေးအားစိုက်ကစားလာကြဖို့ရှိနေပါတယ်။ လက်ရှိအချိန်မှာ ရုရှားခြေစွမ်းပိုင်းက မဆိုးဘူးလို့ဆိုနိုင်ပါတယ်။ အဖွင့်ပွဲစဉ်မှာ နယူးဇီလန်ကို ခြေစွမ်းပိုင်းအသာစီးရယူနိုင်ခဲ့သလိုနိုင်ပွဲလည်းရရှိခဲ့ပါတယ်။ အဆိုပါပွဲမှာရုရှားအနေနဲ့ သွင်းဂိုးနှစ်ဂိုးသာရရှိခဲ့ကာ အဆိုပါသွင်းဂိုးနှစ်ဂိုးအနက် တစ်ဂိုးကလည်း နယူးဇီလန်ကစားသမားဘိုဇဲလ်ရဲ့ ကိုယ့်ဂိုးကိုယ်သွင်းယူမိမှုကြောင့်ရရှိခဲ့တာဖြစ်ပြီး နောက်ထပ်သွင်းဂိုးတစ်ဂိုးကိုလည်း ပွဲချိန် ၆၉ မိနစ်မှသာ သွင်းယူနိုင်ခဲ့တာကြောင့် ဂိုးရရှိဖို့အတွက်တော့ အနည်းငယ်ရုန်းကန်ခဲ့ရတာထင်ရှားနေပေမယ့် အဆိုပါပွဲမှာ ရုရှားဟာထောင့်ကန်ဘော ၁၂ ကြိမ်ရရှိခဲ့ပြီးနယူးဇီလန်ခံစစ်ကိုလည်း ဂိုးပေါက်ကန်သွင်းမှု ၁၅ ကြိမ်လောက်ပြုလုပ်နိုင်ခဲ့တာကိုကြည့်ရင် ရုရှားဟာ နယူးဇီလန်ကိုခြေစွမ်းပိုင်းအသာစီးနဲ့ ကစားနိုင်ခဲ့တာ မြင်သာနေပါတယ်။ ဒ့ါအပြင် အိမ်ကွင်းအားလည်းရှိနေတယ်။ ဒါပေမယ့် မက္ကဆီကိုကလည်း အသင်းကောင်းတစ်သင်းဖြစ်ပြီး ကားလို့ဗီလာ၊ ဟာနန်ဒက်စ်၊ ဒေါ့ဆန်းတို့စ်တို့လို တိုက်စစ်မှူးကောင်းတွေရှိနေပါတယ်။ အပြန်အလှန်ရှိမယ့်ပွဲဖြစ်ပြီး သရေကျသွားနိုင်ပါတယ်။

### နယူးဇီလန် VS ပေါ်တူဂီ

| | | | | | |
|---|---|---|---|---|---|
| နောက်ဆုံးရလဒ် | - | - | - | - | - |

နယူးဇီလန်ဟာ အုပ်စုအဖွင့်ပွဲမှာအိမ်ရှင်ရုရှားကို အရေးနိမ့်ခဲ့ရတာကြောင့် ဒီနောက်ဆုံးပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်းနယူးဇီလန်ဟာ ဒီအုပ်စုအတွင်းမှာ ခြေစွမ်းပိုင်းအားနည်းမှုအရှိဆုံးအသင်းဖြစ်နေပြီး တစ်ဦးချင်းခြေစွမ်းပိုင်းအရ အားနည်းမှုတွေရှိနေပါတယ်။ အဖွင့်ပွဲစဉ်မှာ ရုရှားကို နှစ်ဂိုးတည်းနဲ့ ရှုံးနိမ့်ခဲ့ရတယ်ဆိုပေမယ့်လည်း ပွဲအတွင်းကစားသွားတဲ့ ခြေစွမ်းအရ နယူးဇီလန်အနေနဲ့ ရုရှားကိုယှဉ်နိုင်ခြင်းမရှိခဲ့တာ တွေ့ရပါတယ်။ ပေါ်တူဂီကတော့ အသင်းကောင်းတစ်သင်းဖြစ်သလို ဒီအုပ်စုနောက်ဆုံးပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ ဖြစ်ပါတယ်။ ပေါ်တူဂီအနေနဲ့ ကစားသမားအင်အားပိုင်းမှာလည်းတောင့်တင်းမှုတွေရှိနေကာ ရော်နယ်ဒို၊ ဘာနာဒိုဆေးလ်ဗား၊ အန်ဒရီဆေးလ်ဗား၊ မွန်တင်ဟို၊ ဖွန်တီတို့လိုကစားသမားကောင်းတွေရှိနေတာကြောင့် နယူးဇီလန်ထက်ကစားသမားအင်အားပိုင်းအရ သိသိသာသာအားကောင်းမှုရှိနေပါတယ်။ ဒ့ါအပြင် အသင်းလိုက်ခြေစွမ်းပိုင်းမှာလည်း နယူးဇီလန်အနေနဲ့ ပေါ်တူဂီကိုမမီတာကြောင့် ဒီပွဲမှာပေါ်တူဂီကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

## အုပ်စု (ခ) အုပ်စုနောက်ဆုံးပွဲများ

### ဂျာမနီ VS ကင်မရွန်း

| | | | | | |
|---|---|---|---|---|---|
| နောက်ဆုံးရလဒ် | ဂျာမနီ | ၂ | ၂ | ကင်မရွန်း | ၂-၆-၂၀၁၄ |

ဂျာမနီဟာ ဒီပြိုင်ပွဲအတွက် လူရွေးချယ်ရာမှာတော့ အံ့အားသင့်ဖွယ်ကောင်းလောက်အောင် အဓိကကစားသမားအများစုကိုချန်လှပ်ထားခဲ့ပါတယ်။ ဂျာမနီဟာတိုက်စစ်ပိုင်းမှာဆိုရင် နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံနုသေးတဲ့ ဝက်ဂ်နာ၊ စတင်ဒဲလ်၊ လူငယ်တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ တီမိဝါနာ တို့လိုကစားသမားတွေကိုသာရွေးချယ်ထားခဲ့ပြီးကွင်းလယ်ပိုင်းမှာလည်း ဒရက်ဇ်လာ၊ ဂျူလီယန်ဘားနက်၊ အမ်မရီချမ်တို့လို လူငယ်ကစားသမားတွေအများစုပါဝင်နေပါတယ်။ ဒါပေမယ့် ဂျာမနီဟာ အဆိုပါလူစားရင်းနဲ့ကစားခဲ့တဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ ဆန်မာရီနိုကို ခုနစ်ဂိုးပြတ်နဲ့တောင်အနိုင်ရခဲ့တဲ့အထိ ခြေစွမ်းပိုင်းကကောင်းမွန်ခဲ့တာကိုတွေ့ရပါတယ်။ ဒ့ါအပြင် ကင်မရွန်းဟာ ပြီးခဲ့တဲ့အာဖရိကနိုင်ငံများ ဖလားပွဲမှာချန်ပီယံ ဖြစ်ခဲ့သလို ဒီပြိုင်ပွဲမှာလည်း အဆိုပါချန်ပီယံဆုရ ကစားသမားတွေကိုသာ ပြန်လည်ရွေးချယ်ထားတာမှန်ပေမယ့် ခြေစွမ်းပိုင်းအရတော့ သာမန်သာရှိပါတယ်။ ကင်မရွန်းဟာ အာဖရိက အသင်းပီပီ အသင်းလိုက်ကစားပုံ မာကျောပေမယ့်လည်း နောက်ဆုံးကစားခဲ့တဲ့ခြေစမ်းပွဲမှာ ကိုလံဘီယာကိုတောင် လေးဂိုးပြတ်နဲ့ ရှုံးခဲ့ရပါတယ်။ ဂျာမနီပဲအနိုင်ရမယ်။

### ချီလီ VS သြစတြေးလျ

| | | | | | |
|---|---|---|---|---|---|
| နောက်ဆုံးရလဒ် | ချီလီ | ၃ | ၁ | သြစတြေးလျ | ၁၄-၆-၂၀၁၄ |

သြစတြေးလျဟာ ချီလီနဲ့သမိုင်းတစ်လျှောက်နှစ်ကြိမ်ဆုံခဲ့ဖူးရာမှာနှစ်ကြိမ်စလုံးအနိုင်မရခဲ့တဲ့ အစဉ်အလာဆိုးကတော့ရှိနေပါတယ်။ လက်ရှိအချိန်မှာလည်း ချီလီဟာဒီပြိုင်ပွဲမှာကစားသမားအင်အားအရ အတောင့်တင်းဆုံးအသင်းလို့တောင်ဆိုနိုင်တဲ့အသင်းဖြစ်သလို ချန်ပီယံဆုရယူနိုင်ဖို့အထိ ရည်မှန်းထားတဲ့အသင်းလည်း ဖြစ်နေပါတယ်။ ချီလီမှာ ထိပ်တန်းကစားသမားတွေဖြစ်တဲ့ဆန်းချက်ဇ်၊ မားကွက်ဇ်၊ ဗီဒဲလ်၊ မီဒဲလ်၊ ဂျာရာတို့လို ကစားသမားတွေလည်းပါဝင်နေပါတယ်။ ဒါကြောင့်လည်း သြစတြေးလျတို့ ချီလီကိုထိန်းချုပ်နိုင်ဖို့ခက်ခဲနိုင်ပါတယ်။အထူးသဖြင့် သြစတြေးလျဟာ ဒီအုပ်စုအတွင်းမှာ ကစားသမားအင်အားပိုင်းကအစအားအနည်းဆုံးအသင်း ဖြစ်နေပါတယ်။ သြစတြေးလျဟာ အာရှချန်ပီယံအဖြစ်အောင်ပွဲခံထားနိုင်ခဲ့ပေမယ့်အဆိုပါပွဲမှာတောင် တောင်ကိုရီးယားလိုအသင်းကောင်းတစ်သင်းနဲ့ ရင်ဆိုင်ခဲ့ရတဲ့ပွဲတွေမှာခက်ခဲမှုတွေရှိခဲ့သလိုနောက်ဆုံးကစားခဲ့တဲ့ကမ္ဘာ့ဖလားခြေစစ်ပွဲမှာလည်း ဆော်ဒီကိုတောင် ခက်ခက်ခဲခဲအနိုင်ယူခဲ့ရတာ တွေ့ရပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ချီလီပဲ အနိုင်ရမယ်။



## ဒွန်နာရမ်မာအနေဖြင့် အေစီမီလန်တွင်သာ ဆက်ရှိနေသင့်သည်ဟု နည်းပြ မီဟိုင်းလိုဗစ် ပြောဆို

အေစီမီလန်အသင်း လူငယ်ဂိုးသမား ဒွန်နာရမ်မာအနေဖြင့် အေစီမီလန်အသင်းတွင်သာ ဆက်လက်ကစားပြီး တိုးတက်မှုရှာဖွေသင့်ကြောင်း အေစီမီလန်အသင်းနည်းပြဟောင်း မီဟိုင်းလိုဗစ်က မှတ်ချက်ပြုပြောဆိုလိုက်သည်။ နည်းပြ မီဟိုင်းလိုဗစ်သည် ၂၀၁၅-၁၆ ခုနှစ် ဘောလုံးရာသီတွင် အေစီမီလန်အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့စဉ်အတွင်း အီတလီဂိုးသမား ဒွန်နာရမ်မာ (၁၈နှစ်) အား အေစီမီလန်လူငယ်အသင်းမှ ပထမအသင်းကြီးသို့ ခေါ်ယူခဲ့သူ ဖြစ်သည်။ ဂိုးသမား ဒွန်နာရမ်မာသည် ၂၀၁၅-၁၆ ခုနှစ်ဘောလုံးရာသီတွင် အေစီမီလန်အသင်းအတွက် စုစုပေါင်း ၃၁ ပွဲ ပါဝင်ကစားခွင့် ရရှိခဲ့သကဲ့သို့ ပြီးခဲ့သည့် ၂၀၁၆-၁၇ ခုနှစ် ဘောလုံးရာသီတွင်လည်း ၄၁ ပွဲအထိ ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။ ဂိုးသမား ဒွန်နာရမ်မာသည် လာမည့် ၂၀၁၈ ခုနှစ် နွေရာသီအတွင်းတွင် အေစီမီလန်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး အေစီမီလန်အသင်းက စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ခြင်းကြောင့် အေစီမီလန်အသင်း ပရိသတ်များ၏ အမျက်ဒေါသထွက်မှုကို ရင်ဆိုင်နေရသူဖြစ်သည်။ ဇွန်လ ၁၈ ရက်တွင် အီတလီ ယူ-၂၁ အသင်းက ဒိန်းမတ် ယူ-၂၁ အသင်းအား ၂-၀ ဖြင့် အနိုင်ရရှိခဲ့သော ပွဲအတွင်း ပရိသတ်များ၏ ငွေအတုများဖြင့် ပစ်ပေါက်မှုခံခဲ့ရသူဖြစ်သည်။

လက်ရှိ အချိန်တွင် တိုရီနိုအသင်း နည်းပြအဖြစ် တာဝန်ယူနေသူ နည်းပြ မီဟိုင်းလိုဗစ်က "ဒွန်နာရမ်မာဟာ တကယ့်ကို ကောင်းမွန်တဲ့ ဂိုးသမားပါ။ ဒါပေမယ့် သူက ကလေးတစ်ဦးသာ ဖြစ်ပါတယ်။ သူ့အနေနဲ့ အောင်မြင်မှုတွေ ရရှိလာဖို့အတွက် သူ့ကိုချစ်ခင်ပြီး ကူညီမှုလည်းပေးနိုင်တဲ့အသိုင်းအဝိုင်းကြားမှာပဲ ဆက်ရှိနေသင့်တယ်။ ဒွန်နာရမ်မာရဲ့ အေးဂျင့်ရိုင်အိုလာက ဒွန်နာရမ်မာအတွက် လုပ်ဆောင်ပေးနေမှုတွေကို ကျွန်တော် နားလည်ပေမယ့် ဒွန်နာရမ်မာအနေနဲ့ အနာဂတ်အတွက် အဆောတလျင်မလုပ်သင့်ပါဘူး။ လက်ရှိအချိန်မှာဆိုရင် ဒွန်နာရမ်မာကို အီတလီပရိသတ်တစ်ဝက်လောက်က ဆန့်ကျင်နေကြပြီ။ ဒါက ဒွန်နာရမ်မာအတွက် ခက်ခဲစေနိုင်ပြီး ဒီအခြေအနေကို ဒွန်နာရမ်မာနဲ့ အေစီမီလန်အသင်းတို့ အကောင်းဆုံး ကိုင်တွယ်နိုင်ဖို့ လိုအပ်ပါတယ်"ဟု မှတ်ချက်ပြုပြောဆိုခဲ့သည်။ **ထက်အောင်**




# သင့်တော်မှုအမှန်တရားနဲ့ အဖြေရှာမိတဲ့ ဘာနေဗျူးလက်အိတ်ရှင်

**အောင်က**

ဒီနှစ်နွေရာသီ အပြောင်းအရွှေ့မှာ ရီးရဲမက်ဒရစ်အသင်းရဲ့ အခေါ်ယူချင်ဆုံး ကစားသမားက ဂိုးသမားလို့ ပြောရမယ်။ ဒါကြောင့်လည်း ရီးရဲမက်ဒရစ်အသင်းဟာ ဒီနှစ်နွေရာသီ ဈေးကွက်အတွင်း မန်ယူအသင်းဂိုးသမားဒီဂီယာ၊ ချယ်လ်ဆီးအသင်းဂိုးသမားကော့တွိုက်စ်နဲ့ အေစီမီလန်အသင်းဂိုးသမား ဒိုနာရမ်မာတို့ကို အဓိကပစ်မှတ်ထားနေပါတယ်။ ရီးရဲမက်ဒရစ်ဟာ ပြီးခဲ့တဲ့နှစ်တွေကလည်းက မန်ယူအသင်းဂိုးသမားဒီဂီယာကိုခေါ်ယူဖို့ စိတ်ဝင်စားနေခဲ့တာဖြစ်ပြီး အရခေါ်ယူဖို့လည်း ကြိုးစားနေခဲ့ပါတယ်။ မကြာသေးခင်ကတော့ မန်ယူမန်နေဂျာမော်ရင်ညိုက ဒီဂီယာရဲ့ပြောင်းရွှေ့ကြေးဟာ ပေါင်သန်း ၁၀၀ အထိရှိမယ်လို့ဆိုခဲ့ပါတယ်။ ဒါကြောင့်လည်း ရီးရဲအသင်းဟာ ချယ်လ်ဆီးအသင်းဂိုးသမား ကော့တွိုက်စ်ရဲ့ အခြေအနေကိုလည်း စောင့်ကြည့်နေခဲ့ပါတယ်။

လက်ရှိဘောလုံးလောကမှာတော့ အသက်ငယ်ဂိုးသမားတွေထဲမှာဆိုရင် အေစီမီလန်ဂိုးသမားဒွန်နာရမ်မာရဲ့ လက်စွမ်းဟာထိပ်ဆုံးဖြစ်နေတယ်လို့ ပြောရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဒွန်နာရမ်မာကလည်းအသင်းနဲ့ စာချုပ်သစ် ထပ်မံချုပ်ဆိုဖို့ကိုလည်း ငြင်းဆိုထားခဲ့တယ်။ ဒါကြောင့်လည်း ရီးရဲမက်ဒရစ်အသင်းရဲ့စိတ်ဝင်စားမှုဟာ ဒွန်နာရမ်မာအပေါ် ရှိနေခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိရီးရဲမက်ဒရစ်အသင်းရဲ့ဂိုးသမား ကီလာနာဗက်စ်ကလည်း ပြီးခဲ့တဲ့ရာသီကအသင်းကို စပိန်လီဂါမှာ လက်စွမ်းပြကစားပြီး ချန်ပီယံဆုဖလားကို ရယူပေးခဲ့သူဖြစ်ပါတယ်။ လာမယ့်ရာသီသစ်မှာတော့ ဇီဒန်းနဲ့အတူ ဘာနေဗျူးလက်အိတ်ရှင်ဟာ ဘယ်သူဖြစ်လာမလဲဆိုတာကလည်း စိတ်ဝင်စားစရာကောင်းပါတယ်။ ဒါကြောင့် ရာသီသစ်နဲ့အတူ ရီးရဲမက်ဒရစ်မှာတွေ့မြင်ရနိုင်တဲ့ ဂိုးသမားတွေကို လေ့လာတင်ပြလိုက်ပါတယ်။

### ဒီဂီယာ

ဒီဂီယာဟာ ပြီးခဲ့တဲ့ရာသီကဆိုရင်လည်း PFA ရဲ့ တစ်နှစ်တာအကောင်းဆုံးအသင်းမှာ ပါဝင်ခဲ့တာဟာ လေးနှစ်ဆက်တိုက်ရှိခဲ့ပြီဖြစ်ပါတယ်။ သူဟာ မန်ယူအသင်းနဲ့အတူ ပရီမီယာလိဂ်မှာလည်း ဂိုးမပေးရအောင်ကာကွယ်မှုပေါင်း ၁၄ ကြိမ်ပြုလုပ်ထားသူ ဖြစ်ပါတယ်။ ဒီဂီယာအနေနဲ့ မန်ယူအသင်းမှာကစားရတာဟာ ပျော်ရွှင်နေတယ်လို့ ပြောဆိုထားပေမယ့် မွေးရပ်မြေစပိန်ကိုတော့ပြန်ဖို့ ဆန္ဒရှိနေတဲ့သူဖြစ်ပါတယ်။ သူဟာ မန်ယူအသင်းမှာလည်း တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို သုံးကြိမ်တိုင်ရရှိထားခဲ့သူလည်းဖြစ်ပါတယ်။ ဒါ့အပြင်အသင်းကို ပြီးခဲ့တဲ့ရာသီမှာ လိဂ်ဖလားနဲ့ ယူရိုပါလိဂ်ဆုဖလားတွေကို ရယူပေးထားနိုင်တဲ့သူ ဖြစ်ပါတယ်။ ဒီဂီယာဟာ ပြီးခဲ့တဲ့ရာသီမှာ အသင်းနဲ့အတူ ပရီမီယာလိဂ်မှာ ကာကွယ်မှု ၇၄ ကြိမ်ရှိခဲ့ပြီး ကာကွယ်မှု ရာခိုင်နှုန်းကတော့ ၇၁ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ လက်ရှိထွက်ပေါ်နေတဲ့သတင်းတွေအရ ပြောရရင်တော့ ရီးရဲမက်ဒရစ်အသင်းကို ပြောင်းရွှေ့ဖို့အနီးစပ်ဆုံး ဂိုးသမားဆိုရင် ဒီဂီယာလို့ ပြောရမှာဖြစ်ပါတယ်။

### ကော့တွိုက်စ်

ချယ်လ်ဆီးအသင်းဂိုးသမား ကော့တွိုက်စ်ကတော့ လက်ရှိအချိန်မှာ အသက် ၂၅ နှစ်ရှိပြီဖြစ်ပြီး ချယ်လ်ဆီးအသင်းရဲ့အဓိကဂိုးသမားအဖြစ် ပါဝင်ကစားနေခဲ့သူဖြစ်ပါ တယ်။ ပြီးခဲ့တဲ့ရာသီကတော့ သူဟာ ပရီမီယာလိဂ် ၃၆ ပွဲမှာ ဂိုးမပေးရမှု ၁၆ ကြိမ်ရှိခဲ့ပြီး ပရီမီယာလိဂ်ရဲ့ ရွှေလက်အိတ်ဆုကို ရရှိခဲ့သူဖြစ်ပါတယ်။ သူဟာ မန်ယူအသင်းဂိုးသမား ဒီဂီယာထက် ဂိုးမပေးရမှု နှစ်ကြိမ်သာပြီး ဒီဆုကို ရရှိသွားခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ကော့တွိုက်စ်ရဲ့ဂိုးမပေးရမှုလည်း ၁၁၆ မိနစ်မှသာ တစ်ဂိုးပေးရတာ ဖြစ်ပါတယ်။ ဒါပေမယ့်သူ့ရဲ့ဂိုးပေါက်အတွက် ကာကွယ်ပေးနိုင်မှု ရာခိုင်နှုန်းကတော့ ဒီဂီယာထက် လျော့နည်းခဲ့ပြီး ၇၀ ဒသမ ၅ ရာခိုင်နှုန်းရှိပါတယ်။

### ဒွန်နာရမ်မာ

အေစီမီလန်အသင်းရဲ့ ဂိုးသမား ဒွန်နာရမ်မာကတော့ လက်ရှိထိပ်တန်းဂိုးသမားတွေထဲမှာတော့ အသက်ငယ်ဆုံးလို့ ပြောရမှာပါ။ လက်ရှိသူ့ရဲ့အသက်က ၁၈ နှစ်သာရှိနေသေးတာကြောင့် တိုးတက်မှုတွေနဲ့အတူ ကောင်းမွန်တဲ့အနာဂတ်တွေပိုင်ဆိုင်ထားတဲ့သူလည်း ဖြစ်ပါတယ်။ ဒွန်နာရမ်မာဟာ အသက် ၁၆ နှစ်အရွယ်ကတည်းက အေစီမီလန်အသင်းနဲ့အတူ ပွဲထွက်ကစားခွင့် ရရှိထားခဲ့တဲ့ ဂိုးသမားတစ်ဦးလည်းဖြစ်ပါတယ်။ ဒွန်နာရမ်မာရဲ့ဂိုးပေးရမှုပမာဏဟာ ဒီဂီယာ၊ကော့တွိုက်စ်တို့ထက် ပိုများပြီး ၄၅ ဂိုးအထိရှိခဲ့ပေမယ့် ကာကွယ်နိုင်မှု ရာခိုင်နှုန်းကတော့ သူတို့နှစ်ဦးထက် သာလွန်းလှပါတယ်။ ဒွန်နာရမ်မာရဲ့ ကာကွယ်နိုင်မှုအကြိမ်ပေါင်း ၁၄၆ ကြိမ်ရှိခဲ့ပြီး ကာကွယ်ပေးနိုင်မှု ရာခိုင်နှုန်းကတော့ ၇၆ ဒသမ ၄ ရာခိုင်နှုန်းရှိပါတယ်။ ဒါကြောင့်လည်း သူ့ကိုခေါ်ယူဖို့ ရီးရဲမက်ဒရစ်အသင်းက စိတ်ဝင်စားနေရခြင်းလည်းဖြစ်ပါတယ်။

### ကီလာနာဗက်စ်

ကီလာနာဗက်စ်ဟာ ဒီဂီယာ၊ ကော့တွိုက်စ်၊ ဒွန်နာရမ်မာတို့ထက်သမ္ဘာရင့်တဲ့ ဂိုးသမားတစ်ဦးဖြစ်ပါတယ်။ ကီလာနာဗက်စ်ရဲ့လက်ရှိအသက်ကလည်း ၃၀ရှိခဲ့ပြီ ဖြစ်ပါတယ်။ ကီလာနာဗက်စ်ဟာ ပြီးခဲ့တဲ့ရာသီက ရီးရဲမက်ဒရစ်အသင်းနဲ့အတူ စပိန်လီဂါ ၂၇ ပွဲသာပါဝင် ကစားခဲ့ရပြီး ဂိုးမပေးရအောင် ကာကွယ်နိုင်ခဲ့တဲ့ပွဲကလည်း ငါးပွဲပဲရှိခဲ့ပါတယ်။ ဒါပေမယ့် ကီလာနာဗက်စ်ရဲ့ဂိုးပေါက်အတွက် ကာကွယ်မှုမှာတော့ကော့တွိုက်စ်၊ ဒီဂီယာတို့ထက်တောင်သာလွန်းပြီး ၇၂ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ ဒါကြောင့် လာမယ့်ရာသီသစ်မှာတော့ ရီးရဲမက်ဒရစ်အသင်းဟာ ကီလာနာဗက်စ်နဲ့ပဲ ပွဲထွက်လာခဲ့မလားဆိုတာကလည်း စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။ ။

**လက်ရှိဘောလုံးလောကမှာတော့ အသက်ငယ်ဂိုးသမားတွေထဲမှာဆိုရင် အေစီမီလန်ဂိုးသမား ဒွန်နာရမ်မာရဲ့ လက်စွမ်းဟာ ထိပ်ဆုံးဖြစ်နေတယ်လို့ ပြောရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဒွန်နာရမ်မာကလည်းအသင်းနဲ့ စာချုပ်သစ် ထပ်မံချုပ်ဆိုဖို့ကိုလည်း ငြင်းဆိုထားခဲ့တယ်။ ဒါကြောင့်လည်း ရီးရဲမက်ဒရစ်အသင်းရဲ့ စိတ်ဝင်စားမှုဟာ ဒွန်နာရမ်မာအပေါ် ရှိနေခဲ့တာ ဖြစ်**

# မန်ယူခံစစ်မှူး ဒါမီယန်အား ဂျူဗင်တပ်အသင်း ပစ်မှတ်ထားနေ



ဂျူဗင်တပ်စ်အသင်းသည် အသင်း၏ ညာတောင်ပံခံစစ်မှူး ဒန်နီအဲဗက်စ်၏ နေရာတွင် မန်ယူအသင်း ခံစစ်မှူး မတ်တီယို ဒါမီယန်နှင့် အစားထိုးရန် လိုလားနေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

၂၀၁၆ ခုနှစ် နွေရာသီဈေးကွက်ကာလအတွင်းတွင် ဘာစီလိုနာအသင်းမှ ထွက်ခွာခဲ့ပြီးနောက် ဂျူဗင်တပ်စ်အသင်းနှင့် နှစ်နှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့သူ ဘရာဇီးခံစစ်မှူး ဒန်နီအဲဗက်စ် (၃၄နှစ်)သည် ယခုနွေရာသီဈေးကွက်ကာလအတွင်းတွင် ဂျူဗင်တပ်စ်မှ ထွက်ခွာဖွယ်ရှိနေခြင်းကြောင့် အသင်းတာဝန်ရှိသူများက ဒါမီယန်အား အစားထိုးခေါ်ယူရန် ရည်ရွယ်နေခြင်းဖြစ်သည်။

တိုရီနိုနှင့် ပါလာမိုခံစစ်မှူးဟောင်း ဒါမီယန်(၂၇နှစ်)သည် မန်ယူအသင်းတွင် ပုံမှန်ကစားခွင့်ရရှိရန် ရုန်းကန်နေရသူဖြစ်ကာ ၂၀၁၆-၁၇ ခုနှစ် ဘောလုံးရာသီ၌ မန်ယူအသင်းအတွက် စုစုပေါင်း ၂၉ ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။ ခံစစ်မှူး ဒါမီယန်သည် ပြီးခဲ့သည့် သီတင်းပတ်အတွင်းတွင် ဇာတိမြို့ဖြစ်သည့် အီတလီနိုင်ငံ လက်နာနိုမြို့၌ သူ၏ချစ်သူနှင့် လက်ထပ်ခဲ့ပြီး ယခုအခါ ဂျူဗင်တပ်စ်အသင်း၏ စိတ်ဝင်စားနေမှုကြောင့် အီတလီနိုင်ငံသို့ ပြန်လည်ပြောင်းရွှေ့လာဖွယ်ရှိနေကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

လာမည့် ဘောလုံးရာသီတွင် ပရီမီယာလိဂ် ချန်ပီယံဆုဖလားရယူရန်အတွက် အသင်းကိုပြင်ဆင်မှုများ ပြုလုပ်နေသည့် မန်ယူအသင်း မန်နေဂျာ မော်ရင်ညိုအနေဖြင့်လည်း ခံစစ်မှူး ဒါမီယန်အား ယခုနွေရာသီအတွင်းတွင် အသင်းမှ ထွက်ခွာရန်အတွက် ခွင့်ပြုချက်ပေးဖွယ်ရှိနေသည်ဟု ထင်ကြေးပေးမှုများ ထွက်ပေါ်နေသည်။ **ထက်အောင်**

# ပေါလ်ပေါ့ဂ်ဘာ၏ အပြောင်းအရွှေ့နှင့် ပတ်သက်၍ဂျူဗင်တပ်စ်အသင်းကိုဖီဖာတရားစွဲဆို




ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) အနေဖြင့် ဂျူဗင်တပ်စ်အသင်းမှ မန်ယူအသင်းသို့ ပြင်သစ်ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဂ်ဘာ ပြောင်းရွှေ့ခဲ့ခြင်းနှင့်ပတ်သက်၍ ဂျူဗင်တပ်စ်အသင်းအား တရားစွဲဆိုထားသော်လည်း မန်ယူအသင်းအနေဖြင့်မူ အဆိုပါကိစ္စနှင့် ပတ်သက်ပြီး အရေးယူမှုခံရမည်မဟုတ်ကြောင်း ဂျူဗင်တပ်စ်အသင်းက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

မန်ယူအသင်းသည် အသင်း၏ လူငယ်ကစားသမားဟောင်းဖြစ်သူ ပေါလ် ပေါ့ဂ်ဘာ(၂၄နှစ်)အား ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းတွင် ဂျူဗင်တပ်စ်အသင်းထံမှ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၈၉ ဒသမ ၃ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ အဆိုပါအပြောင်းအရွှေ့နှင့်ပတ်သက်၍ ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဂ်ဘာ၏ အေးဂျင့်ဖြစ်သူ ရိုင်အိုလာသည် ပေါ့ဂ်ဘာ၏ ပြောင်းရွှေ့ကြေးအနက်မှ ပေါင် ၄၁ သန်းအထိ ရရှိခဲ့ကြောင်း သတင်းများ ထွက်ပေါ်လာခဲ့ပြီးနောက် ဖီဖာက စုံစမ်းမှုများ ပြုလုပ်နေခြင်းဖြစ်သည်။

မန်ယူအသင်းအနေဖြင့် ပေါ့ဂ်ဘာ၏ အပြောင်းအရွှေ့အတွက် ဖီဖာ၏ စုံစမ်းစစ်ဆေးခြင်းခံခဲ့ရသော်လည်း ဖီဖာအနေဖြင့် မန်ယူအသင်းကို ဆက်လက်စစ်ဆေးမှုများ ပြုလုပ်သွားတော့မည် မဟုတ်ကြောင်း သတင်းထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ ဖီဖာက ဂျူဗင်တပ်စ်အသင်းနှင့် အေးဂျင့်ရိုင်အိုလာတို့ အကြားတွင် ကစားသမားအပြောင်းအရွှေ့ကိစ္စများ၌ တတိယမြောက် အဖွဲ့အစည်း ပါဝင်ခြင်းမပြုရဆိုသည့် စည်းကမ်းကို ချိုးဖောက်ခြင်း ရှိမရှိ စစ်ဆေးနေခြင်း ဖြစ်သည်။

ဖီဖာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက "ကျွန်တော်တို့ အတည်ပြုပြောနိုင်တာကတော့ ပေါ့ဂ်ဘာရဲ့ အပြောင်းအရွှေ့နဲ့ပတ်သက်ပြီး ဂျူဗင်တပ်စ်အသင်းကို တရားစွဲဆို လုပ်ဆောင်နေတယ်ဆိုတာပါပဲ။ တရားစွဲဆိုတဲ့ ကိစ္စတွေကို လုပ်ဆောင်နေဆဲကာလမှာတော့ ကျွန်တော်တို့ဘာကိုမှ မှတ်ချက်မပေးနိုင်သေးပါဘူး။ နောက်ထပ်အတည်ပြုပေးနိုင်တဲ့အချက်က ဒီအပြောင်းအရွှေ့ကိစ္စအတွက် မန်ယူအသင်းကို တရားစွဲဆိုမှု ပြုလုပ်မှာ မဟုတ်ဘူးဆိုတဲ့အချက်ပါ"ဟု ပြောဆိုခဲ့သည်။ ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာသည် ၂၀၁၆-၁၇ ခုနှစ် ဘောလုံးရာသီတွင် မန်ယူအသင်းနှင့်အတူ စုစုပေါင်း ၅၁ ပွဲ ပါဝင်ကစားခဲ့ပြီး ကိုးဂိုး သွင်းယူနိုင်ခဲ့ကာ ယူရိုပါလိဂ်ဖလားနှင့် လိဂ်ဖလားတို့ကို ရယူနိုင်ခဲ့သူဖြစ်သည်။ **ထက်အောင်**

### ကွန်ဖက်ဒရေးရှင်းဖလား

| စနေနေ့ (၂၄-၆-၁၇) | | | | တနင်္ဂနွေနေ့ (၂၅-၆-၁၇) | | | |
|---|---|---|---|---|---|---|---|
| ည ၉း၃၀ | မက္ကဆီကို | - | ရုရှား | ည ၉း၃၀ | ဂျာမနီ | - | ကင်မရွန်း |
| ည ၉း၃၀ | နယူးဇီလန် | - | ပေါ်တူဂီ | ည ၉း၃၀ | ချီလီ | - | ဩစတြေးလျ |

ဥပဒေအတွေးရေးပါရစေ၊ အပိုင်း(၇၄)

# ဥပဒေကျောင်းသားတစ်ဦး၏ မှတ်စု



ဦးဟန်ညွန့် (ဥပဒေ)

**ကျောင်းသားအမေး**

ဥပဒေကျောင်းသားတစ်ဦးက ကျွန်တော့်အားမေးသည်။ မြန်မာ့အလင်းတွင်"ဥပဒေလိုက်နာရေးဒဿန" ခေါင်းစဉ်ဖြင့် ကျွန်တော်ဆောင်းပါးတစ်ပုဒ်ရေးခဲ့သည်ကို သူဖတ်ရသည်ဟု ပြောသည်။ အဆိုပါ ဆောင်းပါးထဲမှာ " မင်းတို့သာ ဂျူရီလူကြီးအဖွဲ့ဝင်ဖြစ်ခဲ့လျှင်" ဟူသော ခေါင်းစဉ်ပါသည်။ မြန်မာလူမျိုးဥပဒေ ပါမောက္ခဒေါက်တာ မြင့်ဇံက မလေးရှားတက္ကသိုလ်တွင် ကျောင်းသူကျောင်းသားများအား အမေး/အဖြေလုပ်ခဲ့သည့် အတွေ့အကြုံကို ကျွန်တော်ပြန်ရေးထားတာပါ။ တရားသူကြီးနေရာမှာ ကျောင်းသားတွေကို ခဏထိုင်ခိုင်းထားပြီး စဉ်းစားသုံးသပ်ခိုင်းတာပါ။ ကုလားထိုင်(နေရာ)ချင်းလဲပြီး ထိုင်ကြည့်စေတာပါ။ " မင်းတို့ တရားသူကြီးဖြစ်ရင် တရားခံအပြစ်ရှိ၊ မရှိ ဘယ်လိုဆုံးဖြတ်မလဲ" ဟု မေးချလိုက်တာပါ။ အတော်ထိရောက်သည့် ဥပဒေပညာလေ့လာနည်းတစ်ရပ်ဖြစ်ပါသည်။ သုံးသပ်ချက်၊ ဆုံးဖြတ်ချက်၊ တွေးခေါ်ချက်တွေ ဘယ်လိုတွေးသည်၊ ဘယ်လိုသုံးသပ်သည်၊ ဘယ်လိုဆုံးဖြတ်သည်ဆိုသည့် အတွေးအမြင် ထုတ်ဖော်နည်းတစ်ရပ်ဖြစ်ပေသည်။ [**ကျွန်တော်ဘာလုပ်သင့်ပါသလဲ။ ဥပဒေအတွေး တွေးချင်လိုက်တာ၊ ဥပဒေအရေး ရေးချင်လိုက်တာ။ ကျွန်တော်ဖြစ်ချင်တာပဲသိတယ်။ ဥပဒေသိအောင်၊ ဥပဒေတတ်အောင်၊ ဥပဒေအတွေး တွေးခေါ်ရအောင်၊ ဥပဒေပညာရှင်ဖြစ်အောင် ဘယ်လိုစတင်ရပါမလဲ**] **...**တဲ့။

အော်**...** သူ့အမေးက လေးပင်လှသည်။ လွယ်လွယ်ကလေးနှင့် အတော်အဖြေရခက်**...**။ ဆက်တွေးစရာ**...**။

**လက်ချည်းဗလာ**

ဥပဒေကျောင်းသားကလေး(ပထမနှစ်ဟုသိရ) လာမေးစဉ်၊ သူ့လက်ထဲမှာ ဘာမှပါမလာ။ တောက်တောက်ပြောင်ပြောင် (တန်ဖိုးကြီးမားသောအဆင့်မြင့် တယ်လီဖုန်းတစ်လုံး) တော့ ကိုင်ထားသည်။ **လက်ချည်းဗလာ** ဟု ကျွန်တော်ဆိုရခြင်းမှာ ဘာမှတ်စုစာအုပ်မှ ဆောင်မထား၊ ကိုင်မထားသည်ကို ပြောလိုရင်းဖြစ်သည်။ သူသိချင်တာ၊ တတ်ချင်တာပဲရှိသည်။ သိဖို့၊ တတ်ဖို့၊ မှတ်ဖို့ ဘာမှတ်စုစာအုပ်မှ ပါမလာပါ။ သူမေးတာ ဖြေမည့်သူကို အလေးအနက်ထားဟန်မတူပါ။ " Facebook **ထဲမှာရှာရင် အကုန်ရတာပဲ**" ဟု လွဲမှားစွာ တွေးဟန်တူသည်။ ပညာဟူသည် လွယ်လွယ်ရတာပါဟု ခံယူဟန်ရှိသည်။ မှတ်စု မလိုဟု ယုံကြည်ထားဟန်လည်းတူသည်။ ဘယ်လို ပြောရပ့်။

**ကျွန်တော်တို့ခေတ်**

" ခေတ်တွေပြောင်းသွားပြီကိုး" ဟု ကျွန်တော်တွေးသည်။ ကျွန်တော်တို့ ဥပဒေကျောင်းသားဘဝ (ပထမနှစ်)တုန်းက Facebook မှ မပေါ်သေးတာကိုး။ ဘယ်လိုမှတ်စုစာအုပ်အသုံးချရတယ်။ တွေ့သမျှ၊ ရှာဖွေရရှိသမျှ မှတ်စုထဲမှာ ချရေးရတယ်။ ဥပဒေ ပါမောက္ခဆရာကြီး ဦးလှအောင်နှင့်တွေ့လျှင်၊ ဆရာမကြီး ဒေါ်ခင်ခင်သီနှင့် တွေ့လျှင်မှတ်စုစာအုပ်အသင့်။ မှတ်စရာဘောလ်ပင်အသင့်ဖြစ်နေခဲ့သည်များ ပြန်လည်သတိရသည်။ မနေ့နှင့် ယနေ့မတူတော့ပြီ။ ယနေ့လူငယ်တွေကို အပြစ်တင်ဦးမည်လား။ စဉ်းစားစရာ။ ကိုယ်ကခေတ်မမီပြီလော။

**ဥပဒေပုစ္ဆာဖြေသောအခါ**

ဥပဒေပညာရပ်ဆိုင်ရာ စာမေးပွဲတွေ ဖြေခဲ့ကြရသည်။ ပုံစံ (၂)မျိုး မေးလေ့ရှိသည်။ ဥပဒေ ပါမောက္ခဒေါက်တာဒေါ်သန်းနွဲ့၏ အမှာစကား ယနေ့တိုင်မှတ်သားထားဆဲ။ ဤသို့ပါ။။

**ပုံစံ(၂)မျိုး**

ဥပဒေမေးခွန်းမေးရင် ပုံစံ(၂)မျိုးနဲ့ မေးလေ့ရှိတယ်။ တစ်ခုနဲ့တစ်ခု ဘာကွာ ခြားသလဲ။

(၁) ပထမအမျိုးက စာစီစာကုံးသဘော။

**"မင်းတို့ တရားသူကြီးဖြစ်ရင် တရားခံအပြစ်ရှိ၊ မရှိ ဘယ်လိုဆုံးဖြတ်မလဲ" ဟု မေးချလိုက်တာပါ။ အတော်ထိရောက်သည့် ဥပဒေပညာလေ့လာနည်း တစ်ရပ်ဖြစ်ပါသည်။ သုံးသပ်ချက်၊ ဆုံးဖြတ်ချက်၊ တွေးခေါ်ချက်တွေ ဘယ်လိုတွေးသည်၊ ဘယ်လိုသုံးသပ်သည်၊ ဘယ်လိုဆုံးဖြတ်သည်ဆိုသည့် အတွေးအမြင် ထုတ်ဖော်နည်း တစ်ရပ်ဖြစ်**

(၂) ဒုတိယအမျိုးက ဉာဏ်စမ်းသဘော။

ဥပဒေအတွေးအခေါ်ကို သိချင်လို့ ဒုတိယမျိုးမေးတာ။ ထိုးထွင်းဉာဏ်သိချင်လို့။ ဖြေဆိုသူ၏ ဥပဒေပညာအရည်အသွေး ဖော်ထုတ်ခိုင်းတာ။ တစ်ဦးနှင့်တစ်ဦးတွေးတာချင်း မတူဘူး။ နည်းစနစ်ကျဖို့၊ စံပြဖြစ်ဖို့ အရေးကြီးတယ်။ ဆုံးဖြတ်ချက်ဘယ်လိုချမလဲ။

**ဥပဒေသဘောတရား**

-ဥပဒေသဘောတရားကိုးကားရမည်။
-ပြည့်စုံရမည်။ ရှင်းလင်းရမည်။
-ဥပဒေအမည်မှန်ပါစေ။
-ပုဒ်မမှန်ပါစေ။
-ဥပဒေကို စာစီစာကုံးလိုမရေးရ။
-ဥပဒေသည် စာစီစာကုံးမဟုတ်။
-စာစီစာကုံးသည် စာစီစာကုံးသာဖြစ်သည်။
-အမှုတစ်မှုနှင့်တစ်မှု ထပ်တူမကျနိုင်။
-မိမိဆုံးဖြတ်ချက် (သဘောထား)ပြောကြားရမည်။
-သုံးသပ်ချက်ရှိပြီး အဖြေမရှိ၍မရ။
-ဤကား ဥပဒေသဘောတရားကို နားလည်ထားသော ဥပဒေကျောင်းသားတစ်ဦး၏ အမြင်ဖြစ်သည်။ (မှတ်စုထဲ ထည့်ရေး၊ ထည့်မှတ်ဖို့ မေ့သွားဦးမည်) မောင်ကျောင်းသား။

**လွယ်လွယ်ကလေး**

ဆရာကြီး(ပါမောက္ခ) ပြောသွားတာ လွယ်လွယ်ကလေးပါ။ ဆရာမကြီး ဒေါက်တာဒေါ်သန်းနွဲ့ ရှင်းပြသွားတာ ဘာခက်လို့လဲ။ လွယ်လွယ်ကလေးမို့ မှတ်စုစာအုပ်ထဲ ဘာကြောင့်မှတ်ရမည်လဲ။ (မှားပြီ။ သွားပြီ)။ ဤသို့ကျွန်တော်မှားခဲ့ဖူးပြီ။ အကြိမ်ကြိမ်အချိန်တွေကုန်ဆုံးခဲ့ပြီးပြီ။ တလွဲဆံပင်ကောင်းခဲ့ဖူးပြီ။ ကျွန်တော့်မှတ်စုထဲ ဘာမှမရှိ။ ဘာမှမမှတ်။ ကွက်လပ်။

**ဘဝကွက်လပ်**

ဥပဒေကျောင်းသားဘဝတုန်းက မှတ်စုစာအုပ်ထဲမှာ ကွက်လပ်ဖြစ်ခဲ့တာ ကိစ္စမရှိ။ ဥပဒေဝန်ထမ်းဘဝ (ဥပဒေအရာရှိဘဝ)မှာ (ဥပဒေမှတ်စုစာအုပ်မှာ) ကွက်လပ်ဖြစ်မိ၍ ဒုက္ခအဖုံဖုံကြုံခဲ့ဖူးပြီ။ တရားခွင်လျှောက်လဲချက်ပေးစဉ်မှာ တစ်ဖက်ရှေ့နေက ကြိုးစား၍ စီရင်ထုံးတွေကိုးကားတင်ပြသည်။ အစိုးရရှေ့နေ(မိမိ)က ပြန်လည်ချေပရမည့် စီရင်ထုံး။ စာမျက်နှာနံပါတ်။ အမှုအမည်။ မှတ်စုစာအုပ်ထဲမှာ ဘာမှမရှိ။ ဘာကိုကြည့်ရမလဲ။ ဘယ်သူ့ကိုအားကိုးရမည်လဲ။ တရားခွင်ထဲက တရားသူကြီးက ဥပဒေအရာရှိကြီး လျှောက်လဲချက်(ချေပချက်) ပေးနိုင်ပါပြီဟု အကြိမ်ကြိမ် သတိပေးမှ **"ချေပလျှောက်လဲချက်တင်ပြရန်မရှိပါ"** ဟုသာပြောနိုင်တော့သည်။ ကျမ်းမျိုးစုံမှ ဉာဏ်ဟုန်ပြင်း၊ နည်းမျိုးစုံမှ ရန်ပုံခွင်းဟူသော ဥပဒေရုံးဆောင်ပုဒ်မမေ့နှင့်လေ။ ဘဝကွက်လပ်မလပ်စေဖို့ ကျွန်တော်အသက် ၆၀ကျော် (အငြိမ်းစား) ဥပဒေအရာရှိတစ်ဦး၏ လက်ဆင့်ကမ်းဝေငှချက်ပါ။ ပထမနှစ် ဥပဒေကျောင်းသားကလေး လာမေးတာကိုပင် ကျေးဇူးတင်ရမည်သာ။ သို့သော် သူတို့တစ်တွေ တတ်ပြီး သား၊ သိပြီးသားတွေဟု (ကျွန်တော့်ကွယ်ရာမှာ) ပြောနေဦးမည်လား မသိ။ သတိ။

**အပြစ်ရှိသူ ၁၀ ဦးလွတ်ပါစေ**

-အပြစ်ရှိသူ ၁၀ ဦး လွတ်သွားပါစေ။
-အပြစ်မရှိသူတစ်ဦးအား အပြစ်မပေးမိပါစေနှင့်။

[It is better that ten guilty persons escape, than that one innocent suffer.]

ဤဆောင်ပုဒ်ကလေး မမေ့စေနှင့်။ သင်၏ ဥပဒေမှတ်စုစာအုပ်မှာ ထင်ရှားစွာရေးပါ။ မှတ်ပါ။ "ဘာအရေးကြီးလို့လဲဗျာ" ဟု မေးဦးမည်လား။ သင်ကိုယ်တိုင် ဥပဒေဘွဲ့ရ၊ ဥပဒေပညာရှင်၊ တရားသူကြီး၊ ဥပဒေအရာရှိ၊ ရှေ့နေ၊ အုပ်ချုပ်ရေးအာဏာပိုင် တစ်ခုခုတော့ ဖြစ်ဦးမည်။ ထိုအခါဤဆောင်ပုဒ်ကလေး ပြန်ဖတ်ကြည့်ပါ။ ပြန်လည်သုံးသပ်ပါ။ ပြန်လည်စဉ်းစားပါ။ မှတ်စုစာအုပ်ပျောက်ပြီဟုတော့ ဆင်ခြေမပေးနှင့်။

**မှတ်စုစာအုပ်** ပျောက်လျှင် **ဘဝ**ပျောက်ပြီဟု မပြောကောင်း၊ မဆိုကောင်း။ လူငယ်အပေါင်းတို့---။

**ဥပဒေနှင့်အညီ**

ထပ်မံရေးစရာ ကျန်သေးသည်။ မှတ်စုစာအုပ်သာဖွင့်၍ထား။ ကျွန်တော်လည်း မှတ်စုစာအုပ်ထဲက ပြန်ပြီးကောက်နုတ်ရေးပြနေရတာပါ။ ၁၉၆၇ ဥပဒေပထမနှစ်ကျောင်းသားဘဝကတည်းက မှတ်စုစာအုပ်ကလေး။ စာရွက်တွေပင် ဝါဝါကျင့်ကျင့် အရွယ်ရင့်ရှာပြီ။ ဘာတဲ့**...**။

**"ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် တရားရုံးများသည် တရားမျှတမှုကို ပေးစွမ်းသော တရားရုံးများ ဖြစ်ရမည်"**

[The courts of Law are courts of Justice]

**အဓိပ္ပာယ်ကျယ်**

အဓိပ္ပာယ်ကျယ်ပါသည်။ ဥပဒေနှင့်အညီဟု ပြောသည်။ အကောင်အထည်ဖော်သည်မှာ ဥပဒေနှင့်အညီ။ ထို့ကြောင့် တရားမျှတမှုကို မုချပေးသည်။ ဥပဒေနှင့်မညီလျှင် တရားမျှတမှုမရဟု တည့်တည့်မတ်မတ်ဆိုခြင်းပါ။ အလွန်မှတ်စရာ၊ လိုက်နာစရာ၊ ကျင့်သုံးစရာဖြစ်သည့် မှတ်တမ်းစာစုဖြစ်ပါသည်။ ဤမှတ်စုသည် ကျောင်းသားတစ်ဦးအတွက်သာမကပါ။ တရားမျှတမှုကို ချစ်မြတ်နိုးသူအပေါင်းပါ ထုံးဟောင်းသက်သေလိုက်နာပေလိမ့်မည်။

**မှတ်ရုံနှင့်မပြီး**

အမောင်ကျောင်းသားခင်ဗျား**...**။

ဤစာစုများ မှတ်သားရုံနှင့် ပြီးပြီလား။ အမောင် ကျောင်းသား၏ မှတ်စုထဲ ရေးသားပြီး၊ မှတ်သားပြီး ဘယ်အနားထားမိမှန်းမသိ။ ဘယ်နေရာပျောက်မှန်းမသိ။ ရှာမရ။ မှတ်စုပျောက်၊ ဘဝပျောက်မဖြစ်ဖို့ အထပ်ထပ်မှာပြီဗျို့**...**။ အမောင်ကျောင်းသားလိုပဲ ကျွန်တော်လည်း အထင်သေးခဲ့၊ နမော်မဲ့၊ နမာမဲ့ဖြစ်ခဲ့ပါသည်။ သတိသံဝေဂရဖူးပါပြီ။ မယုံမရှိ၊ ကိုယ်တွေ့ပါ။

**မှတ်စုတွေမကုန်နိုင်**

ကျွန်တော်အသက် ၆၀ ကျော်ပြီ။ သို့သော် မှတ်စုတွေမကုန်သေး။ ဘဝမှတ်စုတွေ မကုန်နိုင်။ စာအုပ်မှတ်စုတွေများလှပေပြီ။ ဆရာမိဘများ၏ ဩဝါဒကထာ၊ လိုက်နာစရာ အဖြာဖြာ**...**။

**စေတနာ**

(၁)မှတ်စု မှတ်သားခြင်း အလေ့အကျင့်ပြုစုပျိုးထောင်သင့်သည်ဟု ကျွန်တော်ယုံကြည်သည်။

(၂) လူသည် မေ့တတ်သည့်အကျင့်ရှိစမြဲ။

(၃) ဘဝအလုပ်များ၊ ဥပဒေအလုပ်များကို မမေ့မလျော့ မပေါ့မဆအောင် မှတ်စုဆောင်ရမည်ဟုတွေးမိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ**...**။ ။

# စပါးကြိတ်ခွဲသန့်စင်စက်၊ အခြောက်ခံစက်နှင့် သိုလှောင်ရုံတည်ထောင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဇွန် ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရေဆင်း)၌ မြန်မာ့ဆန်စပါးတန်ဖိုးကွင်းဆက်တစ်လျှောက် အရည် အသွေးကောင်းမွန်စေရေးအတွက် အခြောက်ခံ၊ သိုလှောင်ကြိတ်ခွဲခြင်းနှင့် ရိတ်သိမ်းချိန်လွန်ထိန်းသိမ်းမှုစနစ်များ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ MAFRA (စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ဒေသဆိုင်ရာ ဝန်ကြီးဌာန)၏ အထောက်အပံ့ဖြင့် KRC (ကိုရီးယားကျေးလက်ဒေသ ကော်ပိုရေးရှင်း)မှ ဦးဆောင်ကာ စပါးကြိတ်ခွဲသန့်စင်စက်၊ အခြောက်ခံစက်နှင့် သိုလှောင်ရုံတည်ထောင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၀ ရက်က ကျင်းပခဲ့သည်။



အခမ်းအနားတွင် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယခုစီမံကိန်းအနေဖြင့် စီမံကိန်းဧရိယာအတွင်းရှိ ဇေယျာသီရိမြို့နယ်စိမ်းစားပင်ကျေးရွာအနီးမှ စိုက်ပျိုးရေးသုတေသနဦးစီးဌာန မြေဧရိယာအပေါ်တွင် အခြောက်ခံစက်များ၊ သိုလှောင်ရုံနှင့် ဆန်စက်ကြီးများ တည်ဆောက်ကာ တောင်သူများ စိုက်ပျိုးထွက်ရှိလာသည့် စပါးနှင့်ဆန်၏ အရည်အသွေးများ ပိုမိုကောင်းမွန်လာစေရေး ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းဧရိယာအတွင်းရှိ တောင်သူများ အား စီမံကိန်းရည်ရွယ်ချက်များ ပီပြင်စွာဖော်ဆောင်နိုင်ရေးနှင့် စနစ်တကျ ဆောင်ရွက်နိုင်စေရေးတို့အတွက် အစုအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ သင်တန်း ပေးခြင်း၊ ဈေးကွက်ရရှိစေရန် ဆောင်ရွက်ပေးခြင်းတို့ကိုလည်း နေပြည်တော်နှင့် ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဝန်ထမ်းများအနေဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပြီး တောင်သူများအနေဖြင့်လည်း စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းနှင့်ပတ်သက်သည့် အသေးစိတ်အကြောင်းအရာများကို KRC မှ Dr. Park Sang Hyun က လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်တိုင်းဦးစီးမှူး ဦးတင်ဦးကြိုင်မှ လည်းကောင်း၊ စိုက်ပျိုးပညာရေးတိုးချဲ့ပညာပေးဌာနမှ ဒေါ်ခင်မာရီက လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ စပါးကြိတ်ခွဲသန့်စင်စက်၊ အခြောက်ခံစက်နှင့် သိုလှောင်ရုံတည်ထောင်ခြင်းပေါ် ခြုံငုံသုံးသပ်ချက်များ၊ စီမံကိန်းဧရိယာ အတွင်းစစ်တမ်းကောက်ယူခြင်းရလဒ်များ၊ စပါးသီးနှံ၏ ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ယခုလက်ရှိဆောင်ရွက်နေမှုများ၊ တောင်သူများလက်တွေ့လုပ်ကိုင် ဆောင်ရွက်နေသည့် ရိတ်သိမ်းချိန်လွန် နည်းပညာများနှင့် အတွေ့အကြုံများကို ဆွေးနွေးတင်ပြခဲ့ပြီး တောင်သူများနှင့် အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀)ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၆ခုနှစ်(သို့မဟုတ်)၂၀၁၇ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၇ခုနှစ်၊ ဇွန်လ (၂၁)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ (၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၇ခုနှစ်**တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၇ခုနှစ်၊ ဇွန်လ (၂၁)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၇ခုနှစ်၊ သြဂုတ်လ (၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ ခုနှစ်၊ သြဂုတ်လ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၇ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၇ခုနှစ်၊ ဇွန်လ (၂၁)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ (၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကရင်ပြည်နယ် ကုသရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကရင်ပြည်နယ် ကုသရေးဦးစီးဌာန လက်အောက်ရှိ ခရိုင်/မြို့နယ်/တိုက်နယ်ဆေးရုံများတွင် တက်ရောက်ကုသမှု ခံယူသည့် လူနာများ ဆေးကုသပေးရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပထမ ခြောက်လပတ်အတွက် အောက်ဖော်ပြပါ (FDA အသိအမှတ်ပြု) ဆေးနှင့် ဆေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရ အသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

(က) ဆေးဝါးများ
(ခ) ခွဲစိတ်ခွဲခန်းသုံးဆေးများ
(ဂ) ဓာတ်မှန်ဖလင်နှင့် ဆေးရည်များ
(ဃ) ဆေးရုံသုံးပစ္စည်းများ (Consumables)

၂။ **စျေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၀-၆-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၁-၇-၂၀၁၇ ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

**ကုသရေးဦးစီးဌာနမှူး**
**ကရင်ပြည်နယ်၊ ဘားအံမြို့၊ ဖုန်း-၀၅၈-၂၃၄၉၃၊ ၂၂၇၅၃**

---

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန ခုတင်(၂၀၀)ဆံ့၊ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဘားအံမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူသည့် လူနာများ ဆေးကုသပေးရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပထမ ခြောက်လပတ်အတွက် အောက်ဖော်ပြပါ(FDA အသိအမှတ်ပြု)ဆေးနှင့် ဆေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

(က) ဆေးဝါးများ
(ခ) ခွဲစိတ်ခွဲခန်းသုံးဆေးများ
(ဂ) ဓာတ်မှန်ဖလင်နှင့် ဆေးရည်များ
(ဃ) ဆေးရုံသုံးပစ္စည်းများ (Consumables)

၂။ **စျေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၀-၆-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၁-၇-၂၀၁၇ ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ပြည်နယ်ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့၊ ဖုန်း-၀၅၈-၂၁၂၅၁**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၅)နှင့် နေပြည်တော် ထိန်းသိမ်းရေးပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မှ (၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးနှစ်အတွင်း တာဝန်ယူဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းများအတွက်လိုအပ်သော တည်ဆောက်ရေးပစ္စည်းများအား သတ်မှတ်စံချိန်စံညွှန်းများအတိုင်း မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး (၅)၊ ငွေစာရင်းဌာနစိတ်နှင့် ဖုန်း-၀၉-၂၅၀၀၆၄၉၀၉၊ ၀၉-၇၉၉၂၂၀၃၆၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာတစ်စောင်လျှင် ပစ္စည်းတန်ဖိုးပေါ် မူတည်၍ သတ်မှတ်နှုန်းဖြင့် ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၅)၊ ငွေစာရင်းဌာနစိတ်၊ ဘဲကုန်းဆည်မြောင်းဝင်း၊ ပျဉ်းမနားမြို့တွင် ဝယ်ယူနိုင်ပါသည်။

၃။ (က) **တင်ဒါအဆိုပြုလွှာ စတင်ရောင်းချမည့်ရက်/အချိန်** - ၂၇-၆-၂၀၁၇ရက် (ရုံးချိန်အတွင်း)
(Profile အထောက်အထားများတင်ပြရမည်။)
(ခ) **လျှောက်လွှာအရောင်းပိတ်မည့်ရက်** - ၁၈-၇-၂၀၁၇ရက် ညနေ ၄း၃၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၅-၇-၂၀၁၇ရက် နံနက် ၁၀နာရီ
(ဃ) **တင်ဒါဖွင့်ဖောက်စိစစ်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံးဝင်း(ဓမ္မာရုံ) ဘဲကုန်းဝင်း၊ တည်ဆောက်ရေး (၅)၊ ပျဉ်းမနားမြို့

**တင်ဒါကော်မတီ**

---

## ရခိုင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ရခိုင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ အောက်ဖော်ပြပါအဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) မင်းပြားမြို့ အထူးတန်းပွဲကြည့်စင်တည်ဆောက်ခြင်းလုပ်ငန်း။ (အလျားပေ ၁၀၀×အနံ ၂၈ပေ×အမြင့် ၂၄ ပေ)
(ခ) မောင်တောမြို့ အထူးတန်းပွဲကြည့်စင် တည်ဆောက်ခြင်းလုပ်ငန်း။ (အလျားပေ ၁၀၀×အနံ ၂၈ပေ×အမြင့် ၂၄ပေ)
(ဂ) ရမ်းဗြဲမြို့ အထူးတန်းပွဲကြည့်စင်တည်ဆောက်ခြင်းလုပ်ငန်း။ (အလျားပေ ၁၀၀× အနံ ၂၈ပေ×အမြင့် ၂၄ ပေ)
(ဃ) ဂွမြို့ အထူးတန်းပွဲကြည့်စင်တည်ဆောက်လုပ်ခြင်းလုပ်ငန်း။ (အလျားပေ ၁၀၀× အနံ ၂၈ပေ×အမြင့် ၂၄ ပေ)

၂။ တင်ဒါပိတ်ရက်မှာ ၂၃-၇-၂၀၁၇ရက် ညနေ ၄း၀၀နာရီတွင် နောက်ဆုံးထားတင်သွင်းရန်နှင့် တင်ဒါပုံစံ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ရခိုင်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန**
**စစ်တွေမြို့**
**ဖုန်း-၀၄၃-၂၁၂၄၅၊ ၀၄၃-၂၁၂၄၄**

---

# ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်၊ ရွှေမိုက်လေလံကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့ အုံ့ဖွယ်ကိုးစုံရွှေစည်းခုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းပြန်လည်ဆက်ကပ်လှူဒါန်းလျက်ရှိရာ စတုတ္ထအဆင့်အနေဖြင့် ပစ္စယာ(၃)ဆင့်၊ နတ်မုခ်(၄)ခု၊ ခြင်္သေ့ကြီး(၄)စီးနှင့် မကန်းကျောရိုးတို့နေရာများရှိ ရွှေမိုက်များကို ဈေးပြိုင်လေလံစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။ ရွှေမိုက် လေလံဆွဲဝယ်လိုသူများသည် လေလံလျှောက်လွှာကို ဂေါပကအဖွဲ့ရုံးတွင် ဝယ်ယူပြီး ၁၃၇၉ ခုနှစ် ဝါဆိုလဆန်း ၁၁ ရက် (၄-၇-၂၀၁၇ ရက်) ရုံးချိန်အတွင်း နောက်ဆုံးလျှောက်ထားရန်နှင့် ၅-၇-၂၀၁၇ ရက် နံနက် ၁၀း၀၀ နာရီတွင် လေလံပွဲကျင်းပမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လေလံပွဲအတွက် အသေးစိတ်စည်းကမ်းချက်များကို စုံစမ်းလိုပါက ဂေါပကအဖွဲ့ရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေမိုက်လေလံကြီးကြပ်ရေးအဖွဲ့**
**ရွှေစည်းခုံစေတီတော်၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဂေါပကအဖွဲ့ရုံးဖုန်း-၀၉-၂၀၄၃၅၄၈၊ ၀၉-၂၀၄၃၉၀၉၊ ၀၉-၄၂၆၅၀၁၁၄၂**

---

# ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ကြီး၏ ရွှေဆိုင်းတင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့ရှိ အုံ့ဖွယ်ကိုးစုံရွှေစည်းခုံစေတီတော်အား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူလျက်ရှိရာ စတုတ္ထအပိုင်းဖြစ်သည့် ပစ္စယာ(၃)ဆင့်၊ မုခ်ဦး(၄)ခုနှင့် ခြင်္သေ့ကြီး(၄)စီးတို့ကို (၂×၂)လက်မပတ်လည် မျက်ပါးရွှေအဆိုင်းဖြင့် ရွှေသင်္ကန်းပြန်လည်ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ ရွှေဆိုင်းတင်ဒါပေးသွင်းလိုသူများသည် လျှောက်လွှာကို ၁၃၇၉ခုနှစ် ဝါဆိုလပြည့်ကျော် ၂ ရက် (၁၀-၇-၂၀၁၇ ရက်) တနင်္လာနေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ လျှောက်ထားရမည်။ ၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက် (၁၁-၇-၂၀၁၇ ရက်) အင်္ဂါနေ့ နံနက် ၁၀ နာရီတွင် တင်ဒါပွဲကို ကျင်းပမည်ဖြစ်ပါသည်။ ရွှေဆိုင်း တင်ဒါပေးသွင်းလိုသူများသည် (၂×၂)လက်မပတ်လည် နမူနာရွှေဆိုင်းတစ်ဆိုင်းနှင့် ဈေးနှုန်းချိပ်ပိတ်တင်ဒါကို တင်ဒါပွဲကျင်းပသည့်အချိန်တွင် တစ်ပါတည်းတင်ပြနိုင်ရမည်။ အသေးစိတ်သိလိုသော စည်းကမ်းချက်များနှင့်ပတ်သက်၍ ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေဆိုင်းနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရေးကော်မတီ**
**ရွှေစည်းခုံစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်း**
**ဖုန်း-၀၉-၂၀၄၃၅၄၈၊ ၀၉-၂၀၄၃၉၀၉၊ ၀၉-၄၂၆၅၀၁၁၄၂**

---

### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရန်ကုန်အထွေထွေ ရောဂါကုဆေးရုံသစ်ကြီးတွင် တက်ရောက်ကုသနေသော လူနာများအတွက် အသုံးပြုရန် လိုအပ်သည့် FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်း (Consumables) များနှင့် ခွဲစိတ်ခွဲခန်းသုံးဆေးရည်၊ ဓာတ်မှန်ဖလင်နှင့် ဆေးရည်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းများနှင့် ဆေးနှင့် ဆေးပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်းလာရောက်၍ စုံစမ်းနိုင်ပါသည်။

၃။ **တင်ဒါပုံစံရောင်းချမည့်နေ့ရက်** - ၂၁-၆-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန်** - ၂၀-၇-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၄း၀၀ နာရီ

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၄၄၉၃၊ ၀၁-၃၈၄၄၉၄**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော F.D.A အသိအမှတ်ပြု ဆေးဝါးများ၊ ခွဲစိတ်ခွဲခန်းသုံးပစ္စည်းများ၊ ဓာတ်မှန်ခန်းသုံး ပစ္စည်းများနှင့် Consumable များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **စျေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၆-၆-၂၀၁၇ ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၅-၇-၂၀၁၇ ရက် (အင်္ဂါနေ့) ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းစာရင်းများ အသေးစိတ် သိရှိလိုပါက ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း ခွဲစိတ်အထူးကုဆေးရုံကြီး၊ ရန်ကုန်**

---

### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ မန္တလေးမြို့၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှု ခံယူနေသော လူနာများအတွက် ဆေးနှင့်ဆေးပစ္စည်းများ၊ ခွဲစိတ်ခွဲခန်း၊ သွေးလှူဘဏ်နှင့် ဓာတ်မှန်ဌာနအတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများအတွက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့်ဆေးနှင့်ဆေးပစ္စည်းများ၏ စာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ **စျေးနှုန်းတင်သွင်းလွှာ ပုံစံများ စတင်ရောင်းချမည့်ရက်** -၃-၇-၂၀၁၇ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** -၂-၈-၂၀၁၇ရက် ညနေ ၄း၀၀နာရီ

**ဆေးရုံအုပ်ကြီး**
**အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့**

---

## CLAIMS DAY NOTICE
## M.V DREAM JASMINE VOY:NO(1)

Consignees of cargo carried by M.V DREAM JASMINE VOY:NO(1)are here by notified that the vessel will arrive on about 26-6-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

### အမည်ပြောင်း

အမှတ် ၂၅၊ မုယွန်ရပ်ကွက်၊ ဂန့်ဂေါလမ်းသွယ်နေ (ဘ)ဦးညွန့်ဝေ၏သား မောင်လင်းထက်အောင်အား မောင်လျှမ်းမြင့်မိုရ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်လျှမ်းမြင့်မိုရ်**

### အမည်ပြောင်း

ဦးခင်မောင်ဝင်း ၈/ရနခ(နိုင်) ၁၀၃၈၄၄ ၏သမီး မော်လမြိုင်မြို့ အထက(၉) တက္ကသိုလ်ဝင်တန်း(A)မှ မမျိုးသီရိခိုင်အား မမျိုးသီရိခိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မမျိုးသီရိခိုင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်းနယ်မြေ၊ ကျိုက်ဖန်ရပ်ကွက်နေ ဦးငွေထိန်(ခ)ဦးဟကျင်၏သမီး ဒေါ်မိညိုညိုသိန်း ၁၀/မလမ(နိုင်)၀၀၁၈၆၂နှင့် ဒေါ်မိညိုညိုသိမ်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဒေါ်မိညိုညိုသိန်း(ခ)ဒေါ်မိညိုညိုသိမ်း**

### ဖခင်အမည်မှန်

မော်လမြိုင်မြို့နယ်၊ အထက (ကော့ပေါက်)နဝမတန်းမှ မညိုညိုလွင်၏ ဖခင်အမည်မှန်မှာ ဦးစံသန်း ၁၀/ကမရ(နိုင်)၀၇၀၇၃၈ ဖြစ်ပါကြောင်း။ **ဦးစံသန်း**

---

### ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ငါးဘက်ကြီးကျေးရွာနေ မနန်းဝေအေး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးလှကြိုင် ၁/ရကန(နိုင်)၀၁၈၀၇၇ဖြစ်ပါကြောင်း။

### အမည်ပြောင်း

ရခိုင်ပြည်နယ်၊စစ်တွေမြို့၊ရွှေပျိုးခင်း ကိုယ်ပိုင်အလယ်တန်းကျောင်း တတိယတန်းမှ (ဘ) ဦးသိန်းဝင်း၏သား မောင်ပိုင်ဖေခန့်အား မောင်ပြည့်ဖြိုးပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် အထကကျောင်းမှ မောင်အောင်ပိုက် တက္ကသိုလ်ဝင်တန်း(F) ခန်း၏ ဖခင်အမည်မှန်မှာ ဦးညွန့်မြင့် ၉/ညဥန(နိုင်)၀၇၂၁၁၆ ဖြစ်ပါကြောင်း။ **ဦးညွန့်မြင့်**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် အထကကျောင်းမှ မမေမြတ်ခိုင် တက္ကသိုလ်ဝင်တန်း (H) ခန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်မြင့် ၉/ညဥန(နိုင်)၁၂၃၆၄၁ ဖြစ်ပါကြောင်း။ **ဦးအောင်ဇော်မြင့်**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် အထကကျောင်းမှ မောင်ရဲထွန်းအောင် တက္ကသိုလ်ဝင်တန်း(G) ခန်း၏ဖခင်အမည်မှန်မှာ ဦးအောင်လင်း ၉/ညဥန(နိုင်)၀၇၁၆၈၉ ဖြစ်ပါကြောင်း။ **ဦးအောင်လင်း**

### အမည်ပြောင်း

စစ်တွေမြို့၊ အမက (လမ္ဘာတော်တောင်)မှ စတုတ္ထတန်းအောင် (ဘ) ဦးအောင်ငွေ၏သား မောင်အောင်လွင်ဦးအား မောင်အောင်ကောင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ကောင်းခန့်**

### ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ရွှေမြို့အထကကျောင်း တက္ကသိုလ်ဝင်တန်းမှ မချယ်ရီစိုး၏ ဖခင်အမည်မှန်မှာ ဦးတာစိုး ၉/တကန(နိုင်)၀၉၅၁၅၇ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

ကလေမြို့၊ အထက(၁)၊ နဝမတန်း(C)မှ စိုင်းကျော်မျိုးဆက်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းနေမျိုး ၁/မကန(နိုင်)၀၁၇၅၅၂ ဖြစ်ပါကြောင်း။ **ဦးစိုင်းနေမျိုး**

### အမည်ပြောင်း

တောင်ကြီးမြို့၊ အထက(၄)အဋ္ဌမတန်း(ဂ)မှ မောင်သက်နိုင်စိုးအား ယနေ့မှစ၍ မောင်ကျော်စိုးလင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်စိုးလင်း**

### အမည်ပြောင်း

တောင်ကြီးမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(F)မှ လှိုင်ထက်ကိုအား ယနေ့မှစ၍ လှိုင်ကိုထက်ဟု ပြောင်းလဲခေါ်ပါရန်။ **လှိုင်ကိုထက်**

### မိခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၂)နဝမတန်း(ခ)မှ ခွန်အောင်မြင့်၏ မိခင်အမည်မှန်မှာ မနန်းထွန်း ဖြစ်ပါကြောင်း။ **မနန်းထွန်း**

### ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျိုင်းတုံမြို့၊ရပ်ကွက်(၁)၊ စွန်မွန်းရပ်၊ အိမ်အမှတ် ၃၉ နေ ကျွန်တော် စိုင်းသန်းစိန် ၁၃/ကတန (နိုင်) ၀၉၀၂၁၆ ၏ဇနီး နန်းခမ်းအေး ၁၃/သနန(နိုင်)၀၃၄၇၂၅ သည် ၃-၃-၂၀၁၆ ရက်မှစ၍ မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ဇနီးအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်းနှင့် နောက်နောင် ငွေနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**စိုင်းသန်းစိန်**
**၁၃/ကတန(နိုင်)၀၉၀၂၁၆**

## တောင်ပြုံးပွဲတော် စျေးဆိုင်ခန်းများရောင်းချခြင်းကြေညာချက်

၁၃၇၉ခုနှစ် ဝါခေါင်လဆန်း ၈ ရက်မှ ၁၅ရက်အထိ ကျင်းပပြုလုပ်မည့်ပွဲတော်ကြီးတွင် စျေးကြီး၊ စျေးလေးနှင့် ဘုရားပရိဝုဏ်အတွင်း ရောင်းဝယ်ကြသော စျေးသူစျေးသားများ သိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

၁။ ပွဲတော်ကာလအတွင်း ရောင်းဝယ်ကြမည့် စျေးသူစျေးသားများသည် ၂၀၁၆ခုနှစ် ဆိုင်ခန်းငွေပေးပြေစာဖြတ်ပိုင်းနှင့်အတူ စမတ်ကတ်ပါ တစ်ပါတည်းယူဆောင်လာရမည်။

၂။ ၂၀၁၆ခုနှစ် စျေးသူစျေးသားဟောင်းများကို ၁၃၇၉ခုနှစ် ဝါဆိုလဆန်း ၂ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး ဝါဆိုလပြည့်ကျော် ၂ရက်ထိ နောက်ဆုံးထား၍ ရောင်းချသွားမည်ဖြစ်သည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက ဆိုင်ခန်းနေရာချထားရေးကော်မတီ၏ အစီအစဉ်အတိုင်း ရောင်းချပေးသွားမည်ဖြစ်သည်။

**တောင်ပြုံးဆုတောင်းပြည့်၊ ဆုတောင်းရဘုရား**
**ဂေါပကအဖွဲ့**
**ရုံး ဖုန်း-၀၉-၇၈၄၉၈၄၇၉၇**

---

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ 66/11 KV, 5 MVA ဇင်ချောင်းဓာတ်အားခွဲရုံအတွက် လိုအပ်သောပစ္စည်းများကို နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၆-၂၀၁၇
**တင်ဒါပိတ်မည့်ရက်** - ၂၁-၇-၂၀၁၇
**တင်ဒါပိတ်မည့်အချိန်** - မွန်းလွဲ ၂း၀၀ နာရီ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၀၆၇-၄၁၀၂၈၂**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လမ်းဦးစီးဌာန၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ကတ္တရာ လမ်းလုပ်ငန်းအတွက် လိုအပ်သော ခွဲကျောက် (၁"-၂")အား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းခွင်အရောက်ဝယ်ယူလိုပါ၍ ပစ္စည်းပေးသွင်းလိုသူများ လျှောက်ထားနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ်စဉ်** - ၁/၂၀၁၇-၂၀၁၈
**ကျင်းပမည့်ရက်၊အချိန်** - ၂၁-၇-၂၀၁၇ရက် (သောကြာနေ့)နံနက် ၁၀နာရီ
**ကျင်းပမည့်နေရာ** - လမ်းဦးစီးဌာန၊ ရမည်းသင်းခရိုင်ရုံး၊ဖုန်း-၀၆၄-၄၀၃၀၉၊ ၀၆၄-၄၀၀၂၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

---

### မွေးသက္ကရာဇ်အမှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ငါးဘတ်ကြီးကျေးရွာနေ (ဘ) ဦးလှကြိုင်၏သမီး မနန်းဝေအေး ၁/ရကန(နိုင်)၀၆၂၀၅အောင်လက်မှတ်-၆၉၄၆၊ ခုံအမှတ်-ကက ၇၉၀ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်အရ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၁၁-၁၉၉၅ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

သထုံမြို့နယ်၊ အထက ကျိုက္ကော်တက္ကသိုလ်ဝင်တန်း (B)မှ ဦးစောဖားလုံး၏သား စောလမင်းစိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၈-၂၀၀၁ ဖြစ်ပါကြောင်း။
**စောလမင်းစိုး**
**၃/ဘအန(နိုင်)၃၅၈၃၆၇**

### အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့နေ ဦးတင်မောင်ဝင်း-ဒေါ်ခင်မြင့်ဝေတို့၏သား သရက်(ဂျီတီအိုင်) ပထမနှစ်(IG.Mech)မှ မောင်ရဲမာန်ဝင့်အား မောင်ရဲမာန် ၈/မကန(နိုင်)၀၉၀၀၅၆ ဟုပြောင်းလဲခေါ်ပါရန်။

### ဖခင်အမည်မှန်

တောင်တွင်းကြီးမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်းမှ မတင်ဇာဝင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်စိုး ၈/တတက(နိုင်)၁၂၃၇၅၄ ဖြစ်ကြောင်း။ **ဦးအောင်နိုင်စိုး**

### ဖခင်အမည်မှန်

တောင်တွင်းကြီးမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်းမှ မစိုးစန္ဒီထွန်း၏ ဖခင်အမည်မှန်မှာ ဦးစိန်ထွန်းအောင် ၈/တတက(နိုင်)၁၃၀၀၇၅ ဖြစ်ကြောင်း။ **ဦးစိန်ထွန်းအောင်**

### ဖခင်အမည်မှန်

တောင်တွင်းကြီးမြို့၊ အထက (၂) တက္ကသိုလ်ဝင်တန်း (A) မှ မဆွေဆွေလွင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်သိန်း ၈/တတက(နိုင်)၀၄၁၀၅၉ ဖြစ်ကြောင်း။ **ဦးမြင့်သိန်း**

### အမည်မှန်

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ဗန်းမော်မြို့ အလက (၃) ထခွဲ နဝမတန်း (B) တွင် ပညာသင်ယူခဲ့သော မပေါ်ဆဲလ် ကျောင်းဝင်အမှတ် (၈၇၁၇)၊ မွေးသက္ကရာဇ် (၁၉-၆-၂၀၀၀)၏ အမည်မှန်မှာ မဘောက်ဆိုင်း ဖြစ်ပါကြောင်း။
**မဘောက်ဆိုင်း**

### မိဘအမည်မှန်

မန်စီမြို့နယ် အလက (ခွဲ) ကောင်ရာသတ္တမတန်းမှ မောင်လထော်နော်လောန်၏ မိဘအမည်မှန်မှာ ရီရူးမန်ခမ်ကျေးရွာနေ ဦးလထော်ယော်ထုံ-ဒေါ်ခေါန်ရော်ဖြစ်ကြောင်း။
**ဦးလထော်ယော်ထုံ-ဒေါ်ခေါန်ရော်**

### အမည်မှန်

မန်စီမြို့ အထက(မန်စီ) ဒုတိယတန်းမှ မောင်ဆင်ဝါးဆိုင်းလွတ်အောင်၏ အမည်မှန်မှာ မောင်ဆင်ဝါးဆိုင်းလတ်အောင် ဖြစ်ကြောင်း။
**မောင်ဆင်ဝါးဆိုင်းလတ်အောင်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ခ/၆၂၈၇ Nissan Diesel CV46V ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်းဇော် ၉/မထလ(နိုင်)၂၄၉၉၇၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ဗန်းမော်)၊ ဗန်းမော်မြို့**

---

**ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ ကြားသိစေသည့်**

## အကြောင်းကြားစာ

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၆ ခုနှစ် တရားမပြင်ဆင်မှုအမှတ် - ၇၄၉**

| | | |
|---|---|---|
| ဦးဝင်းထင် (၄င်း၏အခွင့်ရကိုယ်စားလှယ် လွှဲစာရရှိသူ ဒေါ်ဝင်းဝင်းမှီ) | နှင့် | ၁။ ဒေါ်ဝင်းဝင်းအေး ၂။ ဒေါ်ဝင်းငွေ |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** |

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ် (၃၉) ခုနှစ်လွှာ (ခြေရင်းခန်း)နေ လျှောက်ထားခံရသူ (၂) ဒေါ်ဝင်းငွေ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၇ ရက်စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတရားမအထွေထွေမှုအမှတ်-၁/၂၀၁၃ အမှုတွင် ချမှတ်သောအမိန့်ကိုပြင်ဆင်မှု။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်အမိန့်ကိုလျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤပြင်ဆင်မှုကို ၂၀၁၇ ခုနှစ် ဇူလိုင် ၃ ရက် (၁၃၇၉ ခုနှစ် ဝါဆိုလဆန်း ၁၀ ရက်) တွင် ဆိုင်ရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာမရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်၏မျက်ကွယ်တွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၇ ခုနှစ် ဇွန် ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**
**(အေးအေးခိုင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုခဥပဒေအမိန့်၊ ၅၊ နည်းဥပဒေ- ၂၀)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် -၃၁၁**

| | | |
|---|---|---|
| ဦးမျိုးဝင်းအောင် | နှင့် | ဒေါ်သင်းသင်းခိုင် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ၅၃ လမ်း၊ အောင်ဇေယျလမ်းနှင့် ဘုရင့်နောင်လမ်းကြား၊ အကွက် (စစ-၈) နေ တရားပြိုင် ဒေါ်သင်းသင်းခိုင် ၅/ဘတလ(နိုင်)၀၁၂၂၅၂ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမျိုးဝင်းအောင်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်(ဇဇ-၂၉)၊ ဦးပိုင် (၇) ဂရန်မြေကွက်ပေါ်တွင် ကျူးကျော်ဝင်ရောက်ပြီး ဆောက်လုပ်ထားသည့် တဲတစ်လုံးကို ဖျက်သိမ်းဖယ်ရှားစေပြီး ထွက်ခွာပေးရန်နှင့် လက်ရောက်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ ခုနှစ် ဇူလိုင် ၂၀ ရက် (၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၂ရက်) နေ့မွန်းမတည့်မီ ၁၀း၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။

သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဇွန် ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ကျော်ဦး)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့၊ ကန်သာယာရပ်ကွက်၊ ဘုရင့်နောင်မြို့ကွက်သစ်၊ ကွင်းအမှတ်(OSS-၆၈)၊ ဘီးလင်းကြေးတိုင်ပြင်ကွင်း၊ မြေကွက်အမှတ်၊ (A-Side)(A-Role) ၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၇ မြေဧရိယာ ၀ဒသမ၄၄၀ဧကအား ငွေကောင်းကင်ဇော်ရှိပ်သာ ဆောက်လုပ်အသုံးပြုရန်အတွက် စက်မှုစီးပွားမြေငှားဂရန် ချထားပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး ယနေ့မှစ၍ ၂၀၁၇ ခုနှစ် ဇူလိုင် ၅ ရက်မတိုင်မီ ဘီးလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး လျှောက်ထားသူသို့ မြေငှားဂရန် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ဦးသန်းလွင် ၇/ကဝန(နိုင်)၀၆၇၇၅၂**

---

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ခုတင်(၁၀၀)ဆံ့၊ အထူးကုဆေးရုံ(သာကေတ)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ခုတင်(၁၀၀)ဆံ့၊ အထူးကုဆေးရုံ(သာကေတ)တွင် တက်ရောက်ကုသကြသည့် လူနာများအား ကုသပေးရန် လိုအပ်သည့် အောက်ဖော်ပြပါတို့အား ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။
(က) ဆေးဝါးများ(FDA အသိအမှတ်ပြု)
(ခ) ဓာတ်ခွဲခန်းသုံး ဓာတ်ဆေးပစ္စည်းများ
(ဂ) ဓာတ်မှန်ဖလင်များ
(ဃ) ဆေးရုံသုံးပစ္စည်းများ(Consumables)နှင့် အောက်ဆီဂျင်

၂။ **စျေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၃-၆-၂၀၁၇ရက်(သောကြာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၁-၇-၂၀၁၇ ရက်(သောကြာနေ့)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေးပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ခုတင်(၁၀၀)ဆံ့၊ အထူးကုဆေးရုံ(သာကေတ) ဆေးရုံအုပ်ကြီးရုံးနှင့် ဖုန်း-၀၁-၄၅၀၇၉၁သို့ လာရောက်စုံစမ်းနိုင်ပါသည်။
**ခုတင်(၁၀၀)ဆံ့၊ အထူးကုဆေးရုံ(သာကေတ)**

### ပြောင်းလဲခေါ်ဆိုပါရန်

ကချင်ပြည်နယ် ဗန်းမော်မြို့ အထက (၁) တတိယတန်း (B) မှ မကြယ်စင်လင်းအား မမေသက်မှူးခင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မမေသက်မှူးခင်**

### မိဘအမည်မှန်

ဗန်းမော်မြို့၊ အလက (၄)၊ ထ-ခွဲ နဝမတန်း (A) မှ မသူဇာလင်း (ကဝအမ-၆၇၆၄)၏ မိဘအမည်မှန်မှာ ဦးမောင်တင့်-ဒေါ်မိုးလွင် ဖြစ်ပါကြောင်း။
**ဦးမောင်တင့်-ဒေါ်မိုးလွင်**

## တစ်ချက်တည်းကျင်းဝင်ခြင်း

တပ်မတော်ဂေါက်ကွင်း(မင်္ဂလာဒုံ)တွင် ဦးစိုင်းခမ်းကော်(ကျောက်မဲ)သည် ၃-၆-၂၀၁၇ ရက်(စနေနေ့) နေ့လည်ပိုင်းတွင် ကစားဖော်များဖြစ်ကြသော ဒုဗိုလ်မှူးကြီးဉာဏ်ဝင်း(ငြိမ်း)၊ ဦးအန်စထရောင်းတို့ ဂေါက်သီးရိုက်ကစားကြရာ ဘောလုံးအမျိုးအစား (Srixon)(No.3) အား သံတုတ်နံပါတ်(Hybrid)(No.8)ဖြင့် (၁၅၅) ကိုက်ကွာဝေးသော ကျင်းနံပါတ်(၁၇) သို့ ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားခဲ့ပါသည်။

---

**အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ**

## လျှောက်ထားကြောင်းအကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**တောင်ကြီးခရိုင်တရားရုံး**
**၂၀၁၇ခုနှစ် တရားမအထွေထွေမှုအမှတ်-၁**
**ပျံလွန်တော်မူသူ ဆရာတော်ဦးဩဇေယျ၏ ကျန်ရှိရစ်သော ပစ္စည်းအကြောင်း**

**ဦးဝိလာသ** — **လျှောက်ထားသူ**

ပင်းတယမြို့၊ ဆူးဘိုကုန်းပရိယတ္တိစာသင်တိုက်၊ ဆူးဘိုကုန်းရပ်ကွက်နေ ဦးဝိလာသက ပျံလွန်တော်မူသူ ဆရာတော် ဦးဩဇေယျ၏ တပည့်အရင်းဖြစ်သည်ဟူ၍ ပင်းတယမြို့၊ ဆူးဘိုကုန်းပရိယတ္တိစာသင်တိုက်နေ ၎င်းပျံလွန်တော်မူသူ ဆရာတော် ဦးဩဇေယျမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းပျံလွန်တော်မူသူ ဆရာတော် ဦးဩဇေယျမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသောသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၇ခုနှစ် ဇွန် ၃၀ရက် (၁၃၇၉ခုနှစ် ဝါဆိုလဆန်း ၇ ရက်) တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဦးဝိလာသ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၇ခုနှစ် ဇွန် ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးမြတ်မြတ်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**တောင်ကြီးခရိုင်တရားရုံး**

---

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**မန္တလေးခရိုင်တရားရုံး**
**၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ်-၁၀၉**

| | | |
|---|---|---|
| ၁။ ဒေါ်ခင်စန်းဝင်း(ခ)ရန်လီဖင့် ၂။ ဦးကျော်စိန်(ခ)ဦးမောက်ဖူးရုံ | နှင့် | ၁။ ဒေါ်မွန်မွန်ရှင် ၂။ ဒေါ်မို့မို့ဝင်း(ခ) ဒေါ်မိုးမိုးဝင်း |
| **တရားနိုင်များ** | | **တရားရှုံးများ** |

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၃၀၃ တွင် ရရှိခဲ့သော ဒီကရီအရအောက်အမည်ပါပစ္စည်းကို ၂၀၁၇ ခုနှစ် ဩဂုတ် ၈ ရက် (၁၃၇၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၈လမ်း၊ ၇၁-၇၂လမ်းကြား၊ ပတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက်အမှတ် (၇၃၁)၊ ဦးပိုင်အမှတ် (၂-ဈ)၊ ဧရိယာ (၀ဒသမ၂၆၉၂)ဧက အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်၊ ယင်းမြေကွက်ပေါ်တွင် နံကပ်တစ်ထပ်သွပ်မိုး အဆောက်အအုံရှိပြီး ရေ၊ မီးအစုံအလင် သွယ်တန်းတပ်ဆင်ထားပါသည်။

**ကြမ်းခင်းစျေးကျပ်သိန်း ၅၀၀၀၀**

**ရောင်းချရန်စည်းကမ်းများ**

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။
ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံတင်စည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၇ခုနှစ် ဇွန် ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်လှကြည်)**
**ခရိုင်တရားသူကြီး**
**မန္တလေးခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ကျောက်မဲခရိုင် တရားမရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁**

| | | |
|---|---|---|
| ၁။ ဦးတိုင်အန်ကွဲ့(ခ)ဦးအန်းကွယ် ၂။ ဒေါ်နွဲ့နွဲ့စန်း(ခ)အေးနွမ်း | နှင့် | ၁။ ဦးလှရွှေ ၂။ ဒေါ်ခင်သိန်း |
| **တရားလိုများ** | | **တရားပြိုင်များ** |

ဦးလှရွှေ၊ ဒေါ်ခင်သိန်း(မနန်းချို၊ တရုတ်တန်း၊ ကြံ့ခိုင်ရေးရုံးရှေ့၊ နမ့်ဆန်မြို့နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ် တရားလိုဦးတိုင်အန်ကွဲ့(ခ)ဦးအန်းကွယ်နှင့် ဒေါ်နွဲ့နွဲ့စန်း(ခ)အေးနွမ်းတို့က ငွေကျပ်(၁၆၃၉၀၀၀၀ိ/) (ကျပ်တစ်ရာခြောက်ဆယ့်သုံးသိန်းကိုးသောင်းတိတိ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဇူလိုင် ၂၄ ရက် (၁၃၇၉ခုနှစ် ဝါခေါင်လဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းအထောက်အထားများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇွန် ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်တင်သန်း)**
**ဒုတိယခရိုင်တရားသူကြီး**
**ကျောက်မဲခရိုင်တရားရုံး**




## ဖခင်အမည်မှန်

မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၄)၊ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(G)မှ မောင်ဉာဏ်လင်းထက်၏ ဖခင်အမည်မှာ ဦးမြတ်စိုးအစား ဦးမြစိုး ဖြစ်ပါကြောင်း။ **ဦးမြစိုး ၁၄/ဟသတ(နိုင်)၁၅၅၇၂၃**

## အမည်မှန်

တာချီလိတ်မြို့ မကာဟိုခမ်း (အထက)၊ သတ္တမတန်း (H)မှ မောင်ဆန်းဒစ်(ပ်)၏ အမည်မှန်မှာ မောင်ဆန်းဒိ(ပ) (ခ)မောင်ဝင်းအောင် ဖြစ်ပြီး ၎င်း၏မိခင်အမည်မှန်မှာ ဒေါ်မီနာ(ခ)ဒေါ်စုစုလှိုင် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရေတာရှည်မြို့နယ် ရွှေကစောင်းကျေးရွာ အထက(ခွဲ) စတုတ္ထတန်းမှ မဇင်ဇင်စိုး၏ ဖခင်အမည်မှန်မှာ ဦးသိန်းတိုး ၇/ရတရ(နိုင်)၁၂၃၅၄၉ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ဆီမိုးနယ် ၂/ဒမဆ(နိုင်)၀၅၀၄၀၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၃၃၇၇၇၈**

## ဖခင်အမည်မှန်

ပင်လောင်းမြို့နယ်၊ နောင်တရားမြို့ အထက၊ အဋ္ဌမတန်းမှ မောင်ခွန်ကျော်ဟိုက်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးရဲထွဋ် ၁၃/ပလန(နိုင်)၀၅၆၇၀၁ ဖြစ်ပါကြောင်း။ **ဦးရဲထွဋ်**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ယိမ်း (သံဖြူဇရပ်မြို့)**

**အသက်(၇၁)နှစ်**

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ အမှတ်(၅၉)အောင်ဆန်းလမ်း၊ အောင်မင်္ဂလာရပ်နေ ဦးခွေး၏ဇနီး ဒေါ်ယိမ်းသည် ၂၀-၆-၂၀၁၇ရက် နံနက် ၈းဝဝနာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်း ဦးကျော်-ဒေါ်သန်းသန်းကြည်(ဒေါ်ထားဝယ်မ)**

**ရွှေနေမင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

## ဖခင်အမည်မှန်

ပုသိမ်ခရိုင်၊ ကျုံပျော်မြို့နယ်၊ အထက-တောက်တဲ့ရိုး နဝမတန်း(ခ)မှ စောဘေးလေထူး၏ ဖခင်အမည်မှန်မှာ ဦးအောင်စိန် ၁၄/ကပန(နိုင်)၀၇၂၄၀၄ ဖြစ်ပါကြောင်း။ **ဦးအောင်စိန်**

## အမည်ပြောင်း

ဦးကျော်လွင်၏သမီး တာချီလိတ်မြို့၊ ပုန်းထွန်(အထက)ခွဲမှ မနှင်းဦးလွင်အား မနှင်းဝါလွင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

ရေတာရှည်မြို့နယ်၊ ရွှေကစောင်းကျေးရွာ အထက (ခွဲ) သတ္တမတန်းမှ မောင်အေးချမ်းအောင်နှင့် ဆွာတောင်ကမ်းကျေးရွာမူလွန်ကျောင်း တတိယတန်းမှ မောင်အေးချမ်းမောင်တို့၏ ဖခင်အမည်မှန်မှာ ဦးနန်းမွေး ၇/ရတရ(နိုင်)၀၈၉၂၄၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့နယ်ခွဲ၊ အလက(ခွဲ)ကျိုင်းလွန်း၊ အဋ္ဌမတန်းမှ စိုင်းစံခေး၏ဖခင်အမည်မှန်မှာ ဦးစိုင်းအောင် ၁၃/ကဟန(နိုင်)၀၀၄၃၆၃ ဖြစ်ပါကြောင်း။ **ဦးစိုင်းအောင်**

## မိဘအမည်မှန်

ပင်လောင်းမြို့နယ်၊ တီကျစ်ကျေးရွာအုပ်စု၊ တီကျစ် အထက၊ နဝမတန်းမှ မောင်ကောင်းစည်သူ၏ မိဘအမည်မှန်မှာ ဦးထွန်းထွန်းညွှန့် ၁၃/တကန(နိုင်)၁၈၁၁၄၅ နှင့် ဒေါ်ခင်ခင်မွန် ၁၃/ပလန(နိုင်)၀၄၁၃၂၆ ဖြစ်ပါကြောင်း။ **ဦးထွန်းထွန်းညွှန့်-ဒေါ်ခင်ခင်မွန်**

# အထူးကျေးဇူးတင်ရှိခြင်း

**ဦးထွန်းလွင် (ခ) Tony Chai (မြိတ်)**

**Chairman**

**Sinpoonchai Co.,Ltd.(Bangkok), Tunn Star Co.,Ltd.(PTT Lubricants)**

**Lynn Enterprise Ltd., Daily Food & Beverage Co., Ltd.**

**အောင်နှင့်ထွန်း ကမ်းဝေးငါးဖမ်းသင်္ဘောအုပ်စု**

**အသက် (၇၄) နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဓမ္မစေတီလမ်း၊ ခြံအမှတ် (၁၁၁)နေ ဦးထွန်းလွင် Tony Chai သည် ၁၅-၆-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၇ရက်(တနင်္လာနေ့)တွင် ရန်ကုန်မြို့ ရေဝေးသုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

နာရေးကိစ္စအတွက် ရပ်ဝေးရပ်နီးမှ ပေးပို့လှူဒါန်းလာသော လှူဖွယ်ဝတ္ထုပစ္စည်းများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများအတွက်လည်းကောင်း၊ ဈာပနအခမ်းအနားသို့ အချိန်ပေး၍ ကိုယ်တိုင်လာရောက်ပို့ဆောင်ပေးကြသော နိုင်ငံရပ်ခြားမှ လုပ်ဖော်ကိုင်ဖက်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ပြည်တွင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် PTT Customer များအားလည်းကောင်း၊ ငါးလုပ်ငန်းရှင်များအားလည်းကောင်း၊ ဈာပနပို့ဆောင်ရန်ကားများ အကူအညီပေးခြင်းအတွက်လည်းကောင်း၊ ဈာပနကိစ္စအဝဝအတွက် စီစဉ်ဆောင်ရွက်ပေးကြပါသော မိတ်ဆွေရင်းချာများနှင့် ဆွေမျိုးများအားလည်းကောင်း၊ ဧည့်ခံကျွေးမွေးခြင်းကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးသောမိတ်ဆွေနှင့် ဆွေမျိုးများအားလည်းကောင်း၊ သတင်းစာ၊ တယ်လီဖုန်း၊ Facebook၊ Messenger၊ Viber၊ Line တို့ဖြင့် ဝမ်းနည်းကြေကွဲကြောင်းနှင့် အားပေးနှစ်သိမ့်ကြပါသော ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများအားလည်းကောင်း၊ အသင်းအဖွဲ့များအားလည်းကောင်း၊ ရက်လည်ဆွမ်းကျွေးနေ့တွင် ကိုယ်တိုင် ကြွရောက်ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် လိုအပ်သည်များကို အဘက်ဘက်မှ ဖြည့်စွက်အကူအညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာမျိုးမြင့် အသက်(၆၄)နှစ်**

**ဥက္ကဋ္ဌ၊ အမျိုးသားပညာရေး မူဝါဒကော်မရှင်**

**ဒုတိယဝန်ကြီး(ငြိမ်း)နိုင်ငံခြားရေး၊ ပညာရေး**

ဒေါက်တာမျိုးမြင့်၊ ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်သည် ၂၀-၆-၂၀၁၇ရက် နံနက် ၇း၅၀နာရီတွင် ရန်ကုန်မြို့ ခုတင်-၅၀၀ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးရုံအုပ်ကြီး၊ ပါမောက္ခဌာနမှူးများ**
**သူနာပြုများ၊ ဝန်ထမ်းများ**
**ခုတင်-၅၀၀ အထူးကုဆေးရုံကြီး၊ ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမျိုးမြင့် (ဥက္ကဋ္ဌ၊ အမျိုးသားပညာရေး မူဝါဒကော်မရှင်) သည် ၂၀-၆-၂၀၁၇ရက်တွင် ကွယ်လွန်သွားသည့်အတွက် အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့်**
**ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ**
**စစ်ကိုင်းပညာရေးတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာမျိုးမြင့်**

**ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်**

**အသက်(၆၄)နှစ်**

ယခင်ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်ပါမောက္ခချုပ်၊ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့်သည် ၂၀-၆-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇း၅၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံ ခုတင်-၅၀၀၌ ကွယ်လွန်သွားပါသဖြင့် ပညာရေးလောက၏အစားထိုးမရနိုင်သော ဆုံးရှုံးမှုအတွက် အထူးဝမ်းနည်းကြေကွဲရပါသည်။
မြင့်မြတ်သောဘုံဘဝတွင် ဆရာကြီး အေးချမ်းစွာစံစားနိုင်ပါစေ။

**ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ကိုရီးယားဘာသာ ဘွဲ့ရများအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာမျိုးမြင့်**

**ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်**

**ဥက္ကဋ္ဌ၊ ELT Task Force**

**မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်(အင်္ဂလိပ်စာ)**

**ဒုတိယဝန်ကြီး(ငြိမ်း)(နိုင်ငံခြားရေး၊ ပညာရေး)**

**ပါမောက္ခချုပ်၊ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်(၂၀၀၅-၂၀၁၁)**

**အသက်(၆၄)နှစ်**

ဆရာကြီး ဒေါက်တာမျိုးမြင့်သည် ၂၀-၆-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇း၅၀နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာမျိုးမြင့် Ph.D**

**ဒုတိယဝန်ကြီး(ငြိမ်း)**

**အသက်(၆၄)နှစ်**

ရေစကြိုမြို့နယ်အသင်း(ရန်ကုန်)၏ ဂုဏ်ထူးဆောင်နာယကကြီး ဦးမောင်ကြီး-ဒေါ်ခင်နုနုတို့၏သားသမက်၊ဒေါ်ဝင့်ဝင့်ကြီး၏ခင်ပွန်း ဒေါက်တာမျိုးမြင့်သည် ၂၀-၆-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရေစကြိုမြို့နယ်အသင်း၊ ရန်ကုန်**

## ဝမ်းနည်းကြေကွဲခြင်း

**ဆရာကြီး ဒေါက်တာမျိုးမြင့်**

**ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်**

**ဒုတိယဝန်ကြီး(ငြိမ်း)**

**(နိုင်ငံခြားရေး၊ ပညာရေး)**

**အသက်(၆၄)နှစ်**

သည် ၂၀-၆-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အင်္ဂလိပ်စာမိသားစု**
**တောင်ကြီးတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အေးအေးမြင့်**

**အသက်(၇၁)နှစ်**

ဒေါက်တာရီရီကျော်(ဒုတိယညွှန်ကြားရေးမှူး၊ ဆေးသုတေသနဦးစီးဌာန)၏မိခင် ဒေါ်အေးအေးမြင့်သည် ၁၆-၆-၂၀၁၇ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ဆေးသုတေသနဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာမျိုးမြင့်**

**အသက်(၆၄)နှစ်**

အမျိုးသားပညာရေးမူဝါဒကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့်သည် ၂၀-၆-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆီမီးယိုဒေသဆိုင်ရာသမိုင်းနှင့်ရိုးရာစလေ့ဌာန မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာမျိုးမြင့်**

**ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်**

**အသက်(၆၄)နှစ်**

အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး(ငြိမ်း)(နိုင်ငံခြားရေး၊ ပညာရေး) ဆရာကြီး ဒေါက်တာမျိုးမြင့်သည် ၂၀-၆-၂၀၁၇ရက် နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာမျိုးမြင့်**

**ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်**

**အသက်(၆၄)နှစ်**

အမျိုးသား ပညာရေးမူဝါဒကော်မရှင်၊ ဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့်သည် ၂၀-၆-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇း၅၀ နာရီတွင် အထွေထွေရောဂါကုဆေးရုံ ခုတင်-၅၀၀၌ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်**
**အမှုဆောင်အဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာမျိုးမြင့်**

**Ph.D (Scotland, Edinburgh, UK)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဘွဲ့နှင်းသဘင်လမ်း၊ အမှတ်(၁)နေ အင်္ဂလိပ်စာ ကျောင်းသူ/ ကျောင်းသားများ၏ ဖခင်ရင်းသဖွယ် စောင့်ရှောက်ခဲ့ပါသော ကျေးဇူးရှင် ဆရာကြီး ဒေါက်တာမျိုးမြင့်(ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်)သည်၂၀-၆-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မအူပင်တက္ကသိုလ်**
**အင်္ဂလိပ်စာဌာနမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဒေါက်တာမျိုးမြင့်**

**Ph.D (Scotland, Edinburgh, UK)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဘွဲ့နှင်းသဘင်လမ်း၊ အမှတ်(၁)နေ အင်္ဂလိပ်စာ ကျောင်းသူ/ကျောင်းသားများ၏ ဖခင်ရင်းသဖွယ် စောင့်ရှောက်ခဲ့ပါသော ကျေးဇူးရှင် ဆရာကြီး ဒေါက်တာမျိုးမြင့် (ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်)သည် ၂၀-၆-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ်များနှင့် နီးနွယ်တက္ကသိုလ်များရှိ**
**အင်္ဂလိပ်စာဌာနများမှ တပည့်များ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာမျိုးမြင့် Ph.D (Scotland, Edinburgh,UK)**

**ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်**

**ဒုတိယဝန်ကြီး(ငြိမ်း) (နိုင်ငံခြားရေး၊ ပညာရေး)**

**အသက်(၆၄)နှစ်**

အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီး(ငြိမ်း) (နိုင်ငံခြားရေး၊ ပညာရေး) ဒေါက်တာမျိုးမြင့်သည် ၂၀-၆-၂၀၁၇ရက် (အင်္ဂါနေ့)နံနက် ၇း၅၀နာရီတွင် အထွေထွေရောဂါကုဆေးရုံခုတင်(၅၀၀)၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုပြင်မဌာန**
**(MLRC)**

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊တန်ဆောင်း၊ ဇရပ်၊ ဓမ္မာရုံဒါယိကာမကြီး**

**ဒေါ်မြင့်မြတ်ငြိမ်း(ခ)**

**ဒေါ်ငြိမ်းမြင့်ငြိမ်း**

**အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**

**(ကျိုက်လတ်)**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၇လမ်း၊ အမှတ် ၃၀- ၂၇နေဦးတင်မြ၏ဇနီး၊ဒေါ်အေးအေးသန်း၊ဦးဝင်းနိုင်၊ ဦးမင်းမင်း(ငြိမ်းအိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး)တို့၏ ချစ်လှစွာသော မိခင်သည် ၂၁-၆-၂၀၁၇ရက် နံနက် ၃း၅၅နာရီတွင် ဗဟိုရ်ရံစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊**

**မွန်ပိဋကတ်၊**

**မွန်ကျောက်စာဒါယိကာမကြီး**

**မိယိုင်(ခ)ဒေါ်ယိမ်း**

**အသက်(၇၁)နှစ်**

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ အောင်ဆန်းလမ်း၊ အမှတ်၅၉နေ (နိုင်ရွှေဖော-မိဖြေ)တို့၏သမီး၊(နိုင်ခင်စိန်-မိသက်)တို့၏သမီးချွေးမ၊ ကျောင်းဒါယကာကြီး နိုင်ခွေး၏ဇနီး၊ ကိုအောင်စိုး-မိသီသီဆွေ၊ မိဌေးဌေးဝင်း-ကိုမြင့်အောင် (လင်းရောင်ခြည်ဦးကုမ္ပဏီ)၊ မင်းအောင်ဘုဏ်ထွန်း(ပုလင်းစိန်)-မိသဥ္စာလှိုင်၊ မိနေခြည်လင်း-မင်းထွန်းထွန်းအောင်တို့၏မိခင်၊ မြေး၁၁ယောက်တို့၏အဘွားသည်၂၀-၆-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၈း၁၅ နာရီတွင်ရေးမြို့နယ်၊ပုပ္ပဝတီရွာ၊ကျိုက်ဒေးတမော့ဗရတ်(ကိုရင်လေး) သာသနာပြုကျောင်းတိုက်၊ ပုပ္ဖရမ္မဂီရိကျောင်းဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေးမြို့နယ်၊ ပုပ္ပဝတီရွာ၊ ကျိုက်ဒေးတမော့ဗရတ် (ကိုရင်လေး) သာသနာပြုကျောင်းတိုက်၊ မွန်ပိဋကတ်ကျောက်စာဝင်း၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အနယ်နယ်အရပ်ရပ်မှ ဆွေမျိုးမိတ်သင်္ဂဟဓမ္မမိတ်ဆွေအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/7674 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၉၆၁၂ ယာဉ်လက်ဝယ်ရှိသူ ဦးအောင် ၉/မခန(နိုင်)၁၈၆၀၁၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးဦးဖိုးမင်း(ခ)ဦးဘိုးမင်း အသက်(၇၀)**

**(ဒုတိယဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်လွှတ်တော်)**

ရခိုင်ပြည်နယ်လွှတ်တော်အတွက် အားကြိုးမာန်တက်ကြိုးစားလုပ်ဆောင်ခဲ့သော ဒုတိယဥက္ကဋ္ဌ ဦးဦးဖိုးမင်း(ခ)ဦးဘိုးမင်းသည် ၁၇-၆-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌ**
**မွန်ပြည်နယ်လွှတ်တော်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ငွေလှိုင် (ကျောက်ဖြူမြို့)**

**အသက်(၉၁)နှစ်**

ကျောက်ဖြူမြို့နေ၊ ကျောင်းအုပ်ဆရာကြီး(ဦးဖေရှင်)၏ဇနီး မမကြီး ဒေါ်ငွေလှိုင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**မောင်မောင်ဦးမင်းကြည်နှင့် သား၊ သမီး၊ မြေး၊ မြစ်တစ်စု**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်ငွေဦး**

**မြို့နယ်တရားသူကြီး(ငြိမ်း)အောင်ဆန်း(၇)**

**အသက်(၇၆)နှစ်**

အောင်ဆန်း(၇) တရားရေးအရာရှိသင်တန်းဆင်း သူငယ်ချင်း ဦးအောင်ငွေဦးသည် ၁၄-၆-၂၀၁၇ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်ဆန်း(၇)တရားရေးအရာရှိ**
**သင်တန်းဆင်းသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာ မျိုးမြင့်**

**ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်**

**ဒုတိယဝန်ကြီး(ငြိမ်း) (နိုင်ငံခြားရေး၊ ပညာရေး)**

ဦးဇေယျာမင်း (DIRECTOR OF OPERATION) GRAB MYANMAR LTD.- ဒေါ်နှင်းဝင့်ဇော်၊ မအိဖြူခင် (DIRECTOR OF MARKETING) NEGATIVE IMPACT COMPANY BOSTON, U.S.Aတို့၏ဦးလေး ဒေါက်တာမျိုးမြင့်သည် ၂၀-၆-၂၀၁၇ ရက်(အင်္ဂါနေ့) နံနက် ၇း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**GRAB MYANMAR LTD.**
**မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သီသီမြင့်**

**နည်းပြ၊ ဝါဏိဇ္ဇဗေဒဌာန**

**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

**အသက်(၂၉)နှစ်**

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ဝါဏိဇ္ဇဗေဒဌာနမှ ဒေါ်သီသီမြင့်(နည်းပြ)သည် ၁၉-၆-၂၀၁၇ရက် တနင်္လာနေ့ ညနေတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဝါဏိဇ္ဇဗေဒဌာနမိသားစု**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်တင်မိုးခိုင်(ခ) Marie Conway**

**အင်္ဂလိပ်ပိုင်းအစီအစဉ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဗိုလ်တေဇလမ်း၊ အမှတ် ၇၄၆နေ ဦးအောင်ကိုလတ်၏ဇနီး ဒေါ်တင်မိုးခိုင်သည် ၁၈-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည၇း၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းဟောင်းအသင်း**

## အထူးကျေးဇူးတင်ရှိခြင်း

**ဆရာဦးအေးထွန်း**

**Maritime Instructor MMEA/METC**

**(ပြည် G.T.I )**

**အသက် (၇၀)**

၁၀-၆-၂၀၁၇ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသော ဆရာဦးအေးထွန်း၏နာရေးကိစ္စအဝဝတွင် လိုအပ်သည်များကို အစမှအဆုံး ကူညီဆောင်ရွက်ပေးခဲ့ကြသော တောင်ကြီး T.H.S, ပြည် G.T.I, မော်လမြိုင် G.T.I, MMEA နှင့် METC မှ လုပ်ဖော်ကိုင်ဖက် ဆရာ ဆရာမများ၊ ချစ်တပည့်များ၊ ရပ်နီးရပ်ဝေးမှ လှူဖွယ်ဝတ္ထုအစုစုကို ပေးပို့လှူဒါန်းကြသော ချစ်တပည့်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ အထူးကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးဥပကာရတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမျိုးမြင့်
**Ph.D (Scotland, Edinburgh, UK)**
**ဥက္ကဋ္ဌ၊အမျိုးသားပညာရေးမူဝါဒကော်မရှင်**
**ဒုတိယဝန်ကြီး(ငြိမ်း) (နိုင်ငံခြားရေး၊ ပညာရေး)**
**အသက်(၆၄)နှစ်**

မြန်မာနိုင်ငံ၏ ပညာရေးလောက ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက် လုပ်ဆောင်နေစဉ် အခုလိုပညာရှင်ကြီးတစ်ဦး ဆုံးရှုံးသွားရသည့်အတွက် အထူးပင်ဝမ်းနည်းခြင်းဖြစ်ရပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမျိုးမြင့် Ph.D (Scotland, Edinburgh, UK)
**ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်**
**ဒုတိယဝန်ကြီး(ငြိမ်း) (နိုင်ငံခြားရေး၊ ပညာရေး)**
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဘွဲ့နှင်းသဘင်လမ်း၊ အမှတ် ၁နေ (ဦးတက်စ၊ ညွှန်ကြားရေးမှူး၊နိုင်ငံခြားရေးဝန်ကြီးဌာန-ဒေါ်ခင်မြင့်)တို့၏သား၊ (ဒေါ်ဝင့်ဝင့်ကြီး၊ ကထိက၊ ဆေး-၂)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာမျိုးမြင့် (ဒုတိယဝန်ကြီး၊ငြိမ်း) အသက်(၆၄)နှစ်သည် ၂၀-၆-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး(ငြိမ်း)များ (၂၀၁၁-၂၀၁၆)**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမျိုးမြင့်
**ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်**
**ဒုတိယဝန်ကြီး(ငြိမ်း)(နိုင်ငံခြားရေး၊ ပညာရေး)**
**အသက်(၆၄)နှစ်**

အမျိုးသားပညာရေးမူဝါဒကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့် (ဒုတိယဝန်ကြီး၊ ငြိမ်း) (နိုင်ငံခြားရေး၊ ပညာရေး)သည် ၂၀-၆-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ**
**ဆရာ/ဆရာမများနှင့် ဝန်ထမ်းမိသားစုများ**
**အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမျိုးမြင့် (ဥက္ကဋ္ဌ)
**အသက်(၆၇)နှစ်**
**အမျိုးသားပညာရေးမူဝါဒကော်မရှင်**
**ဒုတိယဝန်ကြီး(ငြိမ်း) (နိုင်ငံခြားရေး၊ ပညာရေး)**

ကျေးဇူးရှင်ဆရာကြီး မမျှော်လင့်ဘဲ သံသရာခရီး ထွက်ခွာသွားသည့် သတင်းကြားရသည့်အတွက် မဖော်ပြတတ်အောင် ဝမ်းနည်းတသ ယူကျုံးမရဖြစ်ရပါသည်။

ဆရာကြီး ကောင်းရာဘုံဘဝရောက်ပါစေ။

**ပါမောက္ခ(ဌာနမှူး)နှင့် ဆရာ၊ ဆရာမများ**
**အင်္ဂလိပ်စာဌာန၊ ထားဝယ်တက္ကသိုလ်**

---

## ဦးကျော်ငွေး(မြိတ်) အသက်(၆၁)နှစ်
**ဦးစီးအရာရှိ(ငြိမ်း)၊ ပြည်တွင်းအခွန်များဦးစီးဌာန**

မြိတ်မြို့၊ နောက်လယ်ရပ်၊ ၁၀လမ်းနေ(ဦးစိန်သန်း-ဒေါ်မြစိန်)တို့၏သား၊ တနင်္သာရီမြို့၊ ချောင်းကြီးရပ်၊ သုခလမ်းနေ ဦးကြိုင်သင်း-(ဒေါ်နှင်းမြ)တို့၏ သားသမက်၊ ဒေါ်ချိုချိုမြင့်၊ ဒေါ်အေးအေးပြုံး၊ ဦးကျော်မင်း၊ ဦးကျော်သူစိုးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်စံပြရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၈၆၊ ငါးလွှာ(B)နေ ဒေါ်သင်းသင်းရီ၏ခင်ပွန်း၊ မနီနီကျော်ငွေး (အင်္ဂလိပ်စာနည်းပြ၊ ဆေးတက္ကသိုလ်-၁)၊ မခင်ဇာခြည်ကျော်ငွေး၊ မသီရိကျော်ငွေးတို့၏ဖခင်သည် ၂၁-၆-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၃-၆-၂၀၁၇ရက်(သောကြာနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၁၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၆-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါ တာမွေမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်စန်းစန်းဝေ(ခ)
## ဒေါ်ပေါက်စ (ဥက္ကံမြို့)
**အသက်(၄၇)နှစ်**

ဥက္ကံမြို့နေ (ဦးဘဝေ-ဒေါ်ခင်စန်း)တို့၏သမီး၊ (ဦးခင်မောင်)-ဒေါ်တင်တင်အိတို့၏သမီးချွေးမ၊ သာကေတမြို့နယ်၊ အနော်မာအနောက်ရပ်ကွက်၊ အနော်မာ ၁လမ်း၊အမှတ်၄၂နေ ဦးကျော်ဝင်း-ဒေါ်ခင်ငွေး၊ ဒေါ်ယဉ်ယဉ်ဝေ (ဒါရိုက်တာ၊ နေနန်းသုခဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)တို့၏ ညီမ၊ ကိုအောင်ကျော်စိုး-မခင်မာချို၊ ကိုသက်နိုင်-မသီတာတို့၏အစ်မ၊ ဦးမျိုးမြင့်၏ ချစ်လှစွာသောဇနီး၊ မောင်ဖြိုးငြိမ်းကျော်-မမေသူဝင်း၊ မောင်ကျော်ဇင်သန့်တို့၏မိခင်၊ မနှင်းဦးဝေ၏အဘွား၊ တူ၊ တူမ ခုနစ်ယောက်တို့၏ အဒေါ်သည် ၂၂-၆-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၃နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၆-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်နီနီခိုင်
**အသက်(၆၄)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်နေ (ဦးဉာဏ်ရှိန်-ဒေါ်ပန်း)တို့၏တစ်ဦးတည်းသောသမီး၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်၊ သီတာ(၁)လမ်း၊ အမှတ် ၄၀နေ(ဦးကျော်ဝင်းဇော်)၏ဇနီး၊ ဦးအောင်ဇော်ဦး(Chairman-Aung Naing Thitsar Group of Companies) - ဒေါ်ခိုင်သဇင်စိုး(Managing Director-Aung Naing Thitsar Manufacturing Co.,Ltd.)၊ ဦးအောင်ဇော်လတ် (Director-Aung Naing Thitsar Group of Companies) - ဒေါ်သင်းသင်းလှိုင်၊ မအေးချမ်းမြေ့တို့၏ ကျေးဇူးရှင်မိခင်၊ မနှင်းဆီဦး၊ မောင်ဝေယံဦး၊ မအင်ကြင်းခိုင်၊ မအေးမြရွှေစင်၊ မဆုမြတ်သီရိလှိုင်တို့၏အဘွားသည် ၂၂-၆-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၁၇ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်မြင့်မြတ်ငြိမ်း(ခ)ဒေါ်ငြိမ်းမြ (ကျိုက်လတ်)
**အသက်(၈၀)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၇လမ်း၊အမှတ်(၂၇/၃၀)နေ ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်) နာယက ဦးတင်မြ၏ဇနီးသည် ၂၁-၆-၂၀၁၇ရက် နံနက် ၃း၅၅နာရီတွင် ဗဟိုရ်ရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်ခင်မင်း (Minnie Ba Hnan)
**(B.A,B.Ed) အထက်တန်းပြ(ငြိမ်း)**
**အလက(၃)ဗဟန်း၊ အထက(၁)မြောက်ဥက္ကလာပ၊ အထက(၁)ဒဂုံ**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ မြစပါယ်လမ်း၊အမှတ် ၃နေ (အရေးပိုင်မင်း ဦးဘနှံ-ဒေါ်ခင်ခင်)တို့၏သမီး၊ တရားရေးနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း(ဒေါက်တာဦးဧမောင်-ဒေါ်ခင်နု)တို့၏သမီးချွေးမ၊ (ဝတ်လုံတော်ရ ဦးပြည်စိုး)၏ဇနီး၊ ဦးနိုင်မင်းစိုး-ဒေါ်ဥမ္မာစိုး၊ ဒေါ်ခင်စန္ဒာစိုး-ဦးချစ်ကောင်း၊ ဒေါက်တာမိုးမင်းစိုး(ပါမောက္ခ၊ ဘူမိဗေဒဌာန၊ မအူပင်တက္ကသိုလ်)-ဒေါ်ခင်အိထက်မွန်၊ ဦးဖြိုးမင်းစိုး-ဒေါ်သန္တာညွန့်တို့၏မိခင်၊ မခန့်ကေဇင်မိုး (Grade-X, TTC)၊ မယွန်းမြတ်ဝတီမိုး(Grade -VIII, TTC)တို့၏အဘွားသည် ၂၂-၆-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၂း၅၅နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၆-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ကျောင်း ဒါယကာကြီး**
## ဦးအောင်တင့်
**အသက်(၈၀)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ ထန်းတပင်လမ်း၊ အမှတ် ၂၃၊ ရွှေထန်းပင်ကွန်ဒို(5-D)နေ (နိုင်ငံတော်တရားလွှတ်တော် တရားဝန်ကြီးချုပ် ဦးကွန်းဖြူ - ဒေါ်တင်တင်)တို့၏ သား၊ (အငြိမ်းစားထောင်ပိုင်ဝန် ဦးဘထွန်း - ဒေါ်လှရွှေ)တို့၏ သားသမက်၊ ဒေါ်မိုးရွှေဝါ၏ခင်ပွန်း၊ ဦးအောင်မျိုးသက်၊ ဦးသိန်းထိုက်အောင်-ဒေါ်စိုးစိုးထွေး၊ ဦးမိုးဇော်ကို-ဒေါ်ဝတ်ရည်အောင်၊ ဦးမင်းကြည်ဦး-ဒေါ်ပွင့်ဦးအောင်(ခေတ္တ-U.S.A)၊ မဆုစန္ဒာတင့်(တ-နှစ်၊ Eng)တို့၏ ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၁-၆-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၇ရက်တွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်မိမိတင်သိန်း(ခ)မိုးမိုး
**မန်နေဂျာ(မဟာထွန်းရပ်ရှင်)**
**ရန်ကုန်မြို့**
**အသက်(၄၄)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ် ၄၁၅၊ ပထမထပ်(ဝဲ)နေ (ဦးတင်သိန်း၊ ကျန်းမာရေးမှူး - ဒေါ်ခင်သိန်း)တို့၏သမီး၊ ဒေါ်သန္တာတင်သိန်း-ဦးညွန့်ဝင်း၊ဦးမင်းခိုင်-ဒေါ်မြငွေ၊ ဒေါ်သီတာတင်သိန်း၊ ဦးမျိုးခန့်-ဒေါ်အေမီမီကျော်တို့၏ ညီမ၊ ကိုကျော်ပြည့်လင်း - မမေရီတင်သိန်း၊ မသီရိတင်သိန်းတို့၏ အစ်မသည် ၂၀-၆-၂၀၁၇ရက်(အင်္ဂါနေ့)ည ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၆-၂၀၁၇ရက် ညနေ ၃နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၆-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကိုအောင်အောင် (ပဲခူး)
**အသက်(၄၀)**

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ အုန်းခြံလမ်းသစ်နေ ဦးလှသန်းဝင်း(လယ်ပြု/ငြိမ်း)-ဒေါ်သိန်းနွယ်(မူအုပ်/ငြိမ်း)တို့၏သား၊ ကဝမြို့နယ်၊ ကန်ညီနောင်ကျေးရွာနေ ဦးအောင်ငြိမ်း-ဒေါ်တင်ရွှေတို့၏သားသမက်၊ ကိုစိုးဝင်းထွန်း-မချောရူပါတို့၏မောင်၊ကိုအာကာဟိန်း-မယဉ်မေသန်း၊ ကိုဇေယျာဝင်း-မသဥ္ဇာလွင်တို့၏အစ်ကို၊ မမြမြမိုး၏ ချစ်လှစွာသောခင်ပွန်းသည် ၂၁-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၆-၂၀၁၇ရက် (အင်္ဂါနေ့)တွင် အုန်းခြံလမ်းသစ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်ထူး (ကွမ်းခြံကုန်း)
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၂ ရပ်ကွက်၊ အေးရတနာလမ်း၊ အမှတ် ၂၄၇(က)နေ (ဦးရာမ-ဒေါ်လှသင်)တို့၏သား၊ (ဦးလှမြင့်-ဒေါ်စန်းယဉ်)တို့၏သားသမက်၊ ဒေါ်ငွေငွေအောင်၏ခင်ပွန်း၊ ဦးမြင့်ဦးသစ်-ဒေါ်မြကြင်တို့၏ညီ/မောင်၊ ဦးမြင့်အေး-ဒေါ်သန်းကြင်၊ ဦးမြင့်သိန်း-ဒေါ်စီစီ၊ ဦးမြင့်ဝင်း-ဒေါ်သန်းသန်းမြင့်၊ ဦးမြင့်ခင်-ဒေါ်ခင်နွယ်အေး၊ ဦးမြင့်လွင်-ဒေါ်ကြည်ကြည်ဦး၊ ဦးစိုးဝင်းအောင်-ဒေါ်မြင့်မြင့်ထွေးတို့၏အစ်ကို၊ ကိုဇော်မိုး-မရည်မွန်ခိုင်၊ ကိုဟန်မိုး-မတင်နွဲ့ရီတို့၏ဖခင်၊ မောင်ကောင်းဇော်ထူး၊ မောင်နေဇော်ထူးတို့၏အဘိုးသည် ၂၁-၆-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ည ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၇ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးလှဝင်း(ခ)ပဝင်း
**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ ၉၁လမ်း၊ အမှတ် ၁၀၆ (ငါးလွှာA)နေ (ဦးထွန်းလှိုင်-ဒေါ်ကုလားမညွန့်)တို့၏သား၊ (ဦးဘအေး-ဒေါ်ရင်ရွှေ)တို့၏သားသမက်၊ ဒေါ်ရင်ထွေး(ခ)ခင်ထွေး၏ခင်ပွန်း၊ မောင်ဘုန်းမြတ်ဝင်း၏ဖခင်သည် ၂၁-၆-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၅း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် မွန်ပြည်နယ်၊ ကျိုက်မရောမြို့မသုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၆-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် ကျိုက်မရောမြို့နယ်၊ ရှင်စောပု၊ (၃)ရပ်ကွက်၊ ရတနာလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးနေအောင်ဝင်း
**Dongbu Engineering (ငြိမ်း)**
**အသက်(၄၇)နှစ်**

ရန်ကုန်မြို့နေ ဦးလှဝင်း (နိုင်ငံခြားရေး)-ဒေါ်သောင်းသောင်းတို့၏ချစ်လှစွာသောသား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ အဝေရာလမ်း၊ အမှတ်၃၀နေ ဒေါ်ဝင်းမင်းစိုး၏ခင်ပွန်း၊ မောင် Mickey, Ben Ben တို့၏ချစ်လှစွာသောဖခင်၊ ဦးသန်းထွန်းဝင်း(နိုင်ငံခြားရေး) - ဒေါ်သန္တာခိုင်(Archetype Myanmar)တို့၏ညီ/မောင်၊ ဒေါ်စန္ဒာဝင်း - Diljo Thalyan တို့၏ အစ်ကိုသည် ၂၂-၆-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၅း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၁၇ရက်(စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။(ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ ရှောက်ပင်ခြံရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၆၊ ဒုတိယထပ်နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်တင့်
**သူရဲသမိန်-ညောင်လေးပင်**
**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ် ၃လမ်း၊ အပိုင်း(၅)၊ အမှတ် ၇၀၅(A)နေ (ဦးပန်း)၏ဇနီး၊ ဦးခင်မောင်ဦး(အရာခံဗိုလ်၊ ငြိမ်း)-ဒေါ်ခင်ယုလွင်၊ ဦးဇော်ဝင်း (ဒုအရာခံဗိုလ်၊ ငြိမ်း) (K.T.T. Co.,Ltd.)-ဒေါ်စန်းစန်းဦး၊[ဦးခင်မောင်ဝင်း၊ နိုင်ငံခြားရေးရုံး)-ဒေါ်ရင်ရင်ရွှေ၊ ဦးညွန့်ဝေ (ဒုညွှန်မှူး၊ ငြိမ်း)-ဒေါ်စိုးစိုးအောင်၊ ဦးခင်စိုး-ဒေါ်စန်းစန်းယု(ခေတ္တ-စင်ကာပူ)တို့၏ မိခင်၊ မြေး ၁၆ယောက်၊ မြစ် ခြောက်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၂-၆-၂၀၁၇ရက် မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၁၇ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၆-၂၀၁၇ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ ကျောက်ကုန်းမေဒိနီကျောင်း၊ ရန်ကင်းမြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်တင်လှ (လောင်းလုံး)
**အငြိမ်းစားကျောင်းအုပ်ဆရာမကြီး**
**အသက်(၉၄)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့၊အမှတ် ၈၆၊ မြို့မလမ်း၊(စ)ရပ်ကွက်နေ (ဦးအုန်းတင်)၏ဇနီး၊ ဦးတင်ရွှေ(ခ) ဦးနန္ဒိယ-ဒေါ်စန်းတင့်၊ ဦးတိုက်တိုး-ဒေါ်သောင်းစိန်တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွား၊ မြစ်တစ်ယောက်၏ ဘွားဘွားကြီးသည် ၂၂-၆-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် လောင်းလုံးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်သိန်းရွှေ(ခ)ဖီးနာနတ်
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ ဗိုလ်စောနောင်လမ်း၊ အမှတ် ၆၁၇နေ (ဆရာကြီး ဦးအောင်သန်းကျော်)၏ဇနီး၊ ဦးဝင်းကြည်(ခ)ဦးဝင်းမြင့်၊ ဒေါ်နန့်စန်းဦး၊ ဒေါ်နန့်မေသန့်စင်၊ ဒေါ်နန့်သီဂီသန်း၊ ဒေါ်နန့်မာလာသန်းတို့၏မိခင်၊ နန့်ချိုမြတ်မွန်၏အဒေါ်သည် ၂၀-၆-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၆-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး**
## ဆရာမဒေါ်ချိုချို
**(အလပြ၊ ငြိမ်း)၊ အမက(ပိန္နဲကုန်း)**
**အမက(၂၇)မ/ဥက္ကလာပ၊**
**အမက(၈)တ/ဥက္ကလာပ**
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ် (၄၂၀-ခ)နေ (ဦးအုန်းရွှေ)-ဒေါ်သောင်းကြည်တို့၏ချစ်လှစွာသောသမီး၊(ဦးထွန်းရွှေ) - ဒေါ်သောင်းရီတို့၏တူမ၊ ဒေါ်လှဲ့လှဲ့ဝင်း(အမက-၁၊ တ/ဥ)၊ ဦးမောင်သောင်း၊ ဦးသောင်းဆွေ (အထက-၅၊ တာမွေ)၊ ဒေါ်ဥမ္မာ(အထက-၁၊တ/ဥ)၊ ဦးသန်းကျော် - ဒေါ်နီလာ (နေရည်ခေါင်းအုံး+မွေ့ရာဆိုင်)၊ ဦးအောင်အောင်၊ ဒေါ်စိုးစိုးကြည်တို့၏အစ်မ၊ ဒေါက်တာနေရည်ထူး၊ မောင်ရှိန်းမင်းဇော်တို့၏ကြီးကြီးသည် ၂၁-၆-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၀၀း၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၇ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၆-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တဉာဏမဥ္ဇူ (ဦးပွား)
**(ဥယျာဉ်ပြင်ကျောင်းသစ်)**
**သက်တော်(၆၅)နှစ်၊ သိက္ခာတော်(၄၅)ဝါ**

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဥယျာဉ်ပြင်ကျေးရွာ၊ ဥယျာဉ်ပြင်ကျောင်းသစ်ဆရာတော် ဘဒ္ဒန္တဉာဏမဥ္ဇူ (ဦးပွား)သည် (၁၃၇၉ခုနှစ် နယုန်လပြည့်ကျော် ၇ရက်) ည ၉း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၉ခုနှစ် ဝါဆိုလဆန်း ၃ရက်)တွင် ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ သီတင်းသုံးဖော်များ၊ ဆွေတော်မျိုးတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ
သံတွဲမြို့

---

## ဦးတင်ညွန့်
**(ရေအားလျှပ်စစ်ဌာန၊ ငြိမ်း)**
**အသက်(၇၈)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ လမ်း ၆၀၊ အမှတ် ၁၂နေ ဒေါ်နု၏ခင်ပွန်း၊ ဒေါ်ခင်စန်းရီ၊ ဦးမြင့်စိုး-ဒေါ်ပန်းရနံ့ခင်၊ ဦးစန်းဝေ(ဒုညွှန်ချုပ်၊ ရေအားလျှပ်စစ်)-ဒေါ်ခင်စန်းကြည်၊ ဦးခင်မောင်စိုး-ဒေါ်နော်ဝင်းနီ၊ ဒေါ်စံပယ်(ရေအားလျှပ်စစ်)တို့၏ဖခင်၊ မြေး ရှစ်ယောက်တို့၏ အဘိုးသည် ၂၁-၆-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ည ၈း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၆-၂၀၁၇ရက် (သောကြာနေ့) နံနက် ၉း၃၀နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ညွန့် (ရေအားလျှပ်စစ်ဌာန၊ ငြိမ်း)
**အသက်(၇၈)နှစ်**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းဝေ-ဒေါ်ခင်စန်းကြည်တို့၏ဖခင်ကြီး ဦးတင်ညွန့် (ရေအားလျှပ်စစ်ဌာန၊ ငြိမ်း) အသက်(၇၈)နှစ်သည် ၂၁-၆-၂၀၁၇ရက် ည ၈း၂၀နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမော်သာထွေး**
**(ဒုတိယဝန်ကြီး၊ ငြိမ်း)၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့်**
**ဇနီး ဒေါ်ခင်ခင်ကြီး**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ညွန့် (ရေအားလျှပ်စစ်ဌာန၊ ငြိမ်း)
**အသက်(၇၈)နှစ်**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းဝေ-ဒေါ်ခင်စန်းကြည်တို့၏ဖခင်ကြီး ဦးတင်ညွန့် (ရေအားလျှပ်စစ်ဌာန-ငြိမ်း) အသက်(၇၈)နှစ်သည် ၂၁-၆-၂၀၁၇ရက် ည ၈း၂၀နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/အမှုထမ်းများ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

---

## ဒေါ်နီနီစိုး (ရေးမြို့)
**အသက်(၅၆)နှစ်**

ရေးမြို့၊ ရန်ကြီးအောင်ရပ်၊ ဒူးယားလမ်း၊ အမှတ်(၈)နှင့် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ ရတနာသီရိအိမ်ရာ၊ အမှတ် ၆နေ(ဦးတင်စိုး)-ဒေါ်ကြင်လွမ်တို့၏ချစ်လှစွာသောသမီး၊ ရန်ကုန်မြို့နေ [ဦးဘဝမ်း (မြို့နယ်ပညာရေးမှူး၊ ငြိမ်း၊ အလုံမြို့နယ်)-ဒေါ်သန်းသန်းဝေ ]တို့၏သမီးချွေးမ၊ (ဦးမိုးကျော်)၏ချစ်လှစွာသောဇနီး၊ ကိုမင်းဇော်ဦး-မယမင်းသန္တာကျော်(CB Bank, ရွှေဂုံတိုင်)၊ မောင်ကျော်သူလွင်-မခိုင်နီလာကျော်၊ မောင်ပြည့်စုံခိုင်-မအိတင်ဇာကျော်တို့၏ချစ်လှစွာသောမိခင်၊ ညွန့်းကြယ်စင်ဦး၊ ရွှေဝန်းရံ၊ ဂျူးဂျူးတို့၏ ဘွားဘွားကြီးသည် ၂၂-၆-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၃း၃၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၆-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်နီနီစိုး (ရေးမြို့)
**အသက်(၅၆)နှစ်**

ရေးမြို့၊ ရန်ကြီးအောင်ရပ်၊ ဒူးယားလမ်း၊ အမှတ်(၈)နှင့် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ ရတနာသီရိအိမ်ရာ၊ အမှတ် ၆နေ(ဦးတင်စိုး)-ဒေါ်ကြင်လွမ်တို့၏ချစ်လှစွာသောသမီး၊ ရန်ကုန်မြို့နေ [ဦးဘဝမ်း (မြို့နယ်ပညာရေးမှူး၊ ငြိမ်း၊ အလုံမြို့နယ်)-ဒေါ်သန်းသန်းဝေ ]တို့၏သမီးချွေးမ၊ (ဦးမိုးကျော်)၏ချစ်လှစွာသောဇနီး၊ ဦးမြင့်စိုး-ဒေါ်အေးမိခိုင်တို့၏ညီမ၊ ဒေါ်ဝါဝါစိုး၊ ဦးဝင်းမြင့်သန်း-ဒေါ်ဖြူဖြူစိုး၊ဦးလှစိုးနိုင်-ဒေါ်အေးအေးအောင်၊ ဦးသိန်းသန်းစိုး၊ ဒေါက်တာရဲတင့်ထွန်း(ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန)-ဒေါက်တာငွေငွေစိုး၊ ဦးမြစိုး(Rainbow လျှပ်စစ်၊ ရေးမြို့)-ဒေါ်ချိုချိုနေဝင်း၊ မလင်းလင်းစိုးတို့၏အစ်မသည် ၂၂-၆-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၃း၃၅နာရီတွင် SSC ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၂၄-၆-၂၀၁၇ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၆-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကျော်မောင်မောင်ထိုက်
**အသက်(၃၄)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အပိုင်း(၁၃)၊တိုက်အမှတ် ၁၃(လေးလွှာ/အေ)နေ(ဦးမြင့်သိန်း)-ဒေါ်ညွန့်ညွန့်ဝေတို့၏သားသမက်၊ မမဥ္ဇူသာ၏ဖခင်၊ ဒေါ်အိအိပြုံး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇေယျ-ဒေါ်နန်းမေဝင်းတို့၏ညီ/မောင်သည် ၂၁-၆-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၅၀နာရီတွင် သင်္ဃန်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၃-၆-၂၀၁၇ရက်(သောကြာနေ့)ညနေ ၅နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၆-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



# ဇွန် ၃၀ ရက်တွင်ကျင်းပမည့် MMA ပြိုင်ပွဲ တွဲဆိုင်းများထွက်ပေါ်

## အဓိကတွဲဆိုင်းအဖြစ် အောင်လအန်ဆန်နှင့် ဗစ်တာလီဘစ်ဒက်ရှ်တို့ ယှဉ်ပြိုင်ထိုးသတ်မည်

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - ဖိုးသော်ဇင်**

**ရန်ကုန် ဇွန် ၂၂**

ရန်ကုန်မြို့၌ ဇွန် ၃၀ရက်တွင် ကျင်းပမည့် ဘက်စုံကိုယ်ခံပညာသုံး (MMA)ပြိုင်ပွဲ တွဲဆိုင်းများထွက်ပေါ်လာပြီ ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အဓိကတွဲဆိုင်းအဖြစ် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲ ကျင်းပမည်ဖြစ်ပြီး အောင်လအန်ဆန်(မြန်မာ)နှင့် ဗစ်တာလီဘစ်ဒက်ရှ်(ရုရှား)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

၂၀၁၇ခုနှစ်အတွက် ပထမဆုံးအကြိမ် ကျင်းပမည့် MMA ပြိုင်ပွဲတွင် တွဲဆိုင်း ၁၁ ဆိုင်းပွဲပါဝင်မည်ဖြစ်ပြီး မြန်မာကစားသမားများ၏ တွဲဆိုင်းများ အများဆုံးပါဝင်မည် ဖြစ်သည်။ အောင်လအန်ဆန်နှင့် ဗစ်တာလီဘစ်ဒက်ရှ်တို့၏ ကမ္ဘာ့ချန်ပီယံလုပွဲမှာ အောင်လအန်ဆန်အတွက် စိတ်မကျေပွဲဖြစ်ပြီး ပထမအကြိမ် ကမ္ဘာ့ချန်ပီယံလုပွဲကို ဇန်နဝါရီလ ဒုတိယပတ်က အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပရာ အောင်လအန်ဆန်မှာ အမှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ အောင်လအန်ဆန်သည် မူလက ယင်းပြိုင်ပွဲတွင် ထိုးသတ်ရန် အစီအစဉ်မရှိသော်လည်း ဘစ်ဒက်ရှ်နှင့် ထိုးသတ်ရန် စီစဉ်ထားသည့် ပြိုင်ဘက်ကစားသမားမှာ နုတ်ထွက်သွားသောကြောင့် အစားထိုးယှဉ်ပြိုင်ခဲ့ရပြီး လုံလောက်သည့် ပြင်ဆင်ချိန်မရသောကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ယခုအကြိမ်အတွက် အောင်လအန်ဆန်သည် အချိန်ယူကာလေ့ကျင့်ပြင်ဆင်ထားပြီး ကစားသမားဘဝ ပထမဆုံး ကမ္ဘာ့ချန်ပီယံဖြစ်ရန် ကြိုးပမ်းလျက်ရှိသည်။

*စာမျက်နှာ ၅ ကော်လံ ၅* ❀

## မှတ်ပုံတင်ခြင်းမရှိသည့် ဆင်းကတ်များအား ဇူလိုင် ၁ ရက်မှ စတင်၍ အပြီးသတ်ပိတ်သိမ်းသွားမည်ဟု နှိုးဆော်ထား

**နေပြည်တော် ဇွန် ၂၂**

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် သုံးစွဲသူပြည်သူများအနေဖြင့် မိမိတို့ အသုံးပြုလျက်ရှိသည့် ဆင်းကတ်များအား ၂၀၁၇ ခုနှစ် မတ် ၃၁ ရက် နောက်ဆုံးထား၍ မှတ်ပုံတင်ခြင်းဆောင်ရွက်သွားရန်နှင့် မှတ်ပုံတင်ခြင်း မရှိသည့် ဆင်းကတ်များအား ယာယီပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာခဲ့ပြီးဖြစ်သည်။

၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်အထိ မှတ်ပုံတင်ခြင်းမရှိသည့် ဆင်းကတ်များအား ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက်မှစတင်၍ အပြီးသတ်ပိတ်သိမ်းသွားမည်ဖြစ်ပါသဖြင့် သုံးစွဲသူပြည်သူများအနေဖြင့် မှတ်ပုံတင်ရန်ကျန်ရှိသည့် ဆင်းကတ်များအား အချိန်မီ စနစ်တကျမှတ်ပုံတင်ရေး ဆောင်ရွက်သွားကြရန် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက အသိပေးနှိုးဆော်ကြေညာထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

### ဒလမြို့နယ်အတွင်း စာရင်းကောက်ယူမှုအရ ကျူးတစ်သောင်းကျော်ခန့်ရှိပြီး ထပ်မံကျူးကျော်နေထိုင်သူများ တိုးပွားလာနေ

စာမျက်နှာ - ၁၁

### ကလေးငယ်သုံးဦးကို သေဆုံးအောင်ပြုလုပ်ခဲ့သူ ပယောဂဆရာဆိုသူအား မသေမချင်း ကြိုးကွင်းစွပ်သတ်စေရန်နှင့် ထောင်ဒဏ်ခုနစ်နှစ် သီးခြားကျခံစေရန် အမိန့်ချမှတ်

စာမျက်နှာ - ၁၂

### ပြင်ဦးလွင်၌ ဗုံးဟောင်းတစ်လုံးပေါက်ကွဲ၊ နှစ်ဦးသေဆုံး

စာမျက်နှာ - ၁၃

# ချင်းတွင်းမြစ်ရေ နှစ်ရက်အတွင်း ၈၅ စင်တီမီတာခန့် မြင့်တက်

**မျိုးဝင်းထွန်း(မုံရွာ)**

**မုံရွာ ဇွန် ၂၂**

ချင်းတွင်းမြစ်အထက်ပိုင်းဒေသများ၌ ရက်ဆက်မိုးရွာသွန်းမှုများ ရှိနေသောကြောင့် ချင်းတွင်းမြစ်ရေ အနည်းငယ်မြင့်တက်လာရာ နှစ်ရက်အတွင်း ၈၅ စင်တီမီတာခန့် တက်လာကြောင်း မုံရွာမြို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရုံး၏ မှတ်တမ်းများအရ သိရသည်။

"ချင်းတွင်းမြစ်ရေက အရင်လပိုင်းကစပြီး တက်လိုက်၊ ကျလိုက်ဖြစ်နေရာကနေ အခုလ ၂၀ ရက်ကစပြီး အတက်ဘက်ကိုပဲ ဦးတည်နေတာ တွေ့ရပါတယ်။ ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက် စတဲ့နေရာတွေမှာ နေ့စဉ်မိုးရွာနေတဲ့ အကြောင်း ဒေသဆိုင်ရာ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရုံးမှ တာဝန်ရှိသူတွေရဲ့နေ့စဉ်ပေးပို့တဲ့ မိုးရေချိန်မှတ်တမ်းတွေမှာ တွေ့ရပါတယ်"ဟု မုံရွာ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရုံးမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

မုံရွာ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မှတ်တမ်းများအရ ဇွန် ၂၀ ရက်က ခန္တီးမြို့၌ တိုင်းထွာရရှိသော မြစ်ရေအခြေအနေမှာ ၆၇၀ စင်တီမီတာမှ ဇွန် ၂၂ ရက် နံနက် ၆ နာရီတွင် ၇၅၅ စင်တီမီတာသို့ တက်လာကာ ၂၅၈ စင်တီမီတာရှိသော ဟုမ္မလင်း၌ ဇွန် ၂၂ ရက်တွင် ၂၆၆၀ စင်တီမီတာသို့ တက်လာသည်။ ဇွန် ၂၀ ရက်က ၉၇၀ စင်တီမီတာရှိသော ဖောင်းပြင်မြို့၌ ဇွန် ၂၂ ရက်တွင် ၁၀၁၀ စင်တီမီတာထိ တက်လာပြီး ၈၅၆ စင်တီမီတာရှိသော မော်လိုက်မြို့၌ ဇွန်၂၂ ရက်တွင် ၈၆၆ စင်တီမီတာသို့ တက်ခဲ့ပြီး ကလေးဝမြို့၌

*စာမျက်နှာ ၅ ကော်လံ ၅* ❄



ချင်းတွင်းမြစ်အတွင်း ပြေးဆွဲနေသည့် ရေယာဉ်များကို တွေ့ရစဉ်

